www.burmeseclassi.com



www.burmeseclassi.com

# ခုနစ်လွှာမျက်နှာရှင်

## စိတြာအဂ္ဂ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassi.com

# အခန်း (၁)

အထိနာသူ

မြေအောက်မှအလောင်း

မုံနီရှင်မ

www.burmeseclassic.com

www.burmeseclassi.com



## အခန်း (၁)

## အထိနာသူ

တစ်နေ့သ၌ . . .

ကျွန်ုပ်သည် ရန်ကုန်မြို့လယ်ကောင် (၃၁) လမ်းရှိ ခုနစ်စဉ်ကြယ်စာပေတိုက်မှ ထုတ်ဝေသူ ဦးအောင်စိုးထံ ဝတ္ထုစာမူသွားရောက်အပ်နှံပြီးနောက် လွှတ္တလမ်း (ယခု ဆိပ်ကမ်းသာလမ်း) ဘက်သို့ စိတ်အေးလက်အေးဖြင့် လှမ်းလျှောက်ခဲ့ကာ . . .

လွှတ္တလမ်းအလယ်ဘလောက်ရှိ ကျွန်ုပ်၏မိတ်ဆွေလေး အိုင်အိုချစ်သွေးနေထိုင်ရာ တိုက်ခန်းဆီ တက်ရောက်ခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassi.com



အိုင်အိုချစ်သွေးမှာ ထူးဆန်းလှသော လူသတ်မှုအမှုတွဲကြီးကို ကြိုးစားပမ်းစား ဖော်ထုတ်ခဲ့ရပြီးနောက် အလုပ်မှ ခွင့်ရက်ရှည်ယူကာ အနားယူလျက်ရှိသဖြင့် ကျွန်ုပ်လည်း ခရီးကြုံလမ်းကြုံအဖြစ် သူ့ထံဝင်ရောက်လည်ပတ်ခြင်း ဖြစ်ပေသည်။

**မှတ်ချက်။** ။အဆိုပါ ထူးဆန်းသော လူသတ်မှု အမှုတွဲကြီးကို အိုင်အိုချစ်သွေး ကြိုးစားဖော်ထုတ်ခဲ့ပုံအား **'လေးပွင့်ဖူးစာ'** ဟူသည့် လုံးချင်းဝတ္ထုစာအုပ်တွင် ကျွန်ုပ် တင်ပြခဲ့ပြီးဖြစ်ပါသည်။

ဤသို့ဖြင့် . . .

လွစ္စလမ်းအလယ်ဘလောက် တတိယထပ်ရှိ တိုက်ခန်းထဲဝယ် ကျွန်ုပ်နှင့် အိုင်အိုချစ်သွေးတို့သည် ရောက်တတ်ရာရာတို့ကို စိတ်အေးလက်အေးဖြင့် စကားစမြည်ပြောလျက်ရှိစဉ် . . .

လှေကားမှ တစ်စုံတစ်ဦးတက်လာသည့်ခြေသံကြားရပြီး





မကြာမီမှာပင် တံခါးခေါက်သံကြားရလေရာ အစေခံကလေး စိုးဝင်း(ခ)တာတီးက တံခါးသွားရောက်ဖွင့်ပေးလေသည်။

မကြာမီ . . .

ညှော်ခန်းတံခါးဝ၌ တစ်ခေါင်းလုံး ဆံပင်တို့ဖွေးဖွေးဖြူနေသည့် အသက် (၄၅) နှစ်ခန့်ရှိ လူရွယ်တစ်ဦးကို တွေ့ရလေ၏။

ထိုသူသည် တစ်ခေါင်းလုံး ဖြူဖွေးနေသည့်ကြားထဲ အတန်တန် ထိုးကုတ်ဖွထားဟန်ဖြင့် ဆံပင်တို့ ပွရောင်းထွေးရှုပ်နေပြီး မျက်နှာသွင်ပြင်ကလည်း လောကကြီးကို နာကြည်းနေဟန် ရှိလေသည်။

"ဒါ ဒါ . . . စုံထောက်ကျော် အိုင်အိုချစ်သွေးရဲ့အခန်းဟုတ်ပါတယ်နော် မောင်ရင်"

"ဟုတ်ပါတယ်ခင်ဗျာ"

"ကျွန်တော် စုံထောက်ကျော် အိုင်အိုချစ်သွေးနဲ့ တွေ့ချင်လို့ပါ"

"ဟုတ်ကဲ့ . . . ဆရာရှိပါတယ်၊ ကြွပါ"

အစေခံကလေး တာတီးသည် ခေါင်းဖြူကြီးကို ညှော်ခန်း



www.burmeseclassic.com

www.burmeseclassi.com



ထဲသို့ ဝင်စေပြီး ကျွန်ုပ်တို့ထိုင်နေရာ ကျွန်းဆက်တီခုံများဆီ ခေါ်လာလေ၏။

"ထိုင်ပါခင်ဗျာ၊ အိုင်အိုချစ်သွေးဆိုတာ ကျွန်တော်ပါပဲ၊ ဘာကိစ္စများ ရှိလို့ပါလိမ့်"

ခေါင်းဖြူကြီးမှာ ဆက်တီခုံတစ်လုံးတွင် ခပ်ရှို့ရှို့ဝင်ထိုင်ရင်း အိုင်အိုချစ်သွေးကို သေချာမော့ကြည့်လိုက်ရာ သူ၏မျက်လုံးများထဲတွင် အားကိုးလိုခြင်းအရိပ်အယောင်တို့ကို တွေ့လိုက်ရလေသည်။

"ဆရာချစ်သွေးရဲ့ စွန့်စားခန်းတွေကို ကဝိမျက်မှန်မဂ္ဂဇင်းမှာ ကျုပ် အမြဲဖတ်ရပါတယ် ခင်ဗျာ"

"ဟုတ်ကဲ့ . . . အဲဒါ . . . ဒီက ကျွန်တော့်ရဲ့ဆရာသမား စာရေးဆရာအဂ္ဂ ရေးတာတွေပါ"

ခေါင်းဖြူကြီးသည် ကျွန်ုပ်ဘက်သို့ တစ်ချက်လှည့်ကြည့်သော်လည်း ကျွန်ုပ်ကို စိတ်ဝင်စားပုံမပေါ်ချေ။

သူ၏အာရုံက အိုင်အိုချစ်သွေးထံမှာသာ အပြည့်အဝရောက်ရှိနေပုံရ၏။

"ဆရာချစ်သွေးရဲ့ မှုခင်းစွန့်စားထောက်လှမ်းပုံ၊ ဉာဏ်





ရည်ဉာဏ်သွေးထက်မြက်ပုံတွေကို ဖတ်ရလို့ ကျုပ်ရဲ့ကိစ္စမှာလည်း ကူညီနိုင်ကောင်းရဲ့လို့ မျှော်လင့်ပြီး မနည်းစုံစမ်းလာခဲ့ရတာပါ"

"ဩော် . . . ဟုတ်ကဲ့၊ နောင်ကြီးမှာ ဘယ်လိုပြဿနာများ ရှိလို့ပါလဲ"

"အင်း . . . ပြဿနာက"

ခေါင်းဖြူကြီးက သူ့ပြဿနာကို ပြောမည်ပြုပြီးမှ ကျွန်ုပ်ဘက်သို့ စောင်းငဲ့ကြည့်လိုက်ရင်း ချီတုံချတုံ ဖြစ်သွားပုံရလေ၏။

အိုင်အိုချစ်သွေးက ပြုံးလိုက်ပြီး . . .

"နောင်ကြီးရဲ့နာမည်နဲ့ တွေ့ကြုံရတဲ့ပြဿနာကို ပွင့်ပွင့်လင်းလင်းသာ ပြောပါခင်ဗျ၊ ဒီကဆရာဟာ ကျွန်တော့်ရဲ့အာစရိပါ၊ ကျွန်တော့်လိုပဲ ယုံကြည်ပြီး ပြောနိုင်ပါတယ်"

ဟု လမ်းကြောင်းပေးသည့်တိုင် ခေါင်းဖြူကြီးမှာ တွန့်ဆုတ်တွန့်ဆုတ် ဖြစ်နေဆဲပင် ဖြစ်ကာ . . .

"သူတို့လို စာရေးဆရာဆိုတဲ့လူတွေဟာ ကြောက်ရတယ်ဗျ၊ သူတို့က ဘာမဟုတ်တဲ့ကိစ္စလေးတွေကိုတောင်မှ စာမူတစ်ပုဒ်ရအောင်ဆိုပြီး ဗာရာဏသီချဲ့တတ်ပါဘိသနဲ့၊ ကျုပ်ရဲ့ကိစ္စ



www.burmeseclassic.com

www.burmeseclassi.com



ကလည်း အိမ်မြှောင်အမြီးပြတ်သလိုမို့ သူတို့ရဲ့ကလောင်ချက်မိပြီး အရှက်ထပ်ကွဲမှာ ပူရသေးသဗျို့”

ဟု ကျွန်ုပ်ကို အသားလွတ်ကြီး ခွပ်လိုက်လေ၏။

အိုင်အိုချစ်သွေးမှာ ခေါင်းဖြူကြီး၏စကားကို သဘောကျ ဟန်ဖြင့် တခစ်ခစ်ရယ်လျက်ရှိတော့သည်။

ကျွန်ုပ်သည်မူ အသားလွတ်ကြီး အဆော်ခံလိုက်ရသဖြင့် ကျွဲမြီးတိုသွားကာ ဘုကန့်လန့်စကား ပြောလိုက်မိတော့၏။

“ဒီမှာဗျ ခေါင်းဖြူကြီးရဲ့ . . . ကျုပ်တို့ စာရေးဆရာတွေ ဟာ ပိုက်ဆံရဖို့ချည်းသက်သက် စာရေးတယ် မထင်နဲ့၊ စိတ်ဝင် စားတဲ့အကြောင်းအရာကိုမှ ရေးတာဗျ။ ကျုပ်တို့ရဲ့ဘဝင်ကို လာ ထိခတ်မှ ရေးတတ်တာ . . . သိရဲ့လား”

“ဩော် . . . ခင်ဗျားက ကျုပ်ကို ခေါင်းဖြူကြီးလို့ ခေါ် လိုက်တယ်ပေါ့ . . . ဟုတ်လား၊ အဲဒီခေါင်းကြီးဖြူနေတာကြောင့် ပဲ ကျုပ်မှာ ခုလို ပြဿနာကြီးနဲ့ကြုံရပြီး မထွေးနိုင် မအန်ရက် ဖြစ်နေရတာဗျ။ ခေါင်းသာ ဒီလောက်မဖြူခဲ့ရင် အဲဒီလိုကြုံရမှာ မဟုတ်ဘူး”

“အင်း . . . စိတ်ဝင်စားစရာပဲဗျို့၊ ခေါင်းဖြူလို့ပဲ





ပြဿနာတက်ရတယ်လို့၊ ကဲ . . . ခင်ဗျားရဲ့ကိစ္စသာ ပြောမှာ ပြောပါဗျာ၊ ကျုပ်ကြောင့်တော့ ဝန်မလေးစေရပါဘူး”

ထိုအခါမှ ခေါင်းဖြူကြီးလည်း သူ့ပြဿနာကို တင်ပြ လေတော့၏။

❋

www.burmeseclassic.com

www.burmeseclassi.com

ခေါင်းဖြူကြီး၏အမည်မှာ ကိုသောင်းမြင့်ဖြစ်ပြီး သူသည် မော်လမြိုင်ကျွန်းဇာတိဖြစ်ကာ မော်ကျွန်းနှင့်တွံတေး ကူးချည် သန်းလှည့်လုပ်ရင်း ကုန်သွယ်ရာမှ အတော်အတန် ငွေကြေး ချောင်လည်ခဲ့သူဖြစ်၏။

အသက် (၄၀) ကျော်သည်အထိ လူပျိုကြီးဘ၀ဖြင့် စီးပွားရေးကို ဇောက်ချလုပ်ခဲ့ရာ မော်တော်တစ်စင်းကိုပင် ပိုင်လာခဲ့သူဖြစ်သည်။

သို့သော် တွံတေးသူ မငွေကျင်နှင့် အိမ်ထောင်ကျပြီးနောက်မှာမူ သူ၏ ဥစ္စာစီးပွားတို့သည် တစ်စ တစ်စ ယုတ်လျော့





လာရာ ယင်းသို့ဖြစ်ရသည်မှာလည်း သစ္စာမဲ့သော မငွေကျင်က သူ၏မျက်ကွယ်တွင် စပါးပွဲစား အေးကြူဆိုသူနှင့် ဖောက်ပြန်လျက်ရှိကာ သူမ၏ တိတ်တိတ်ပုန်းလင်ငယ် အေးကြူ လောင်းကစားမှုမျိုးစုံပြုလုပ်နိုင်ရန် ငွေကြေးတို့ကို ခိုးခိုးပေးနေ၍ဖြစ်ကြောင်း အစက ကိုသောင်းမြင့် မသိရှိ မရိပ်မိခဲ့ချေ။

နောင် . . . လူပြောသူပြောများလာပြီး သူ့မိန်းမ မျောက်မ,ထားကြောင်း သိရှိလာသည့်အချိန်တွင် ကိုသောင်းမြင့်မှာ ပင်လယ်စာများ အစားမှားကာ ပင်လယ်အူနာဖြစ်လျက် အိပ်ရာထဲ လဲခဲ့ရလေသည်။

သူ၏ရောဂါအခြေအနေမှာ ချက်ချင်းဆိုးရွားလာသောကြောင့် မော်တော်ဖြင့် ရန်ကုန်သို့ပို့ကာ ဆေးရုံကြီးသို့တင်ခဲ့ရလေ၏။

သူ ရန်ကုန်ဆေးရုံကြီးတွင် ရက်ပေါင်းနှစ်ဆယ်ခန့် တက်ရောက်ကုသခဲ့ရကာ . . . ရောဂါသက်သာပျောက်ကင်းပြီးနောက် တွံတေးသို့ပြန်လာသည့်အခါမှာမူ . . . သူ၏မော်တော်ရော သူ့မိန်းမကိုပါ မတွေ့ရတော့ချေ။

"ခင်ဗျား ဆေးရုံတက်နေတုန်းမှာပဲ ဆေးကုသစရိတ်



www.burmeseclassic.com

www.burmeseclassi.com



လိုလို့ဆိုပြီး ခင်ဗျားရဲ့မိန်းမက မော်တော်ကို ရောင်းလိုက်တယ်ဗျ၊ အဲဒီလို မော်တော်ရောင်းချပြီး နောက်နေ့မှာပဲ ခင်ဗျားရဲ့မိန်းမ မငွေကျင်ရော, အေးကြူဆိုတဲ့ ကြာကူလီကောင်ပါ ဒီတွံတေးက နေ ပျောက်ခြင်းမလှ ပျောက်သွားတော့တာပါပဲဗျာ''

ကြားရသောသတင်းဆိုးကြောင့် ကိုသောင်းမြင့်မှာ မခံမရပ်နိုင်လောက်အောင် ရင်ဆို့သွားရသည်။

နဂိုက အားနည်းလွန်းနေရသည့်အထဲ ဇနီးဖြစ်သူ၏ ဖောက်ပြန်ယုတ်မာမှုသတင်းနှင့် စီးပွားပျက်ရသည့်သတင်းတို့ကို မမျှော်လင့်ဘဲ ကြားရသည့်အခိုက်မှာပင် ...

ကိုသောင်းမြင့်မှာ စိတ်အထိခိုက်ကြီးထိခိုက်ကာ ချောက်ချားတုန်လှုပ်ခြင်း ကြီးမားပြင်းထန်စွာ ဖြစ်ရသောကြောင့် မတ်တတ်မှ ပစ်လဲကျကာ သတိလစ်သွားရသလို သူ၏ခေါင်းမွေးတို့သည်လည်း ထိုးထိုးထောင်ထောင်ဖြစ်လျက် ဖွေးဖွေးဖြူသွားရလေသည်။

ထို့နောက်မှာမူ ကိုသောင်းမြင့်မှာ အိမ်ထောင်ရေးလည်း ပျက်ပြား၊ စီးပွားရေးအရလည်း နာလန်မထူနိုင်အောင် ဖြစ်သွားရာ လူမှာ ရူးမတတ်ခံစားခဲ့ရလေသည်။

ခု နှစ် စဉ် ကြယ် စာ ပေ



နောက်ဆုံးဝယ် ကိုသောင်းမြင့်သည် သူ့မိန်းမ မငွေကျင်၏ဘကြီးတော်သူ ဦးသိန်းဟန်ဆိုသည့် အဘိုးကြီးအား သွားရောက်တွေ့ဆုံကာ မငွေကျင်၏ ပက်စက်သောလုပ်ရပ်တို့ကို ရင်ဖွင့်မိလေ၏။

မှဆိုးဖို ဦးသိန်းဟန်ကား ကျောင်းအုပ်ဆရာကြီးဟောင်း တစ်ဦးဖြစ်ကာ သမာသမတ်ကျသောစိတ်ဓာတ်ရှိသူ လူရိုးလူဖြောင့်ကြီး ဖြစ်ပေသည်။

"တောက် ... ဒါတော့ ငါ့တူမ,ငွေကျင် ခွေးအလုပ်လုပ်သွားတာပဲကွ၊ ငါတို့မျိုးရိုးထဲမှာ ဒီလို ကာမပိုင်ရှိလျက် ဖောက်ပြန်တာမျိုး မရှိဘူး၊ ထွီ ... အဲဒီမျိုးဖျက်မကိုများ လွမ်းမနေပါနဲ့ကွာ၊ ပြန်လာရင်လည်း လက်မခံနဲ့၊ သင်းက လင်ငယ်နောက်လိုက်ပြေးတဲ့အပြင် မင်းရဲ့မော်တော်ကိုပါ ရောင်းစားသွားတယ်ပေါ့ ... ဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျာ ... ဒါ့အပြင် တွံတေးမြို့ပေါ်က ကျွန်တော်ရစရာရှိတဲ့ ကြွေးမြီတွေပါ မငွေကျင်က ရအောင် အကုန်တောင်းသွားတာခင်ဗျ၊ ကျွန်တော့်မှာ ခရအဆံလွတ်, ငှက်တောင်ကျွတ် ဖြစ်ခဲ့ရတာပါ ဘကြီးရယ်"

ခု နှစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassi.com



"အေးကွယ် . . . မင်းမလည်း ငါ့တူမ ငွေကျင်ကိုယူမိတာဟာ ဒုက္ခရောက်ဖို့ဖြစ်လာခဲ့ရတာပါပဲ၊ ကဲပါလေ . . . စိတ်မာတ်လည်း သိပ်ကျမနေပါနဲ့၊ ငါ့တူမရဲ့ဆိုးကျိုးအတွက် ငါ့မှာ ပေးဆပ်ရမယ့်တာဝန်ရှိပါတယ်၊ ဒီတော့ ဒီလိုလုပ်ကွယ် . . . ဒီအရပ်ဒေသမှာ မင်းမနေနဲ့တော့၊ သင့်လျော်ရာတစ်နေရာရာသာ ပြောင်းရွှေ့အခြေချပေတော့ကွဲ့ . . .၊

ဒီမှာ ကျုပ်ပြောမယ် . . . ကျုပ် ရန်ကုန်မှာ ကျောင်းဆရာလုပ်တုန်းက အိမ်အိုဟောင်းကြီးတစ်လုံးကို ဈေးချောင်ချောင်နဲ့ ရလို့ဝယ်ထားတာ နှစ်နှစ်ဆယ်ကျော်ပြီကွဲ့၊ ကျုပ်လည်း ဝယ်ပြီးကတည်းက သွားကိုမကြည့်ဖြစ်ဘူး၊ အဲဒီခြံနဲ့ အိမ်ဟောင်းကြီးဟာ ရန်ကုန်မြို့ အင်းလျားကန်စောင်းမှာ ရှိတယ်ကွဲ့၊ ချုံနွယ်ပိတ်ပေါင်းတွေ တောထနေတဲ့ ခြံကြီးပါကွယ်၊ အဲဒီခြံကြီးနဲ့ အိမ်ဟောင်းကြီးကို မင်းယူလိုက်"

"ခင်ဗျာ"

"ဟုတ်တယ် . . . ကျုပ်ရဲ့တူမကြောင့် ဘဝပျက်၊ စီးပွားပျက်သွားရတဲ့မင်းကို အလျော်ပြန်ပေးတဲ့သဘောပါပဲကွယ်၊ ကျုပ်လည်း အသက်ကြီးပြီ၊ သားထောက်သမီးခံလည်း မရှိဘူး၊ ဒါ





ကြောင့် . . . အဲဒီခြံနဲ့အိမ်ကို လိုချင်မက်မောစိတ်လည်း မရှိတော့ပါဘူးကွယ်၊ မောင်ရင်သာ ယူလိုက်ပါတော့"

ဦးသိန်းဟန်ကား ရှေးရိုးဆန်ပြီး ဆိုခဲစေမြဲစေဆိုသည့် လူစားမျိုးဖြစ်၏။

ကိုသောင်းမြင့်က အားနာနာနှင့်ငြင်းသည့်တိုင် လက်မခံဘဲ တွဲတေးမှ ဝတ်လုံတော်ရရှေ့နေ မြင့်ကျော်ဦးကိုခေါ်ကာ ရန်ကုန်မြို့၊ အင်းလျားကန်စောင်းမှ ခြံနှင့်အိမ်ကို ကိုသောင်းမြင့်အား မေတ္တာဖြင့်ပေးကမ်းခြင်းစာချုပ်ကို ချုပ်ဆိုလျက် လွှဲပြောင်းပေးခဲ့လေသည်။

"တစ်ခုတော့ရှိတယ်ပေါ့ကွယ် . . . ကျုပ်ဟာ လူမှုဝတ္တရားအရ မောင်ရင့်ကို အိမ်ခြံလွှဲပြောင်းပေးခဲ့တာပါ၊ ဒါကြောင့် ကျုပ်ရဲ့ဘဝ, မောင်ရင်ရဲ့ဘဝမှာ အမှတ်တရအဖြစ် လွှဲအပ်ခဲ့တဲ့ အဲဒီခြံကို ရောင်းတော့မပစ်လိုက်ပါနဲ့၊ အိမ်ကို ခေတ်ကာလအားလျော်စွာ ပြင်ဆောက်ချင်ဆောက်ပေါ့ကွယ်၊ ခြံကိုတော့ မရောင်းစေချင်ဘူး၊ အဲဒီအတွက် ကတိပေးနိုင်ပါ့မလားကွယ်"

"ကတိပေးနိုင်ပါတယ် ဘကြီးရယ်၊ ကျွန်တော်လည်း ဒီမြစ်ဝကျွန်းပေါ်ဒေသမှာ မနေလိုတော့ပါဘူး၊ ဒီနယ်တစ်ဝိုက်မှာ



www.burmeseclassic.com

www.burmeseclassi.com



ကျွန်တော့်ကို လူတိုင်းလိုလို သိနေတော့ အရှက်ရလှပါပြီ၊ ဒါကြောင့် ရန်ကုန်လိုဒေသမှာ အခြေချစရာရှိရင် တစ်သက်လုံး အဲဒီမှာပဲ နေချင်လှပါတယ်ဗျာ၊ မိန်းမဆိုတာကိုတော့ မုန်းလည်းမုန်း၊ ကြောက်လည်းကြောက်သွားပါပြီ''

''အေးပေါ့ကွယ် ... မောင်ရင်ဟာ ကုန်သည်ဖြစ်ပေမယ့် ရိုးလွန်းတာ ကျုပ်အတိုင်းပါပဲ၊ ခပ်ရှုပ်ရှုပ် ရန်ကုန်လို မြို့ကြီးပြကြီးမှာ အမှတ်မရှိရင် နောက်ထပ်မိန်းမလည်တစ်ယောက်နဲ့ တွေ့ပြီး ကျုပ်ပေးတဲ့ခြံပါ ပြောင်မယ့်ကိန်းရှိတယ်ကွဲ့၊ ဒီတော့ ခြံဝမှာ ဆိုင်းဘုတ်သာ အသေတပ်ထား၊ မိန်းမ မဝင်ရလို့ ... ဟုတ်ပြီလား''

သို့ဖြင့် ကိုသောင်းမြင့်မှာ ရန်ကုန်သို့ ပြောင်းရွှေ့လာခဲ့ကာ အင်းလျားကန်စောင်းမှ ကေဝက်ကျော်ကျော်ကျယ်သော ခြံကြီးထဲရှိ သစ်သားအိမ်ဟောင်းကြီးတွင် နေထိုင်ခဲ့လေ၏။

ဦးသိန်းဟာန် ဩဝါဒပေးသလို ခြံဝ၌ မိန်းမမုန်းတီးဆန့်ကျင်ရေးဆိုင်းဘုတ် မတပ်ထားသည့်တိုင် အဝတ်လျှော်သည့် မိန်းမပင် မငှားဘဲ ကိုယ့်အဝတ်ကိုယ်လျှော်ကာ သူ၏ခြံကြီးထဲသို့ အဘယ်မိန်းမကိုမျှ အဝင်မခံခဲ့ချေ။

ခု နှစ် စဉ် ကြယ် တ ပေ



နှစ်အတော်ကြာ လူသူမနေသဖြင့် ချုံနွယ်ပိတ်ပေါင်းတို့ ထောထနေသည့် သူ၏ခြံကြီးထဲမှ နှစ်ချို့သရက်ပင်ကြီးများအောက် သရက်သီးကြွေကျသမျှ လာကောက်နေကျ မိန်းမအချို့ကို ခပ်မာမာ မောင်းထုတ်ရင်းသာ သူ၏ဘဝကို သူ ကာကွယ်လျက်ရှိလေ၏။

သူ၏တစ်ဝမ်းတစ်ခါးအတွက်မူ ခြံကို အတန်ရှင်းပြီး ရာသီပန်းတို့စိုက်ကာ ရွှေတိဂုံဘုရားမှ ပန်းသည်တို့ထံ ပန်းများသွင်းလျက် ရပ်တည်ဖြေရှင်းခဲ့လေ၏။

သို့ဖြင့် ...

❋

www.burmeseclassic.com

www.burmeseclassi.com

သို့ဖြင့် ...

နှစ်နှစ်ခန့် အေးချမ်းစွာနေထိုင်လာခဲ့ရာ လွန်ခဲ့သော ခြောက်လခန့်မှစ၍ သူ၏ခြံကို တရုတ်ပေါက်ဖော်တစ်ယောက်က လာရောက်ငှားရမ်းခဲ့လေသည်။

"ဝ စီးပွားရေးတီခုလုပ်ချင်လို့ လုခြံကို ရောင်းချင်ရောင်း၊ ငှားချင်ငှားပါ"

"ရောင်းလည်း မရောင်းဘူး၊ ငှားလည်းမငှားဘူး"

တရုတ်ပေါက်ဖော်ကို အပြတ်ငြင်းလိုက်ပြီးနောက် ပန်ချာပီကုလားတစ်ဦးက လာငှားပြန်ရာ ခါးခါးသီးသီး ငြင်းလိုက်ရသေး၏။





သို့ဖြင့် စိတ်မရှည်လှသော ကိုသောင်းမြင့်က ခြံဝမှ သရက်ပင်စည်တွင် ...

**ဤခြံကို ...**

**ရောင်းခြင်း၊ ငှားခြင်း လုံးဝမပြုပါ။**

ဟု သံပြားပေါ်တွင် သဘော်ဆေးဖြင့် ဆိုင်းဘုတ်ရေးကာ သံရိုက်ကပ်ထားလိုက်တော့သည်။

ယခုလပိုင်းအတွင်း အင်းလျားကန်စောင်းရှိ ခြံများသို့ လူသစ်များ ပြောင်းရွှေ့ရောက်ရှိလာကြကာ တိုက်တာအိမ်ခြေအသစ်များ ဆောက်လုပ်လာသည်ကို တွေ့ရ၏။

ထိုသူတို့သည် ...

ကာဒီလက်လို ကားမျိုး၊ ဘောက်စ်ဆောလ်လို ခေတ်ပေါ်ကားမျိုးကို စီးနိုင်ကြသူများ ဖြစ်ကြပြီး ခြံဝင်းတို့ကို အလုံအခြုံကာရံကြကြောင်းတွေ့ရ၏။

"အင်း ... အစဉ်သဖြင့် ချုံနွယ်ပိတ်ပေါင်းတွေ မင်းမူနေတဲ့ ဒီကန်စောင်းတစ်လျှောက်ဟာ တန်ဖိုးရှိလာပုံရတယ်



www.burmeseclassic.com

www.burmeseclassi.com



လှကုံထံတွေ သဘောတွေ့လာကြပုံ ရတယ်၊ ငါလည်း ငါ့ခြံကို သေချာကာရံရမယ်''

သူက ခြံပတ်ပတ်လည်တွင် သစ်သားတိုင်များ စိုက်ကာ အင်္ဂလိပ်စစ်တပ်မှ ဝယ်ယူရရှိသည့် အပေါက်ပါသံပြားရှည်တို့ကို ခြံစည်းရိုးအဖြစ် ကာရံလိုက်ပြီး အတွင်းမှ ကြခတ်ဝါးပင်တို့ကို စိုက်ထားလိုက်လေ၏။

ထိုအခါ သူ၏ခြံမှာ အတော်ကြီးလုံခြုံသွားပြီး ခြံအတွင်းသို့ ခြံအပြင်မှ ချောင်းမြောင်းကြည့်သော်မှ မမြင်နိုင်ချေ။

သည့်အပြင် အစွယ်ဖွေးဖွေးနှင့် ကိုက်တတ်သော မြန်မာ 'အင်းခွေး' နစ်ကောင်ပါ မွေးထားလိုက်ပြန်ရာ လုံခြုံရေးအတွက် ပူပန်စရာ မလိုတော့ချေ။

❋

သူက သည့်နှယ် တစ်ယောက်တစ်နန်းနေသည့်တိုင် တစ်နေ့တွင် ဘေးခြံမှအိမ်သို့ ပြောင်းလာသည့်လူငယ်တစ်ဦးက လာရောက်မိတ်ဖွဲ့လေ၏။

''ဦးက . . . ဒီခြံပိုင်ရှင်လားခင်ဗျ။ ကျွန်တော်က ဒီဘက်အိမ်ကို တစ်နေ့ကမှ ပြောင်းလာသူပါ''

''ဟုတ်တယ် . . . ကျုပ်က ဒီခြံပိုင်ရှင်ပါပဲ''

''ကျွန်တော့်နာမည်က မောင်မောင်လတ်ပါ''

ဖြူဖြူချောချော ကိုယ်လုံးကိုယ်ထည် ခပ်သေးသေး ကောင်လေးက သူ့ကို အတော်မိတ်ဖွဲ့လိုဟန်ရှိ၏။

ခု နှစ် စဉ် ကြယ် တာ ပေ

www.burmeseclassic.com

www.burmeseclassi.com



သူကမူ ဝန်းကျင်နှင့် ခပ်တန်းတန်းသာနေလိုသဖြင့် ထိုကောင်လေးကို ဟက်ဟက်ပက်ပက် လက်ခံစကားပြောခြင်း မရှိချေ။

သို့တိုင် ...

ရက်သတ္တပတ်လျှင် သုံးရက် သူ့ထံ ပန်းဖောက်သည် လာယူသူ၏မြင်းလှည်း ခြံဝမှာဆိုက်ရောက်တိုင်း မောင်မောင်လတ်သည် ခြံဝသို့ ရောက်ရှိလာလေ့ရှိပြီး ပန်းစည်းတို့ကို မြင်းလှည်းပေါ် ကူတင်ပေးရင်း ခပ်ပြုံးပြုံးအမူအရာဖြင့် စကား တစ်ခွန်းစ နှစ်ခွန်းစပြောလေ့ရှိရာ ကိုသောင်းမြင့်လည်း မကောင်းတတ်သဖြင့် စကားတစ်ခွန်း နှစ်ခွန်း ပြန်ပြောရလေ၏။

ကြာတော့လည်း ထိုလူငယ်လေးနှင့် ရင်းနှီးသလို ဖြစ်လာရလေသည်။

"ဦးက ပတ်ဝန်းကျင်နဲ့ ခပ်စိမ်းစိမ်းနေတယ်နော်"

"ဟုတ်တယ် ... ကျုပ် ဒီလိုပဲ နေတတ်တယ်"

"ပတ်ဝန်းကျင်ကို ဂရုမစိုက်ချင်ဘူးပေါ့"

"ဟုတ်တယ်"

"အင်း ... ပတ်ဝန်းကျင်ကို ဂရုမစိုက်၊ စိတ်မဝင်စားဘဲ





နေလို့ရပေမယ့် လောကကြီးကိုတော့ ဂရုမစိုက် စိတ်မဝင်စားလို့ မရဘူးဗျ"

"ဘယ်လို ... ဘယ်လို"

"ဪ ... လူဆိုတာ မိမိရဲ့ပတ်ဝန်းကျင်အကြောင်းကို မသိချင်ပေမယ့် လောကကြီးရဲ့အကြောင်းတော့ သိထားသင့်တယ်ဗျ။ များသောအားဖြင့် သူတစ်ပါးရဲ့အနှိပ်ခံရတဲ့လူတွေဟာ လောကကြီးကို မလေ့လာမိသူတွေပဲဗျ"

ကောင်လေး၏စကားက သူ့အနာဟောင်းကို ဆွပေးသည့်နှယ် ရှိချေ၏။

"အင်း ... ဒီကောင်လေးပြောတာ ဟုတ်တယ်၊ ငါဟာ အရင်က ကိုယ့်စီးပွားရေးအလုပ်ပဲ ကိုယ်လုပ်ပြီး လောကကြီးကို လေ့လာစူးစမ်းဖို့ မေ့နေခဲ့လို့ ဟိုကြာကူလီကောင်နဲ့ မျောက်မထားမတို့ရဲ့ အလှည့်အနှိပ်ခံခဲ့ရတာပဲ"

"လောကကြီးကို ကျုပ်က ဘယ်လိုလေ့လာရမှာလဲ၊ လူတွေကို လိုက်မိတ်ဖွဲ့စကားပြောပြီး ရောရောထွေးထွေး နေရမှာလား၊ ကျုပ်က အဲဒီလိုမနေချင်ဘူး"

"လူတွေနဲ့ဆက်ဆံမှ လောကကြီးအကြောင်း သိရတာ



www.burmeseclassic.com

www.burmeseclassi.com



မဟုတ်ပါဘူး ဦးရဲ့၊ ဗဟုသုတ အကြားအမြင်ဆိုတာ စာဖတ်ပြီး ရှာရတာမျိုးဗျ၊ ဥပမာအားဖြင့် ကျွန်တော်တို့ မြန်မာနိုင်ငံကြီးကို စတင်တည်ထောင်ခဲ့တဲ့ အနော်ရထာမင်းကြီးကိုတော့ ဦး သိပါ တယ်နော်''

''သိတာပေါ့ကွ ...နာမည်ကြီးဘုရင်ကြီးပဲဟာ''

''ဟုတ်ပါတယ် ဦးရယ်၊ အနော်ရထာမင်းကြီးဟာ ပထမမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်ခဲ့သလို ထေရဝါဒ ဗုဒ္ဓဘာသာ မြန်မာနိုင်ငံမှာ အမြစ်တွယ်စေဖို့ စတင်ကြိုးပမ်းပေးခဲ့ သူပဲဗျာ၊ သူဟာ ပါရမီရင့်သန်သူ ဘုန်းတန်ခိုးရှင်ဘုရင်ကြီး ဖြစ်လို့ အဲဒါတွေ လုပ်နိုင်ခဲ့တာပေါ့''

''အင်း ...ဖြစ်နိုင်ပါတယ်''

''အဲဒီလို ဘုန်းသမ္ဘာကြီးမြင့်သူ ဘုရင်ကြီးအနော်ရထာ ဟာ ဘုန်းရှင်ကံရှင်ပီပီ အမိဝမ်းကကျွတ်ပြီး မွေးမွေးချင်း စကား နှစ်လုံးပြောခဲ့တယ်ဗျ ...ဘာပြောခဲ့သလဲဆိုတာ ဦးသိလား၊ လူအတော်များများတော့ မသိရှာကြဘူးဗျ''

''အဲ ...ကျုပ်လည်းမသိပါဘူး၊ သူက မွေးမွေးချင်း စကားပြောနိုင်သတဲ့လား''





''ဘုန်းရှင်ကံရှင်ဆိုတော့ ပြောနိုင်တာပေါ့ ဦးရဲ့''

''ဘာ ...ဘာများပြောခဲ့တာလဲကွ''

''အရူဝဲဆိုပြီး ပြောခဲ့တယ်လေ''

''အာ ...မင်း တော်တော်နောက်တဲ့ကောင်ပဲ ... ဟား ဟား ဟား''

''အဲဒီလို ဗဟုသုတမျိုး, ဟာသမျိုးကို စာဖတ်ခြင်းဖြင့် ရှာဖွေရရှိနိုင်တယ် ဦးရဲ့၊ ဒါကြောင့် လောကကြီးနဲ့ မကင်းကွာ ရအောင် စာတော့ ဖတ်သင့်တယ်ဗျ''

မောင်မောင်လတ်က ခပ်ပြုံးပြုံးအမူအရာဖြင့် ပြောရင်း လက်ထဲမှ သတင်းစာလိပ်ကို ထောင်ပြလိုက်၏။

''အင်း ...မင်းပြောတာ ဟုတ်ပါတယ်၊ ဒါပေမဲ့ ကျုပ် က ဝင်ငွေကောင်းလှတာ မဟုတ်ဘူးကွဲ့၊ ဒါကြောင့် သတင်းစာ တို့, ဂျာနယ်တို့ ဝယ်မဖတ်နိုင်ပါဘူးကွယ်''

''ဝယ်ဖတ်ဖို့ မလိုပါဘူးဦးရဲ့၊ ကျွန်တော် ဝယ်ဖတ်ပြီးပြီး ချင်း ဒီခြံဝမှာ သတင်းစာ, ဂျာနယ်တွေကို လာထားပေးပါ့မယ်၊ ဦး ဖတ်ပေါ့''

ငွေမကုန်ဘဲ သတင်းစာ၊ ဂျာနယ်တို့ဖတ်ရမည့်အရေးကို



www.burmeseclassic.com

www.burmeseclassi.com



တော့ သူ သဘောကျမိ၏။

သို့ဖြင့် ညနေတိုင်း သူ၏ခြံတံခါး၌ မောင်မောင်လတ်က သတင်းစာ သို့မဟုတ် ဂျာနယ်တစ်စောင်စောင်ကို လာထားလေ့ရှိရာ ကိုသောင်းမြင့်လည်း စာဖတ်ခွင့်ရပြီး လောကကြီးနှင့် အဆက်အသွယ်မပြတ်တော့ချေ။

❋

ထိုသို့ဖြင့် ...

သတင်းစာ၊ ဂျာနယ်တို့ကို နေ့စဉ်ဖတ်လာရာမှ တစ်နေ့တွင် သံတော်ဆင့်သတင်းစာ၌ ထူးခြားလှသော ကြော်ငြာတစ်ခုကို ဖတ်ရှုရလေ၏။

ယင်းထူးခြားလှသည့်ကြော်ငြာမှာ တစ်ဖက်ဖော်ပြပါ အတိုင်း ဖြစ်ပါသည်။

ခု နှစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassi.com



## ခေါင်းဖြူစာရေးတစ်ဦးအလိုရှိသည်

လောကုတ္တရာကျမ်းကြီးတစ်စောင် ပြုစုရန် ကူညီပေးမည့် ခေါင်းဖြူဖြူလူပုဂ္ဂိုလ်တစ်ဦး အလိုရှိသည်။

သတ်မှတ်ထားသည့်အရည်အချင်းမှာ...

၁။ ဆံပင် တစ်ခေါင်းလုံးဖွေးဖွေးဖြူနေသူ ဖြစ်ရမည်။

၂။ အသက်အားဖြင့် (၄၀) နှစ်မှ (၅၀) နှစ်အတွင်း ဖြစ်ရမည်။

၃။ အင်္ဂလိပ်-မြန်မာ (၇)တန်းခန့် တတ်မြောက်ရမည်။

အထက်ဖော်ပြပါ အရည်အချင်းရှိသူတို့ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လျှောက်ထားနိုင်သည်။

လစာကောင်းစေရမည်။

ကောင်းခန့်ကုမ္ပဏီ





"ဟား ... အဲဒီအရည်အချင်းတွေနဲ့ ငါက အံကိုက်ပဲ၊ လစာလည်း ကောင်းမယ်ဆိုပဲ"

ကိုသောင်းမြင့်က ယင်းအလုပ်ခေါ်ကြော်ငြာအကြောင်း မောင်မောင်လတ်အား ပြောပြဆွေးနွေးတိုင်ပင်မိ၏။

"ဟုတ်တယ် ... အဲဒီကြော်ငြာကို ကျွန်တော်လည်း ဖတ်လိုက်ရပါတယ်၊ ဒါကြောင့် စိတ်ဝင်စားပြီး အဲဒီကုမ္ပဏီရုံးခန်းဆီတောင် ဒီနေ့ ရောက်သွားသေးတယ်"

"ဟင် ... ဟုတ်လား၊ မင်းလည်း အဲဒီအလုပ် သွားလျှောက်တာပဲလား"

"အာ ... မလျှောက်ပါဘူး ဦးရဲ့၊ ကျွန်တော်ရဲ့ခေါင်းက ဖြူမှမဖြူဘဲ၊ ကြော်ငြာကို စိတ်ဝင်စားလို့ အသေးစိတ် သိချင်တာလေးတွေ စပ်စပ်စုစု သွားမေးတာပါ"

"အဲဒီလိုမေးတော့ ဘာတွေသိခဲ့ရသလဲ မောင်လတ်ရဲ့"

"ခေါင်းဖြူသူကိုမှ ခန့်ချင်တယ်ဆိုတာက ခေါင်းများများဖြူလေ လူဟာ ကိလေသာစိတ်တွေ နည်းပါးလေလို့ ယူဆတဲ့အတွက် သူတို့ကုမ္ပဏီကပြုလုပ်မယ့် လောကုတ္တရာဆိုင်ရာ ကိစ္စတွေမှာ ခန့်ထားမယ့်သူဟာ ခေါင်းတော်တော်များများ ဖြူသူ



www.burmeseclassic.com

www.burmeseclassi.com



ဖြစ်ရမယ်လို့ သတ်မှတ်ထားပြီး အဲဒီလိုကြော်ငြာခဲ့တာတဲ့ ဗျ''

''ဩော် . . . ဒီလိုလား''

''ဟုတ်တယ် ဦးရဲ့၊ ဒါကြောင့် ခေါင်းကွက်တိကွက်ကျား ဖြူသူထက် ဦးလို တစ်ခေါင်းလုံးဖွေးဖွေးဖြူသူကို ပိုပြီး ဦးစားပေး ခန့်ထားနိုင်တယ်ဗျ၊ လစာကလည်း အတော်ကို ကောင်းတယ် ဦးရဲ့၊ တစ်လကို ၂၅၀/– တောင် ပေးမှာတဲ့''

''ဘာ . . . ၂၅၀/– တောင် . . . ဟုတ်လား''

''ဟုတ်တယ် ဦးရဲ့၊ ကျွန်တော်တော့ အဲဒီအလုပ်ကို ဦး လျှောက်သင့်တယ်လို့ထင်တာပဲ၊ လခ ၂၅၀/–ဆိုတာ နည်းတဲ့လစာမဟုတ်ဘူး ဦးရဲ့၊ ပြီးတော့ ဦးလောက် ခေါင်းဖွေးဖွေး ဖြူပြီး အသက်ကလည်း လေးဆယ်စွန်းစဆိုတဲ့လူမျိုးဟာ အတော်ရှားတာကလားဗျ၊ ဦးအတွက်တော့ သိကြားပေးတဲ့ အခွင့်အရေးပဲဗျ၊ တိုင်းရက်တဲ့ ကမ္ဘလာ၊ မိုးရွာတာနဲ့ အသင့်ဆို တာလိုပါပဲ''

''အေး . . . စိတ်တော့ဝင်စားစရာကောင်းသား၊ ဒါထက် လုပ်ရမယ့်အလုပ်က ဘယ်လိုအလုပ်မျိုးတဲ့လဲ''

''လောကုတ္တရာအလုပ်တဲ့၊ သာသနာပြုအလုပ်မျိုးပါတဲ့၊





ပင်လည်း မပင်ပန်း, စိတ်လည်းမရှုပ်ရတဲ့အလုပ်မျိုးတဲ့ ဦးရဲ့၊ ဘယ်လိုအလုပ်မျိုးဆိုတာတော့ အတိအကျမပြောဘူးခင်ဗျ၊ ဦးကို ခန့်ပြီး လုပ်ခိုင်းတဲ့အခါတော့ သိရမှာပေါ့ခင်ဗျာ''

''လောကုတ္တရာအလုပ်ဆိုပြီး တယ်လည်း လျှို့ဝှက်၊ တယ်လည်းဆန်းတဲ့ လူတွေပါလား၊ အေးလေ . . . ဘာပဲဖြစ်ဖြစ် လစာ ၂၅၀/– ဆိုတာတော့ ကျုပ် စိတ်ဝင်စားတယ်၊ ဘယ် . . . ကျုပ် ပင်ပင်ပန်းပန်း မြေဆွပေါင်းသင် ရေလောင်းနဲ့ ပန်း စိုက်ရောင်းတာ တစ်နေ့မှ တစ်ကျပ် နှစ်ကျပ်ထက် ပိုမရဘူး၊ အခု လစာ ၂၅၀/– ဆိုတာ နည်းတာမှတ်လို့''

''ဒါဆို . . . အဲဒီအလုပ်ကို ဦး လျှောက်တော့မယ်ပေါ့ ဟုတ်လား''

''အေးကွ . . . စမ်းကြည့်မလားလို့''

''စမ်းသင့်တာပေါ့ ဦးရယ်၊ ကျွန်တော့်ခေါင်း မဖြူလို့၊ ဦးလိုများဖြူရင် အဲဒီအလုပ်ကို ခုချက်ချင်း ပြေးလျှောက်တယ်ဗျာ . . . တကယ်''

ယင်းသို့ဖြင့် . . . နောက်တစ်နေ့နံနက်၌ ကြော်ငြာတွင် ပါရှိသော ကောင်းခန့်ကုမ္ပဏီ၏လိပ်စာအတိုင်း ကိုသောင်းမြင့်



www.burmeseclassic.com

www.burmeseclassi.com



သည် မောင်မောင်လတ်ကို အဖော်ပြုလျက် ရေကျော်ဘက်သ
တက္ကစီငှားပြီး လာရောက်ခဲ့ကြရာ . . .

ကုမ္ပဏီရုံးခန်းရှေ့သို့အရောက်တွင် သူလို ခေါင်းဖြူကြ
များကို အယောက်အစိတ်ခန့်မက တွေ့ရရာ သူတို့နှစ်ဦးစလ
အံ့အားသင့်သွားကြရသည်။

"ဟာ . . . ခေါင်းဖြူတွေ မနည်းပါလား မောင်လတ်ရေ
အဲဒီအလုပ်ကို လွယ်လွယ်နဲ့ရမယ် မထင်ဘူးဟေ့"

"စိတ်ဓာတ်မကျပါနဲ့ဦးရယ်၊ အဲဒီမှာကြည့်လိုက် . . .
အလုပ်လာလျှောက်တဲ့ ခေါင်းဖြူတွေထဲမှာ ဦးရဲ့ခေါင်းလော
ဖြူတာ မရှိဘူး"

မောင်မောင်လတ်က အားပေးပြီး လျှောက်လွှာကို ကိုယ
တိုင်ရေးဖြည့်စေကာ လက်မှတ်ထိုးစေလျက် သွားတင်ပေးလေ၏

"ဦးစိန်မိုး . . . ဦးစိန်မိုး"

ရုံးခန်းအပေါက်ဝမှ အသားမည်းမည်း၊ ခပ်ပုပု လူတစ
ယောက်က လျှောက်လွှာရှင်များကို တစ်ယောက်ချင်းခေါ်က
ကုမ္ပဏီရုံးခန်းထဲသို့ ဝင်စေလျက် ကုမ္ပဏီမန်နေဂျာနှင့် တွေ့ေ
လေ၏။





သို့ဖြင့် ခေါင်းဖြူတစ်ယောက်ပြီးတစ်ယောက်ခေါ်ကာ
လူတွေ့စစ်ဆေးလေရာ ကိုသောင်းမြင့်၏အလှည့်အရောက်တွင်
မောင်မောင်လတ်ကိုယ်တိုင် ရုံးခန်းအပေါက်ဝအထိ လိုက်ပို့ရှာ
လေ၏။

၁၂ ပေ ၉ ပေခန့်ကျယ်သည့် ကုမ္ပဏီရုံးခန်းမှာ အတော်
အတန် သပ်ရပ်ပြီး ခေါင်းရင်းဘက်မှ ဗီရိုပုလေးပေါ်တွင် ဘုရား
ကျောင်းဆောင်တစ်ခုကို တွေ့ရလေ၏။

ယင်းရုံးခန်းထဲတွင် စားပွဲနှစ်လုံးရှိပြီး ပိုမိုကြီးမားသည့်
စားပွဲ၏နောက်တွင် ကုမ္ပဏီမန်နေဂျာက ထိုင်လျက်ရှိကာ
ကိုသောင်းမြင့်ကို သူ့စားပွဲခုံရှေ့မှ ကုလားထိုင်တွင် ထိုင်စေလေ
၏။

"နာမည်က . . . ဦးသောင်းမြင့်နော်"

"ဟုတ်ပါတယ်ခင်ဗျာ"

မန်နေဂျာဆိုသည့်မျက်မှန်နှင့်လူက ထိုင်ရာမှ ထပြီး
စားပွဲခုံကို ပတ်လျှောက်ခဲ့ကာ ကိုသောင်းမြင့်၏ ခေါင်းမွေးဖြူဖြူ
တို့ကို သေချာစွာ စမ်းသပ်ကိုင်တွယ်ကြည့်လေ၏။

"အနောက်ပိုင်းဥရောပမှာပေါ်နေတဲ့ ဆေးတွေများ ဆိုး



www.burmeseclassic.com

www.burmeseclassi.com



ထားသလား၊ ဒါမှမဟုတ် ဆံပင်တုများ စွပ်လာသလားလို့ သေချာအောင် စစ်ဆေးရတာပါဗျာ . . . စိတ်မရှိပါနဲ့''

''ရပါတယ်ခင်ဗျာ၊ ကျုပ်က နဂိုဖြူပါ''

''ဒါထက် . . . ဘာသာရေးရော လိုက်စားဖြစ်သလား''

''ဟုတ် . . . ဟုတ်ကဲ့၊ ဘုရားစကား နားထောင်သူပါ''

''ကြိုက်ပြီဗျာ၊ ဘာသာရေးနဲ့ပတ်သက်ပြီး အကျယ် ဝိတ္ထာမချဲ့ဘဲ ခုလိုဖြေတာ ကြိုက်သဗျ၊ ဆံပင်ဖြူပုံလည်း ကြိုက် တယ်၊ ကဲ . . . ခင်ဗျား မနက်ဖြန်ကစပြီး အလုပ်စဆင်းပေ တော့''

''ဗျာ''

အလုပ်ရရန် အတော်ခက်ခဲမည်ဟု ထင်ထားရာ ယခုလို ရုတ်တရက်ခန့်လိုက်ကြောင်း ကြားသိလိုက်ရသည့်တွင် ကိုယ့်နား ကိုယ်မယုံနိုင်အောင်ပင် ခံစားလိုက်ရပြီး ထခုန်မိမတတ်လည်း ဝမ်းသာသွားရတော့၏။

''အလုပ်က မနက်ဖြန်မနက် ၉ နာရီ ဒီရုံးခန်းဆီ အရောက်လာရမယ်၊ ညနေလေးနာရီထိုးမှ အလုပ်ဆင်းရမယ်၊ လစာတစ်လခအတွက် ၂၅၀/– ကြိုထုတ်ပေးမယ်၊ လမ်းစရိတ်





အတွက် ၅၀/– လည်း ဆောင်းပေးဦးမယ်၊ လပြည့်လကွယ် ရက်ပဲ အလုပ်နားရမယ်၊ ဘယ့်နှယ်လဲ . . . လုပ်နိုင်ပါ့မလား''

''ဟုတ် ဟုတ်ကဲ့ . . . လုပ်နိုင်ပါတယ်ခင်ဗျာ၊ ဘာ . . . ဘာများလုပ်ရမှာပါလိမ့် ဆရာရယ်၊ ကြိုမသိရဘူးလား''

''ဘာလုပ်ရမယ်ဆိုတာတော့ အလုပ်စဆင်းမှ ပြပေး မယ်လေ၊ အလုပ်က ခဲခဲယဉ်းယဉ်းမဟုတ်ပါဘူး၊ ဟောဟိုစားပွဲ မှာ ထိုင်ပြီး လက်ရေးမူနဲ့ စာကူးပေးရမယ့်အလုပ်ပါ၊ ဘယ့်နှယ် . . . လုပ်နိုင်ပါ့မလား''

''ဟုတ် ဟုတ်ကဲ့ . . . လုပ်နိုင်ပါတယ်ခင်ဗျာ၊ ကျုပ်က အတန်းကျောင်းမနေခဲ့ ငယ်စဉ်က ဘုန်းကြီးကျောင်းမှာ သင် ပုန်းကြီးကျေအောင် သင်ခဲ့ဖူးလို့ လက်ရေးလက်သားက ကောင်းပြီးသားပါဗျ''

''ကောင်းပါလေ့ဗျာ၊ လျှောက်လွှာမှာ ရေးထားတဲ့ လက်ရေးက တယ်နိုပ်တာပဲ၊ ကဲ ကဲ ရော့ . . . လခတစ်လစာနဲ့ ဘတ်စ်ကားခ''

ကိုသောင်းမြင့်မှာ အလုပ်ချက်ချင်းအခန့်ခံရပြီး ကြိုတင် ငွေနှင့် ကားခအပါအဝင် ငွေသုံးရာကြီးများတောင် လက်ထဲသို့



www.burmeseclassic.com

www.burmeseclassi.com



ချက်ချင်းလက်ငင်းရောက်လာသဖြင့် ဝမ်းသာလုံးဆို့လျက်ရှိလေ၏။

"အင်း . . . ဒါတွေဟာ မောင်လတ်ရဲ့ကျေးဇူးတွေပါပဲ၊ သူပေးတဲ့သတင်းစာကို ဖတ်ရလို့ ခုလို အလုပ်ကောင်းမျိုးရတာ"

သို့ဖြင့် . . .

နောက်နေ့မှစပြီး ကိုသောင်းမြင့် အလုပ်ဆင်းရလေတော့၏။

တကယ် အလုပ်ဆင်းရတော့ ရုံးခန်းထဲတွင် သူနှင့် မန်နေဂျာ နှစ်ဦးတည်းသာရှိသည်။

မန်နေဂျာက သူ့ကို ဖူးစကက်စာရွက်တစ်ထပ်ကြီးပေးပြီး မင်အိုး၊ ကလောင် စုံလင်စွာဖြင့် သီးသန့်စားပွဲတွင် ကိုသောင်းမြင့်အား နေရာချထားပေးကာ သင်္ဖာဆရာတော် အဂ္ဂဓမ္မာလင်္ကာရ ရေးသားပြုစုသော ပါဠိတော်နိဿယနှင့် ဓမ္မပဒဝတ္ထုများ၊ ကျမ်းစာအုပ်ကြီးကို အခန်းလိုက် အပိုဒ်လိုက် ပါဠိမပါ မြန်မာပြန်ချည်းသက်သက် ကူးယူစေလေ၏။

"ကျုပ်တို့ကုမ္ပဏီရဲ့ လောကုတ္တရာအကျိုးပြုလုပ်ငန်းတွေ ဆောင်ရွက်ရာမှာ ကျုပ်တို့ရဲ့ ဘာသာရေးကျမ်းတွေကို





ကမ္ဘာက ဖတ်မိအောင် အင်္ဂလိပ်ဘာသာပြန်ဆို ထုတ်ဝေဖြန့်ချိတဲ့ လုပ်ငန်းဟာ တစ်ခုအပါအဝင်ပဲ ဖြစ်တယ်ဗျ"

"အဲဒီလုပ်ငန်းကို ခုအချိန်ကစပြီး အကောင်အထည်ဖော်တာပါပဲ၊ ပါဠိစကားလုံးတွေနဲ့ ရှုပ်ထွေးနေရာက ပါဠိကို လုံးဝဖြုတ်ပြီး မြန်မာပြန်တွေပဲ စုစည်းထုတ်ဝေဖို့ ခုလိုစာရေးတစ်ယောက် သီးသန့်ခန့် ဆောင်ရွက်ရတာပဲဗျ"

သို့ဖြင့် ကိုသောင်းမြင့်မှာ ပါဠိတို့ဖြင့် ရှုပ်ထွေးနေသည့် ဓမ္မပဒဇာတ်မဟာတို့ကို ပိုင်းပိုင်းစက်စက် လက်ရေးရှင်းရှင်းဖြင့် နိဒါန်းမှ စကားကူးယူရလေ၏။

ရုံးခန်းထဲတွင် သူနှင့်မန်နေဂျာတို့ နှစ်ဦးတည်းသာရှိပြီး မန်နေဂျာဆိုသည့် မှန်ကြောင်ချစ်ညွှန့်ကလည်း သူရုံးခန်းသို့ ရောက်ရှိ ကာ အလုပ်စသည်နှင့် ထွက်သွားလိုက်သည်မှာ ညနေစောင်း ရုံးဆင်းခါနီးမှ ပြန်လာလေ့ရှိလေသည်။

ဤတွင် ခေါင်းဖြူကြီးကိုသောင်းမြင့်က သူ့စကားကို ရပ်လိုက်ပြီး အစေခံလေးတာတီးချပေးထားသည့် သံပရာရည်ကို တစ်ကျိုက်နှစ်ကျိုက် သောက်လိုက်လေတော့၏။

ထို့နောက်မှစကားကို ဆက်ပြောရှာလေသည်။



www.burmeseclassic.com

www.burmeseclassi.com



"အဲဒီလိုနဲ့ ကျုပ် အလုပ်ဝင်လာတာ ဒီလနဲ့ဆို သုံးလ ရှိပြီဗျ"

"ဩော် ... ဩော်"

"လစာကလည်းကောင်း၊ လုပ်ရတဲ့အလုပ်ကလည်း သက်သောင့်သက်သာရှိလှတာမို့ ကျုပ်အလုပ်မှာ ကျုပ်ပျော်နေတာဗျ ...၊

အဲ ... ဒီနေ့မနက်တော့ အလုပ်ဝင်တာ သုံးလတင်းတင်းပြည့်တဲ့နေ့မို့ ရှေ့လာမယ့် စတုတ္ထလအတွက် ကြိုတင်လစာငွေ ထုတ်ဖို့အလာမှာ ရုံးခန်းရှေ့လည်းရောက်ရော ရုံးခန်းတံခါးသော့ခတ်ထားတာ တွေ့ရတော့တာပါပဲဗျာ၊ အဲဒါအပြင် တံခါးသော့ခလောက်မှာ စာတစ်စောင်ညှပ်ထားတာ တွေ့ရတယ်ဗျ၊ အဲဒီစာကတော့ ဟောဒီမှာပါပဲ ... ဆရာသမားတို့ ဖတ်သာကြည့်ပါတော့"

ဤတွင် အိုင်အိုချစ်သွေးက စာရွက်လေးကိုယူကာ ဖြန့်ဖတ်ကြည့်ရာ တစ်ဖက်ဖော်ပြပါအတိုင်း ရေးထားသည်ကို တွေ့ရလေ၏။





(အကြောင်းတစ်စုံတစ်ရာကြောင့် ...
ယနေ့မှစပြီး ကောင်းခန့်ကုမ္ပဏီကို ဖျက်သိမ်းလိုက်ပြီ ဖြစ်သည်)

"ကဲ ... ကြည့်ကြပါဦးဗျာ၊ ကျုပ်မှာ စတုတ္ထမြောက်လအတွက် လစာလေးများရမလားလို့ မျှော်လင့်ချက်ကြီးနဲ့လာပါတယ်၊ လစာမရတဲ့အပြင် ဖြုတ်စာသာရသလိုဖြစ်လို့ အိမ်မြှောင်အမြီးပြတ် ဖြစ်နေရပါတယ်ဗျာ"

အိုင်အိုချစ်သွေးသည် ခေါင်းဖြူကြီးကိုသောင်းမြင့် ပြောသမျှကို သေချာနားစိုက်ထောင်လျက်ရှိရာမှ စကားအဆုံးတွင် မေးခွန်းထုတ်လိုက်လေသည်။

"အဲဒီကိစ္စနဲ့ပတ်သက်ပြီး နောင်ကြီးက ဘယ်လိုဆန္ဒတွေရှိလို့ ကျွန်တော့်ဆီ လာရတာလဲဗျ၊ နောင်ကြီးပြောသမျှနားထောင်ရတာဖြင့် ဘာပြစ်မှုမှ မမြောက်တဲ့အပြင် တစ်လစာကြိုတင်ရထားတာမို့ နောင်ကြီးအတွက် နစ်နစ်နာနာလည်း ဘာမှမရှိပါလားဗျ"



www.burmeseclassic.com

www.burmeseclassi.com



"နစ်နာတာပေါ့ စုံထောက်ကြီးရယ် . . . ဘယ့်နှယ် မနစ်နာ ရှိရမှာလဲ၊ ခုဆို ကောင်းခန့်ကုမ္ပဏီမှာ အလုပ်စဝင်ကတည်းက ကျုပ်ရဲ့ပန်းစိုက်ခင်းကို ပစ်ထားလိုက်မိလို့ စိုက်ခင်းပျက်ပြီး အသစ်ပြန်စရတော့မယ် . . .၊

ရွှေတိဂုံစောင်းတန်းက ပန်းဖောက်သည်လည်း ပျက်သွားလို့ ဖောက်သည်အသစ်ရှာရတော့မယ်၊ ဝင်ငွေကောင်းလှတဲ့ အလုပ်လေးလည်း ဆိုင်းမဆင့်ဘုံမဆင့် ပြုတ်သွားရတယ်၊ ဒီတော့ ကျုပ်မှာ အထိနာရပြီပေါ့ဗျာ"

"ဟုတ်ပါပြီလေ . . . ထားပါတော့၊ အဲဒီတော့ ကျွန်တော်က ဘယ်လိုများ ကူညီဆောင်ရွက်ပေးရမှာပါလဲ"

"အဲဒီကောင်းခန့်ကုမ္ပဏီဆိုတာရယ်, မန်နေဂျာဆိုတဲ့ မှန်ကြောင်ချစ်ညွန့်ရယ်, သူ့ရဲ့တပည့် ညွန့်အောင်ဆိုတဲ့ အသားမည်းရယ်ကို ကျုပ် တွေ့ချင်တယ်ဗျာ၊ သူတို့ကိုရှာဖွေဖို့ ကျုပ်မှာတော့ အစွမ်းအစမရှိပါဘူး၊ စုံထောက်ကြီးတို့ကတော့ ဒီလိုကိစ္စမျိုးမှာ အစွမ်းအစထက်လေတော့ ကျုပ်ကို ကူညီပြီး ရှာပေးစေချင်တယ်ဗျာ၊ အကြံဉာဏ်များလည်း ပေးစေချင်ပါတယ် . . .၊

ကျုပ် အားထားနေရတဲ့ မောင်မောင်လတ်ကလည်း





မနေ့ကပဲ အိမ်ပြောင်းသွားလို့ သူ့ကိုလည်း ဘယ်လိုက်ရှာရမှန်း မသိပါဘူး"

ဤတွင် အိုင်အိုချစ်သွေးမှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားရတော့၏။

"ဗျာ . . . အဲဒီ မောင်မောင်လတ်ဆိုတဲ့လူဟာ မနေ့ကပဲ အိမ်ပြောင်းသွားပြီ . . . ဟုတ်လား"

"ဟုတ်ပါတယ်၊ သူ့ခမျာလည်း သဃ်န်းကျွန်းဘက်မှာ ဈေးချိုချိုနဲ့ အိမ်လုံးချင်းလေးငှားလို့ရတုန်းမို့ ရုတ်ခြည်းပြောင်းသွားရတာပါတဲ့၊ ကျုပ်အတွက် စာရေးထားခဲ့တယ်ဗျ၊ ကျုပ် အလုပ်အပြန်မှာ သူ့စာကို တွေ့ရတာလေ၊ နှုတ်မဆက်လိုက်ရလို့ စိတ်တောင်မကောင်းပါဘူးဗျာ"

"ဒါထက် . . . အဲဒီမောင်မောင်လတ်က ဘာအလုပ်လုပ်သလဲဗျ၊ သူက မိသားစုနဲ့နေတာလား"

"ဟုတ်ရိုးလားဗျာ၊ သူလည်း ကျုပ်လို တစ်ကိုယ်တည်းသမားလေးပါပဲ၊ အလုပ်ကတော့ အာမခံကိုယ်စားလှယ်တဲ့"

ထို့နောက်မှာမူ အိုင်အိုချစ်သွေးမှာ ကုလားထိုင်ကိုကျောမှီထိုင်လိုက်ကာ တံတောင်ဆစ်နှစ်ဖက်ကို ခုံ၏လက်ရန်းတို့



www.burmeseclassic.com

www.burmeseclassi.com



ပေါ် ထောက်လျက် လက်ချောင်းချင်းယှက်ရင်း စဉ်းစားခန်းဝင်လျက်ရှိလေ၏။

ကျွန်ုပ်လည်း စိတ်ဓာတ်အတော်ကျနေပုံရသည့်ခေါင်းဖြူကြီးကိုသောင်းမြင့်၏မျက်နှာစူပုပ်ပုပ်ကို ငေးကြည့်ကာ ရယ်ချင်ပက်ကျိ ဖြစ်နေမိလေသည်။

ဤသည်မှာ သူ့ကိုကိုယ်ချင်းမစာ၍ မဟုတ်ဘဲ သူ၏အမူအရာမှာ သနားစရာမကောင်းဘဲ ရယ်စရာကောင်းနေ၍ဖြစ်သည်။

ခဏအကြာတွင်မူ အိုင်အိုချစ်သွေးသည် ထူးထူးခြားခြားစိတ်အားထက်သန်သည့်မျက်နှာဖြင့် ကိုသောင်းမြင့်ကို စိုက်ကြည့်လိုက်ကာ . . .

"နောင်ကြီးရဲ့ခြံကို ပြန်မကြည့်နိုင်တာ ဘယ်လောက်ကြာပြီလဲဗျ"

ဟု မေးလိုက်လေ၏။

"အလုပ်စဝင်ကတည်းက ဆိုပါတော့ဗျာ၊ မနက်ဆိုလည်း ချက်ပြုတ်, ထမင်းချိုင့်ထည့်ပြီး အလုပ်အချိန်မီရောက်ဖို့ ဘတ်စ်ကားမှတ်တိုင်အရောက် ပြေးရတယ်ဗျာ၊ အလုပ်ကပြန်





လာတော့လည်း အလုပ်လုပ်ရ, ကားစီးရနဲ့မို့ ပင်ပန်းလာတော့ ရေမိုးချိုး ထမင်းစားပြီး တန်းအိပ်မိတာပါပဲ"

"ဟုတ်ပြီ၊ ဒါဆို . . . နေတဲ့အိမ်အနှံ့ကိုလည်း မစစ်ဆေးမိဘူးပေါ့"

"ကျုပ်ရဲ့အိမ်က နှစ်ထပ်အုတ်ပတ်ကားတက် ပျဉ်ထောင်အိမ်ဆိုတော့ အပေါ်ထပ်မှာပဲ အိပ်တယ်လေ၊ ဒီတော့ အလုပ်ပင်ပန်းတာနဲ့ ဧည့်ခန်း, မီးဖိုခန်းနဲ့ အပေါ်ထပ်အိပ်ခန်းက လွဲလို့ ဘယ်အခန်းမှ လိုက်မကြည့်ဖြစ်ပါဘူး"

ဤတွင် အိုင်အိုချစ်သွေးက ကျွန်ုပ်ဘက်သို့လှည့်ကြည့်ကာ . . .

"အာစရိ . . . အဲဒီကိစ္စကို ဘယ်လိုထင်သလဲဗျ"

ဟု ထင်မြင်ယူဆချက်ကို မေးတော့၏။

"အင်း . . . ကျုပ်တော့ ဘယ်လိုမှ မထင်တတ်ပါဘူးဗျာ၊ အကြောင်းတစ်ခုခုကြောင့် ကောင်းခန့်ကုမ္ပဏီ ရုပ်သိမ်းသွားတာ ဖြစ်မှာပေါ့၊ အဲဒီလိုအဖြစ်အပျက်တွေကတော့ ကုမ္ပဏီလောကမှာ မဆန်းပါဘူး"

"အခုကိစ္စကတော့ အတော်ဆန်းနေတယ် အာစရိရဲ့"



www.burmeseclassic.com

www.burmeseclassi.com



"ဘယ် ... ဘယ်လို"

"ဒီက နောင်ကြီး လက်ခံရရှိပိုင်ဆိုင်လေတဲ့ အင်းလျားကန်စောင်းကခြံကို တစ်ဦးပြီးတစ်ဦး လာဝယ်ဖို့၊ ငှားရမ်းဖို့ ကြိုးစား ကြတယ်၊ မအောင်မြင်ခဲ့ဘူး မဟုတ်လား ...၊

အဲဒီမှာတင် အဲဒီခြံနဲ့အိမ်ကို နေ့စဉ်ခွဲခွာထားရစ်ရမယ့် အလုပ်တစ်ခု ပေါ်လာတယ်၊ အလုပ်ကလည်း ခေါင်းဖြူသူကိုမှ ခန့်မယ့်အလုပ်တဲ့၊ ဘာကြောင့်လဲဆိုတော့ လူတွေဟာ ခေါင်းဖြူလေ ကိလေသာနည်းလေတဲ့၊ ယုတ္တိအတော်မရှိတဲ့ အကြောင်းပြချက်ပဲ အာစရိရဲ့"

"အဲဒါတော့ ဟုတ်တယ်"

"ဒါကြောင့် အဲဒီကိစ္စဟာ တော်တော့်ကိစ္စမဟုတ်ဘူးဗျ၊ အတော်ကို အရေးကြီးတဲ့ကိစ္စဖြစ်မယ်၊ သေချာကြိုတင်ကြံစည်ပြီး လုပ်ကိုင်ကြတဲ့ကိစ္စပဲ ဖြစ်မယ်"

အိုင်အိုချစ်သွေး၏ မှတ်ချက်စကားကို ကျွန်ုပ်မှာ နားမလည်သဖြင့် ပါးစပ်အဟောင်းသားနှင့်ဖြစ်ရသလို ခေါင်းဖြူကြီးကိုသောင်းမြင့်မှာလည်း မတွေးတတ်နိုင်အောင် ဖြစ်နေပုံရလေသည်။





"ဘယ် ... ဘယ်လို ကြိုတင်ကြံစည်လုပ်ကိုင်တာလဲဗျ၊ ကျုပ်တော့ ဘာမှနားမလည်အောင်ပါလား"

"အင်း ... နောက်တော့ နားလည်သွားပါလိမ့်မယ်လေ၊ လောလောဆယ် အကြံပေးချင်တာကတော့ နောင်ကြီးရဲ့ခြံနဲ့အိမ်အနှံ့ကို သေချာစစ်ဆေးကြည့်စေခင်တယ်၊ တစ်ခုခုတော့ ထူးနေလိမ့်မယ်လို့ ကျွန်တော်ယူဆတယ်"

"ဟင် ... ဟုတ်လား"

"ဟုတ်တယ်၊ ဖြစ်နိုင်ရင် ကျွန်တော်တို့ကိုယ်တိုင်လိုက်ပြီး စစ်ဆေးကြည့်ချင်တယ်"

"ဟာ ... ဆရာတို့ကိုယ်တိုင် လိုက်လာမယ်ဆိုရင် ကောင်းတာပေါ့ဗျာ၊ ကျုပ်ရဲ့အိမ်ဆီ လိုက်ခဲ့ကြပါ"

"ကဲ အာစရိရေ ... ဒီကိစ္စဟာ အတော်စိတ်ဝင်စားဖို့ကောင်းမယ့်ကိစ္စပဲဗျ၊ အာစရိလည်း လိုက်ခဲ့ဗျာ"

သို့ဖြင့် ...

ကျွန်ုပ်နှင့် ခေါင်းဖြူကြီးကိုသောင်းမြင့်တို့မှာ အိုင်အိုချစ်သွေး၏ အော်စတင်ကားနက်လေးဖြင့် လိုက်ပါခဲ့ကြပါတော့သတည်း။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassi.com



# မြေအောက်မှအလောင်း

ကျွန်ုပ်တို့လိုက်ပါလာသည့် အော်စတင်ကားနက်လေးသည် မြို့ထဲပိုင်းမှ ထွက်လာလျက် ပြည်လမ်းအတိုင်း မောင်းနှင်လာခဲ့ရာမှ ရန်ကုန်ယူနီဗာစီတီကို ကျော်လာခဲ့ပြီးနောက်တွင်မူ အင်းလျားကန်စောင်းသို့ ရောက်ရှိလာခဲ့တော့၏။

ယင်းသို့ရှိရာမှ လက်ယာဘက်သို့ ချိုးကွေ့ခဲ့ကာ ခေါင်းဖြူကြီးကိုသောင်းမြင့် ညွှန်ပြသည့် ခြံတစ်ခြံ၏တံခါးဝတွင် ကားကို ခေါင်းထိုးစိုက်လိုက်ရလေသည်။

ခု နစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassi.com



ခေါင်းဖြူကြီးကိုသောင်းမြင့်က ကားပေါ်မှဆင်းကာ ခြံတံခါးသော့ကိုဖွင့်ပြီးနောက်မှာမှ အိုင်အိုချစ်သွေးသည် ကားလေးကို ခြံဝင်းထဲသို့ မောင်းဝင်ခဲ့ပါတော့၏။

နှစ်ချို့သရက်ပင်ကြီးများနှင့်အတူ ချုံနွယ်ပိတ်ပေါင်းတို့ ထူထပ်စွာပေါက်ရောက်နေသည့် ခြံကြီး၏အလယ်တွင် ရေနံ့ဝနေသော အုတ်ပတ်ကားတက်နှစ်ထပ်ပျဉ်ထောင်အိမ်ဟောင်းကြီးကို တွေ့ရလေသည်။

အော်စတင်ကားလေးကို ဆင်ဝင်အောက်တွင် ရပ်လိုက်ပြီးနောက်တွင်မှ ...

ကားပေါ်မှဆင်းလာသည့် ကျွန်ုပ်တို့သည် ရှေးဦးစွာ ခြံဝင်းကြီးအနှံ့ လှည့်လာရှုစမ်းရန် ဆုံးဖြတ်လိုက်ကြတော့၏။

''ခြံထဲကို အရင်စစ်ဆေးကြည့်ကြတာပေါ့ ကိုသောင်းမြင့်''

''ဟုတ် ... ဟုတ်ကဲ့၊ ဒါထက် ကျုပ်ရဲ့ခြံကို ဘာဖြစ်လို့ စစ်ဆေးရမှာလဲဗျာ၊ ကျုပ်ဖြင့် နားကိုမလည်ဘူး၊ ရှင်းပြပါဦး စုံထောက်ကြီးရဲ့''

''ကျွန်တော့်ကို ကိုချစ်သွေးလို့ခေါ်နိုင်ပါတယ် နောင်ကြီး





ရဲ့၊ ဒီခြံနဲ့အိမ်ကို ဘာဖြစ်လို့ စစ်ဆေးကြည့်ရှုဖို့လိုအပ်သလဲဆိုရင် အဲဒီကိစ္စကြီးကို ကြံစည်တဲ့သူတွေဟာ ဒီခြံနဲ့အိမ်ကြီးကို ခဏဖြစ်ဖြစ် လိုချင်နေခဲ့ကြလို့ပဲဗျ''

''ဘယ် ... ဘယ်လို''

''ဒီလိုဗျာ ... သူတို့ဟာ အုပ်စုလိုက်ပဲဗျ။ အဲ ... လူသိပ်များများစားစားတော့ မဟုတ်ဘူး၊ အရေးကြီးတဲ့အကြောင်းတစ်ခုခုကြောင့် သူတို့ဟာ ဒီခြံနဲ့အိမ်ကို ငှားချင်ကြတယ်၊ ရောင်းမယ်ဆိုရင်လည်း ဝယ်ချင်ကြတယ် ...၊

ဒါပေမဲ့ ... နောင်ကြီးကလည်း မရောင်းနိုင်ဘူးဆိုတော့ သူတို့မှာ အခက်တွေ့နေတယ်၊ ဒါနဲ့ ဒီခြံနဲ့အိမ်ကြီးကို သူတို့ နာရီအတော်များများ အချိန်ယူ အသုံးချနိုင်စေဖို့ ကြံဆလာကြလိမ့်မယ် ...၊

အဲဒါဆို သူတို့ဘယ်လိုလုပ်ကြမလဲ ... နောင်ကြီးကို ဒီခြံ ဒီအိမ်ကြီးနဲ့ နာရီအတော်များများ ကင်းကွာသွားအောင် သူတို့ကြံစည်ကြရတော့မယ် ...၊

အဲဒီမှာ မောင်မောင်လတ်ဆိုတဲ့ကောင်က ဒီခြံဘေးက ခြံကို ငှားလိုက်ပြီး နောင်ကြီးနဲ့ အလွမ်းသင့်အောင် ကြိုးစားလိုက်



www.burmeseclassic.com

www.burmeseclassi.com



တယ်၊ နောင်ကြီးနဲ့ အပေးအယူ အခေါ်အပြောလည်း အဆင်ပြေလာရော နောင်ကြီးကို စာဖတ်ဖြစ်အောင် ဆွယ်လာတယ်၊ ပြီးတော့ ဂျာနယ်တွေ, နေ့စဉ်ထုတ်သတင်းစာတွေ ပေးဖတ်လာတယ် ...။

အဲဒီလို ပေးဖတ်ရင်းက သတင်းစာတစ်စောင်ထဲမှာ အလုပ်ခေါ်တဲ့ကြော်ငြာထည့်လိုက်ကြတယ် ...။

ကြော်ငြာကလည်း နောင်ကြီးနဲ့ကွက်တိဖြစ်အောင် ခေါင်းဖြူသူကိုမှ အလုပ်ခန့်မယ်ဆိုပြီး ကြော်ငြာလိုက်တယ်၊ လစာလည်း မက်လောက်စရာပေးမယ်ပေါ့ ...။

အဲဒီနောက် သူတို့ထည့်တဲ့ကြော်ငြာကို နောင်ကြီးဖတ်မိပြီး အလုပ်ဝင်ဖြစ်တဲ့အထိ စည်းဝါးရိုက်လုပ်ဆောင်ခဲ့ကြတာပါပဲ ...။

နေ့စဉ် မနက် ၉ နာရီကနေ ညနေ ၅ နာရီအထိ နောင်ကြီးအလုပ်ဆင်းနေချိန်မှာပဲ သူတို့ဟာ ဒီခြံကြီးထဲ ခိုးဝင်ပြီး တစ်စုံတစ်ရာ အသုံးချကြတယ်လို့ ကျွန်တော်ယူဆတယ်၊ ခုတော့ သူတို့ရဲ့ကိစ္စ အောင်မြင်သွားလို့လား, ဒါမှမဟုတ် သူတို့မျှော်မှန်းထားတာတွေ မဖြစ်မြောက်လို့လားတော့ မသိဘူး ...





သူတို့ရဲ့ဇာတ်ကို သူတို့သိမ်းသွားကြတာပဲ ...။

စဉ်းစားကြည့်လေ ... နောင်ကြီး အလုပ်သွားဖို့မလိုတော့တဲ့နေ့မှာပဲ မောင်မောင်လတ်လည်း ခြေရာဖျောက်သွားတယ်မဟုတ်လား၊ အဲဒါဟာ တိုက်ဆိုင်မှု မဖြစ်နိုင်ဘူး''

''ဒါ ဒါဆို ဟို ကောင်းခန့်ကုမ္ပဏီက မန်နေဂျာမှန်ကြောင်ချစ်ညွန့်နဲ့ မောင်မောင်လတ်တို့ ပူးပေါင်းကြံစည်ခဲ့ကြတာပေါ့ ... ဟုတ် လား''

''အဲဒီလိုပဲဖြစ်လိမ့်မယ်လို့ ကျွန်တော် ယူဆမိတယ် နောင်ကြီးရဲ့၊ ဘယ့်နှယ်လဲ အာစရိ ... ကျွန်တော့်ရဲ့တွေးလုံးလေးတွေ နိပ်ရဲ့လား''

အိုင်အိုချစ်သွေးက ကျွန်ုပ်ဘက်သို့ လှည့်ကြည့်ကာ ထောက်ခံချက်တောင်းလိုက်ရာ ကျွန်ုပ်လည်း သူ့တွေးဆချက်မှာ ဖြစ်နိုင်သဖြင့် ထောက်ခံပြောဆိုလိုက်ရတော့၏။

''ကိုချစ်သွေးရဲ့ယူဆချက်ဟာ အများကြီးဖြစ်နိုင်ပါတယ်၊ ဒါကြောင့်လည်း ကိုချစ်သွေးဟာ အင်းစိန်စီအိုင်ဒီဌာနရဲ့နာမည်ကျော်စုံထောက်တစ်ဦး ဖြစ်နေတာပဲဗျို့ ...။

ကျုပ်တော့ အဲဒီလို ဆက်စပ်ပြီး မစဉ်းစားနိုင်ခဲ့ဘူးဗျာ၊



www.burmeseclassic.com

www.burmeseclassi.com



ဒါကြောင့်လည်း ကျုပ်ဟာ စုံထောက်မဖြစ်ဘဲ စာရေးဆရာပဲ ဖြစ်နေရတာပေါ့လေ''

အိုင်အိုချစ်သွေးက ပြုံးလိုက်ပြီး . . .

''ကဲပါလေ . . . ကျွန်တော့်ရဲ့တွေးလုံး မှန့်မမှန် ခု မကြာခင်ပဲ သိရတော့မှာပါ၊ အဲ . . . ဟောဟိုချုံဘေးမှာ ကြည့်စမ်း . . . မြေတွေ ပွနေပါလား''

ဟုပြောကာ နဘူးချုံဘေးမှ မြေပြင်ကို လက်ညှိုးညွှန်ပြလိုက်တော့သည်။

''ဒီနေရာဟာ အရင်က ဒီလိုပဲ မြေတွေပွနေခဲ့သလား နောင်ကြီးကိုသောင်းမြင့်''

''ဟင့်အင်း . . . မြေတွေ ဒီလိုပွမနေခဲ့ပါဘူး၊ ခုဟာက မြေကို တူးဆွထားပုံပဲ''

အိုင်အိုချစ်သွေးက ဒူးတစ်ဖက်ထောက် ထိုင်ချလိုက်ပြီး မြေကြီးများကို လက်ဖြင့် ယက်ထုတ်နေရာမှ အားမလိုအားမရဖြစ်လာပြီး သူလွယ်လာသည့် သားရေအိတ်ထဲမှ တောလိုက်ဓားမြှောင်ကိုထုတ်ကာ မြေကြီးကို တူးဆွဖယ်ထုတ်လေရာ ကျွန်ုပ်နှင့်ခေါင်းဖြူကြီးတို့လည်း ဝိုင်းကူကြလေ၏။





မြေကြီးကို တစ်တောင်ကျော်ကျော်ခန့် တူးဆွပြီးသည့်တိုင် မည်သည့်ထူးခြားချက်မျှ မတွေ့ရသဖြင့် ကျွန်ုပ်တို့မှာ မြေကို ပြန်ဖို့လိုက်ကြရလေသည်။

ခြံကြီးအနှံ့ ဆက်လက်ရှာဖွေစူးစမ်းကြရာ လေးငါးနေရာခန့် တူးဆွထားကြသည့် ခြေရာလက်ရာတို့ကို တွေ့မြင်ကြရသဖြင့် အိုင်အိုချစ်သွေး၏ယူဆချက်မှာ မှန်ကန်နေပြီဖြစ်ကြောင်း ထင်ရှားလာတော့၏။

''ကျုပ်တော့ ဒီခြံကြီးထဲမှာ ဘာမှ ထူးထူးခြားခြား ရှိတယ်လို့ မထင်ပါဘူး၊ သူတို့ကတော့ တူးဆွထားလိုက်ကြတာ နေရာအနှံ့ပါပဲဗျာ၊ ဘာပဲဖြစ်ဖြစ် ကျုပ်ကို မောင်မောင်လတ်ဆိုတဲ့ကောင်လေးက အယုံသွင်းပြီး အရူးလုပ်သွားတာပဲ ခံရခက်လှသဗျာ''

''ဒါထက် နောင်ကြီးကိုမေးရဦးမယ်၊ အဲဒီမောင်မောင်လတ်ရဲ့ရုပ်ရည်သွင်ပြင်ကို သေချာပြောပြပါဦး၊ သူဟာ မိန်းမချောချောတဲ့သူလား''

''ဟုတ်ပါ့ ဆရာချစ်သွေးရယ် . . . ယောကျ်ားတန်မဲ့ချောတာတော့ အတော်ချောတဲ့ သူငယ်ဗျ၊ လက်ချောင်းကလေး



www.burmeseclassic.com

www.burmeseclassi.com



တွေ့၊ ခြေချောင်းလေးတွေကအစ ဖြူဖြူသန့်သန့်လေးတွေဗျ၊ လူက နည်းနည်းညှက်နေလို့သာ''

''သူ့ရဲ့နားမှာ နားပေါက်တွေ ဘာတွေတော့ မရှိပါဘူးနော်''

''အဲဒါတော့ သတိမထားမိဘူး၊ ရှိမယ်မထင်ဘူးဗျ''

''သူက ဘယ်လိုအဝတ်အစားမျိုး ဝတ်တတ်သလဲ''

''အောက်ကရှပ်အင်္ကျီဝတ်ပြီး အပေါ်ကနေ ကုတ်အင်္ကျီ ဖားဖားကြီးကို အမြဲလိုလို ဝတ်ထားတယ်ဗျ၊ တစ်ခါတလေတော့လည်း ပုဆိုး၊ တစ်ခါတလေတော့လည်း ဘောင်းဘီရှည်အနက်ရောင် ဝတ်လေ့ရှိတယ်၊ သက္ကလတ်ဦးထုပ်ကိုလည်း ဆောင်းထားလေ့ရှိတယ်ဗျ၊ သူ့ပုံစံက အာမခံကိုယ်စားလှယ်နဲ့မတူဘဲ ကောင်းဘွိုင်ပုံပေါက်နေတယ်ဗျ၊ လူကတော့ ဖျတ်ဖျတ်လတ်လတ်ပါပဲ''

''သူ့ရဲ့ဝဲဘက်မေးရိုးအောက်မှာ မှဲ့လေးတစ်လုံး ရှိသလား''

သည်တစ်ခါမေးသည့် အိုင်အိုချစ်သွေး၏မေးခွန်းကိုမူ ရုတ်တရက် မဖြေနိုင်ဘဲ ခေါင်းဖြူကြီးကိုသောင်းမြင့်မှာ တွေတွေငေးငေးဖြစ်သွားရလေသည်။ ခဏကြာမှ ဖြေသည်။





''အဲ . . . ဟုတ်တယ်၊ သူ့ရဲ့ဝဲဘက်မေးရိုးအောက်မှာ မှဲ့နီနီလေးတစ်လုံး ရှိတာ သတိထားမိတယ်ဗျ၊ အဲဒီမှဲ့လေးကို တွေ့စက ဒီငနဲလေး ယောကျ်ားလေးတန်မဲ့ မှဲ့နီနီလေးနဲ့ ချစ်စရာပဲလို့ တွေးမိတာ သတိရမိတယ်ဗျို့''

''ဟုတ်ပြီ . . . ဒါဆိုရင်တော့ သေချာသွားပါပြီ''

''ဘာ ဘာသေချာတာလဲ ဆရာချစ်သွေးရဲ့''

''သူဟာ ယောကျ်ားမဟုတ်ဘူးဗျ၊ မိန်းမတစ်ယောက်ပဲ၊ အဲဒါ သေချာပြီလို့ပြောတာ''

''ဘာ''

အိုင်အိုချစ်သွေး၏စကားကြောင့် ခေါင်းဖြူကြီးကိုသောင်းမြင့်မှာ အတော်အံ့အားသင့်ကာ လှုပ်လှုပ်ရှားရှားဖြစ်သွားရတော့၏။ ကျွန်ုပ်လည်း မျက်ခုံးပင့်လိုက်မိချေသည်။

''မောင် မောင်လတ်ဟာ မိန်းမ . . . ဟုတ်လား''

''ဟုတ်တယ်၊ သူ့ကို ဒုစရိုက်လောကသားတွေက ခုနစ်လွှာမျက်နှာရှင် ပန်းသခင်လို့ခေါ်ကြတယ်၊ သူ့ရဲ့နာမည်အရင်းကတော့ မနန်းစိမ့်ပါ၊ ရှမ်းမြန်မာသွေးရောတဲ့ မိန်းမချောလေးပါပဲ၊ သူ့ရဲ့အဖေက အထက်မြန်မာပြည် ဒုစရိုက်လောကမှာ ဘုရင်



www.burmeseclassic.com

www.burmeseclassi.com



တစ်ဆူဖြစ်ခဲ့တဲ့ ခြောက်ထောင်ပြန်မျိုးဝင်းပါပဲ၊ အာစရိကြားဖူးမှာပေါ့''

''ကြားဖူးပြီးလားဗျာ၊ သူလည်း နယ်နယ်ရရ လူဆိုးဘုရင် မဟုတ်ဘူးနော်''

''ဟုတ်တယ်၊ သူဟာ ဖောက်ထွင်းဝိဇ္ဇာအကြီးစားပဲဗျ၊ သူ့ရဲ့မိန်းမဟာ စော်ဘွားမျိုးနွယ်က ဆင်းသက်လာတဲ့ နန်းတင်တင်ရီတဲ့၊ ယောကျ်ားရဲ့ဒဏ်ကို မခံနိုင်လို့ နောက်ဆုံးယောဂီဝတ်ပြီး စစ်ကိုင်းမှာတရားအားထုတ်နေလေရဲ့၊ မနန်းစိမ့်ကတော့ ဖအေသွေးပါပြီး ငယ်ငယ်လေးကတည်းက ဒုစရိုက်မှုမျိုးစုံ ကျူးလွန်ခဲ့သူလေးဗျ၊ သူ့အဖေအဖမ်းခံရပြီး ထောင်ကျသွားတိုင်း သူ့အဖေရဲ့လက်ငုတ်လက်ရင်းတွေကိုကိုင်ပြီး သူ့အဖေရဲ့တပည့်တွေကို သူကိုယ်တိုင် အုပ်ချုပ်စီမံနိုင်သူလေးဗျ၊ စွမ်းရည်အတော်ထက်မြက်ပြီး သတ္တိကောင်းသူလေးပါပဲ''

''ဒါထက် ခြောက်ထောင်ပြန်မျိုးဝင်းက ဘယ်ရောက်သွားသလဲဗျ''

''လူသတ်လုယက်မှုသုံးမှုကြောင့် တစ်ကျွန်းအပို့ခံရပြီး မနှစ်ကပဲ သေသွားတယ်လေဗျာ၊ သူ့ရဲ့တပည့်ရင်းတွေဖြစ်ကြတဲ့





နှင်းစိုးဦးနဲ့ ခွန်ကြည်စိုးတို့ သစ္စာဖောက်လက်ထောက်ချလိုက်လို့ ရှမ်းပြည်နယ်, တောင်ကြီးမြို့ကနေ ခြောက်ဆယ့်သုံးမိုင်လောက်ဝေးတဲ့ နမ့်စမ်ဆိုတဲ့မြို့လေးမှာ အဖမ်းခံခဲ့ရသူပေါ့''

''ဪ''

''သူ့ရဲ့အဖေကို ဖမ်းမိပေမယ့် သူ့အဖေထက် ပါးနပ်တဲ့ မနန်းစိမ့်ကိုတော့ ခုအထိ ဖမ်းမမိသေးဘူးဗျ၊ စုံထောက်မင်းကြီးနဲ့ ပုလိပ်မင်းကြီးတို့ကဆို အဲဒီ ခုနှစ်လွှာမျက်နှာရှင် ပန်းသခင်ဆိုတဲ့ မနန်းစိမ့်ကို အသေရရ အရှင်ရရ လိုချင်နေတာဗျ၊ အခု ဒီခြံကို ဝင်မွှေသွားတဲ့ကိစ္စမှာလည်း သူ ဦးဆောင်ကြံစည်သွားတာပဲ ဖြစ်ရမယ် အာစရိရဲ့''

ဤတွင် ခေါင်းဖြူကြီး ကိုသောင်းမြင့်က မကျေမချမ်းဖြင့် တောက်ခတ်လိုက်တော့၏။

''တောက် . . . မိန်းမတွေကိုမုန်းပါတယ်ဆိုမှ အခု မိန်းမတစ်ယောက်ရဲ့ အနှုပ်ခံလိုက်ရပြန်ပြီ နာလိုက်တာဗျာ''

ကျွန်ုပ်မှာ ကြိတ်မနိုင်ခဲမရဖြစ်နေသည့် အန္တီခေါင်းဖြူကြီးကိုကြည့်ကာ မအောင့်နိုင်ဘဲ ရယ်လိုက်မိတော့၏။

''ဟဲ ဟဲ ဟဲ ဟဲ''



www.burmeseclassic.com

www.burmeseclassi.com



"ခင်ဗျားက ဘာရယ်တာလဲ စာရေးဆရာ၊ ဘာလဲ . . . ကျုပ်ကို လှောင်တာလား၊ ကျုပ်မှာ ပထမမိန်းမတစ်ယောက်ကြောင့် အသည်းကွဲ အရှက်ကွဲပြီး ဘဝပါပျက်ခဲ့ရတယ်၊ ခုတစ်ခါ မိန်းမတစ်ယောက်ရဲ့ လှည့်ဖြားမှုခံရလို့ တည်ငြိမ်နေတဲ့ဘဝ ပျက်ယွင်းရပြီး မျှော်လင့်ချက်တွေပါ ကြက်ပျောက်ငှက်ပျောက် ပျောက်ခဲ့ရတယ်၊ ဒါကို ခင်ဗျားက လှောင်စရာလားဗျ"

ခေါင်းဖြူကြီးသောင်းမြင့်မှာ မနိုင်,နိုင်ရာမဲဆိုသလို ကျွန်ုပ်ကို ရှက်ရမ်းရမ်းပြီး မဲလာရာ သူ စိတ်ပြေအောင် လှည့်ပတ်ပြောရတော့၏။

"မဟုတ်ရပါဘူးဗျာ၊ မိန်းမတွေရဲ့ လည်ပုံလည်နည်းကို သဘောကျလို့ ရယ်မိတာပါဗျ"

"ဘာသဘောကျစရာရှိသလဲဗျ၊ မဟုတ်တာကို ကလိန်စေ့ ငြမ်းစင်တဲ့ဟာတွေ၊ ကျုပ်ဖြင့် နည်းနည်းမှကို မကျေနပ်ဘူးဗျာ၊ ဆရာချစ်သွေး . . . အဲဒီ ပန်း ဘာဖြစ်တယ်၊ အဲ . . . ပန်းသခင်ဆိုတဲ့ ဒုစရိုက်မကို ဖမ်းမိနိုင်အောင် ကြိုးစားစမ်းဗျာ၊ ကျုပ် တတ်နိုင်သလောက် ကူညီထောက်ပံ့ပါ့မယ်"

"ကောင်းပြီလေ . . . ပန်းသခင်ကိုဖမ်းမိဖို့ လိုအပ်တဲ့





အခါကျရင်သာ နောင်ကြီးက ကူညီပါ"

"စိတ်ချဗျာ . . . ကူညီမယ် ကူညီမယ်"

"ဟော ဒါထက် . . . ဟောဟို ကုန်းကမူလေးပေါ်မှာ မြေစာတွေပွနေသလိုပါလား"

ခြံနောက်ပိုင်း ကန်စပ်အနီးရှိ ဆူးချုံနှစ်ခု၏အလယ်မှ ကုန်းကမူလေးဆီ လက်ညှိုးညွှန်ပြပြီး အိုင်အိုချစ်သွေးက ရှေ့မှ သွားရာ ကျွန်ုပ်တို့လည်း သူ့နောက်မှလိုက်ရလေ၏။

အိုင်အိုချစ်သွေးက ယင်းကုန်းကမူပေါ်မှ မြေစာပွပွတို့ကို တူးဆွဖယ်ရှားလေရာ ကျွန်ုပ်နှင့် ခေါင်းဖြူကြီးတို့လည်း ဝိုင်းဝန်း ကူညီကြရလေသည်။

"ဟော . . . ဒီအောက်မှာ ကျောက်ဖျာတစ်ချပ်ဗျ"

သို့သော် တကယ်ဆက်ပြီး တူးသွားကြည့်ရာ ရိုးရိုး ကျောက်ဖျာမဟုတ်ဘဲ လက်ကိုင်သံကွင်းပါသည့် ကျောက်သား တံခါးချပ်လိုဖြစ်ကြောင်း တွေ့ရလေသည်။

အိုင်အိုချစ်သွေးက ယင်းကျောက်တံခါးချပ်ကို လက်ကိုင် သံကွင်းမှ အားစိုက်ဆွဲမ ဖွင့်လိုက်ရာ . . .

'ကျွီ ကျွီ ကျွီ ကျွီ'



www.burmeseclassic.com

www.burmeseclassi.com



ဟူ၍ ပတ္တာမြည်သံများ ထွက်ပေါ်လာပြီးနောက် ကျောက်တံခါးချပ်မှာပွင့်သွားတော့ရာ အောက်ဘက်သို့ဆင်းသည့် ကျောက်သားလှေကားထစ်တို့ကို တွေ့ရတော့၏။

''ဒါ မြေအောက်ထဲဆင်းတဲ့ လျှို့ဝှက်အပေါက်ပဲ''

အိုင်အိုချစ်သွေးကိုယ်တိုင် စိတ်လှုပ်ရှားတက်ကြွသွားပြီး သူ၏ သားရေလွယ်အိတ်ထဲမှ လက်နှိပ်ဓာတ်မီးကို ထုတ်ကာ ကျောက်လှေကားမှဆင်းရန် ဟန်ပြင်တော့၏။

''ကျုပ်တို့လည်း လိုက်ဆင်းကြည့်မယ်''

ထူးထူးဆန်းဆန်းဆိုလျှင် လေ့လာစူးစမ်းရန် ဝါသနာပါသည့် ကျွန်ုပ်က အိုင်အိုချစ်သွေး၏နောက်မှ လိုက်ဆင်းသလို ခေါင်းဖြူကြီးကိုသောင်းမြင့်သည်လည်း လိုက်ပါလာတော့သည်။

ကျွန်ုပ်တို့သည် ကျောက်သားလှေကားထစ်များအတိုင်း ဆင်းလာခဲ့ကြရာ လှေကားထစ်တို့အဆုံးတွင် မြေအောက်လိုဏ်လမ်းကြောင်းကို တွေ့ရလေ၏။

နှစ်ပေခွဲခန့်သာကျယ်ပြီး ခြောက်ပေခန့်မြင့်သော လိုဏ်လမ်းကွေ့ကွေ့ကောက်ကောက်အတိုင်း ကျွန်ုပ်တို့ တစ်လှမ်းချင်းလှမ်းလာလိုက်ကြရာ ဆယ့်လေးငါးကိုက်ခန့်သွားမိလျှင် ဆယ့်ငါး





ပေ ပတ်လည်ခန့်ကျယ်ဝန်းသည့် မြေတိုက်ခန်းတစ်ခုသို့ ရောက်ရှိသွားတော့၏။

ဤတွင် အိုင်အိုချစ်သွေးက မြေတိုက်၏ နံရံကပ်မီးအိမ်တို့ကို ထွန်းညှိလိုက်ရာ မြေတိုက်ခန်းမှာ လင်းကျင်းသွားပါတော့သည်။

''ဟာ ... ဒီ ဒီမှာ လူတစ်ယောက်ပါလား''

လူတို့ပြုပြင်ထားသည့် မြေတိုက်ခန်းကြီး၏ ကျောက်ကြမ်းပြင်ပေါ်ဝယ် လူတစ်ဦးမှာ မှောက်ခုံအနေအထားဖြင့် လဲကျနေရာ အိုင်အိုချစ်သွေးက ထိုလူ၏အနီးတွင် ဒူးတစ်ဖက်ထောက်ထိုင်လိုက်ပြီး လည်ပင်းသွေးကြောကြီးနှင့် ရင်ဘတ်ကို စမ်းသပ်ကြည့်တော့၏။

ခဏကြာမှ သူက ထရပ်လိုက်သည်။

''ဒီလူ သေနေပြီ''

ကျွန်ုပ်က အလောင်းကို ပက်လက်ဆွဲလှန်လိုက်ရာ ရင်ဝဝယ် သွေးတို့ရွှဲလျက်ရှိကြောင်း တွေ့ရလေသည်။

ယင်းသွေးတို့မှာ ခြောက်သွေ့လျက်ရှိပြီး သွေးညှီနံ့က မြေတိုက်ခန်းထဲတွင် ပျံ့နှံ့ စိုးမိုးလျက် ရှိတော့၏။



www.burmeseclassic.com

www.burmeseclassi.com



"ဟာ ... ဒါ ဒါဟာ ကုမ္ပဏီမန်နေဂျာ မှန်ကြောင် ချစ်ညွန့်ပဲ"

အလောင်း၏မျက်နှာကိုကြည့်ပြီး ထအော်လိုက်သူက ခေါင်းဖြူကြီးပဲ ဖြစ်ပါသည်။

"သူတို့အချင်းချင်း အကြောင်းတစ်ခုခုကြောင့် အပြတ်ရှင်းလိုက်ပြီး အလောင်းကို ဒီအတိုင်းထားခဲ့တာပဲ အာစရိရေ၊ ဒီမြေအောက်လိုဏ်ဂူထဲ ဘယ်သူမှရောက်လာမှာမဟုတ်ဘူးလို့ တွက်ပြီး အလောင်းကို မဖျောက်ဖျက်ဘဲ ထားခဲ့တာ ဖြစ်မယ်ဗျ"

"လာ လာ ... ရှေ့လိုဏ်လမ်းအတိုင်း ဆက်သွားကြည့်ကြရအောင်"

ကျွန်ုပ်တို့လည်း ဥမင်လိုဏ်လမ်းအတိုင်း ရှေ့ဆက်လျှောက်လှမ်းသွားကြရာ ဆယ်ကိုက်ခန့် လှမ်းမိလေလျှင် လိုဏ်လမ်းသည် ဆုံးသွားပြီး အပေါ်သို့တက်သည့် သံလှေကားတစ်ခု နံရံ၌ ထောင်လျက် အသေကပ်ထားသည်ကို တွေ့ရလေသည်။

ထိုအခါ အိုင်အိုချစ်သွေးကပင် ဦးဆောင်လျက် ရှေ့မှ တက်သွားပြီး သံလှေကားထိပ်မှ အမိုးကို အားစိုက်တွန်းလိုက်ရာ တံခါးအဖုံးတစ်ခုဖြစ်နေသဖြင့် အံဖုံးပွင့်သွားတော့၏။





ဤတွင် ကျွန်ုပ်တို့လည်း ထိုအံဖုံးတံခါးပေါက်မှ တစ်ယောက်ချင်း တွယ်တက်လိုက်ကြတော့ရာ ဆယ့်နှစ်ပေ ပတ်လည်ခန့်ကျယ်ဝန်းသည့် အခန်းတစ်ခန်းထဲသို့ ရောက်ရှိသွားကြပါတော့၏။

"ဟာ ... ဒါ ကျုပ်အိမ်ရဲ့ နောက်ပိုင်းက စတိုခန်းပဲဗျ"

နံရံကပ်ဗီရိုနှစ်လုံးနှင့် မီးပြဒယ်အိုးကြီးများ၊ ကားတာယာဟောင်းများရှိသည့် စတိုခန်းကြီး၏ နံရံတစ်ဖက်နားတွင် ထောင်လျက်ရှိသော ကြွေပန်းအိုးကြီးသုံးလုံးအနက် အလယ်မှ ကြွေပန်းအိုးမှာ အစိတ်စိတ်အမွှာမွှာ ကွဲလျက်ရှိသည်ကိုတွေ့ရလေသည်။

"ဟာ ... ပန်းအိုးသုံးလုံးထဲက အလယ်ပန်းအိုးက ကွဲနေပါလား"

"ကွဲတာမဟုတ်ဘူး၊ ခွဲသွားတာ၊ ပန်းအိုးကိုခွဲပြီး သူတို့ တစ်ခုခု ရှာဖွေခဲ့ပုံရတယ်၊ လျှို့ဝှက်ရတနာပစ္စည်းတစ်ခုခု ဖြစ်နိုင်တယ်"

"အင်း ... ဒီအိမ်ကို ကျုပ် စပိုင်ကတည်းက ဒီတရုတ်ကြွေပန်းအိုးကြီးတွေက ရှိနေတာဗျ၊ အထဲမှာ မြေကြီးတွေအပြည့်



www.burmeseclassic.com

www.burmeseclassi.com



အသိပ်နဲ့မို့ လေးလံလွန်းတာနဲ့ အိမ်အပြင်ဘက် မရွှေ့နိုင်ဘဲ ဒီစတိုခန်းထဲမှာပဲ ထားတာ''

''ဟုတ်ပါတယ်လေ ... ရည်ရွယ်ချက်တစ်ခုခုနဲ့ တည်ရှိခဲ့တဲ့ ပန်းအိုးကြီးတွေပါပဲ၊ ဒါပေမဲ့ ပန်းသခင်တို့ဟာ သူတို့လိုချင်တဲ့အရာ ဒီပန်းအိုးကြီးတွေထဲမှာ ရှိတယ်ဆိုတာကို သေချာသိခဲ့ကြပုံတော့ မရဘူး၊ ဒီခြံကြီးနဲ့ ဒီအိမ်ထဲမှာရှိတယ်ဆိုတာကိုတော့ သတင်းရထားပုံပဲ ...၊

အထူးသဖြင့် ခြံထဲမှာရှိတယ်လို့ သိထားပုံရတယ်၊ ဒါကြောင့် သူတို့ဟာ ခြံအနှံ့ တူးဆွပြီး ရှာဖွေခဲ့ကြတာပဲ၊ အဲဒီလို ရှာဖွေရင်း မြေအောက်လိုဏ်လမ်းကို တွေ့ရှိခဲ့ကြပြီး ဒီစတိုခန်းထဲ ရောက်ရှိခဲ့ကြရာက ဒီပန်းအိုးကို ခွဲကြည့်ခဲ့ကြပုံရတယ် ...၊

အင်း ... ဘာပဲဖြစ်ဖြစ်လေ ပန်းသခင်တို့က လူသတ်မှုကို ကျူးလွန်ခဲ့ပြီ၊ ဒါကြောင့် ရာဇဝတ်မှုမြောက်သွားပြီဖြစ်လို့ ရာဇဝတ်ကြောင်းအရ ဆက်လက်အရေးယူဆောင်ရွက်ရတော့မှာပါပဲ''

❋ ❋ ❋





## မဲ့နှီရှင်မ

ဖော်ပြပါ အဖြစ်အပျက်များဖြစ်ပျက်ခဲ့ပြီးနောက် တစ်နှစ်ကျော်ခန့်အကြာတွင် ...

အိုင်အိုချစ်သွေးသည် သူ၏ အော်စတင်ကားနက်လေးဖြင့် ဗားကရာချောက်အနီးရှိ ကျွန်ုပ်၏ နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးဆီသို့ ရောက်ရှိလာတော့၏။

''အာစရိရေ ... ဥပဒေရဲ့လက်ထဲကနေ လွတ်အောင် လိမ္မာပါးနပ်စွာ ရှောင်တတ်တဲ့နေရာမှာ နိုးတူးဖြစ်တဲ့ ပန်းသခင်ကို



www.burmeseclassic.com

www.burmeseclassi.com



မှတ်မိသေးရဲ့လားဗျ''

အိမ်ရှေ့ဝရန်တာ၌ ပက်လက်ကုလားထိုင်ဖြင့် ထိုင်နေသည့် ကျွန်ုပ်၏ရှေ့တွင် ဝင်ထိုင်ပြီးသည်နှင့် အိုင်အိုချစ်သွေးက ပြုံးလျက် မေးလိုက်တော့သည်။

''ပန်းသခင် ... ဟုတ်လား၊ ခုနစ်လွှာမျက်နှာရှင် ပန်းသခင်ကို ပြောတာလား''

''ဟုတ်တယ် အာစရိ၊ အာစရိက သူ့ကိုမှတ်မိသားပဲ''

''ထူးခြားတဲ့သူလေးမို့ မှတ်မိနေတာဗျ၊ ဘာလဲ ... အခု သူ့ကိုဖမ်းမိပြီလား''

''ဖမ်းလို့တော့ မမိသေးဘူး အာစရိရဲ့၊ ဒါပေမဲ့ သူက ထိတ်လန့်စရာကောင်းတဲ့ ရာဇဝတ်မှုတစ်ခုကို ထပ်ကျူးလွန်ထားတယ်လို့ ယူဆရတဲ့သတင်း သဲ့သဲ့ကြားထားရပြီဗျ''

''ဟုတ်လား ... ဘယ်လို ထိတ်လန့်စရာကောင်းတဲ့ ရာဇဝတ်မှုမျိုးကို သူ ကျူးလွန်ပြန်ပြီလဲဗျ''

''ဒီတစ်ခါ သူကျူးလွန်တဲ့အမှုက အတော်ကြောက်စရာကောင်းတဲ့ အမှုပဲဗျ၊ တခြားမိန်းမတစ်ယောက်ရဲ့နေရာမှာ သူက အစားဝင်ပြီး အဲဒီမိန်းမရမယ့်အမွေအနှစ်တွေကို အပိုင်စီးဖို့ ကြံ





နေတာ အာစရိရဲ့''

''ဘုရား ဘုရား ... မကြံကောင်းမစည်ရာ အတင့်ရဲလှချေလားဗျ''

''ဒါ့ကြောင့်လည်း ခုနစ်လွှာမျက်နှာရှင် ပန်းသခင်ရယ်လို့ နာမည်ကျော်ပေတာပေါ့ဗျာ''

''နေပါဦး ကိုချစ်သွေးရဲ့ ... အဲဒီသတင်းကို မောင်ရင်က ဘယ်လိုရတာလဲ''

''အဲဒီသတင်းကို ဘယ်လိုရခဲ့သလဲဆိုတော့ အင်း ... ဒီလို အာစရိရဲ့''

ဤတွင် အိုင်အိုချစ်သွေးပြောပြခဲ့သည်တို့ကို တင်ပြလိုက်ရပါသည်။

✱

www.burmeseclassic.com

www.burmeseclassi.com

လွန်ခဲ့သောလက မော်လမြိုင်မြို့တွင် လူသတ်မှုတစ်ခု ဖြစ်ပွားရာ တရားခံကို စုံစမ်းဖော်ထုတ်ရန် ခက်နေသဖြင့် အင်းစိန်စီအိုင်ဒီမှ အိုင်အိုချစ်သွေးအား စေလွှတ်ထောက်လှမ်းခိုင်းခဲ့လေ၏။

အိုင်အိုချစ်သွေး၏ ထောက်လှမ်းစုံစမ်းမှုကြောင့် ယင်းလူသတ်မှုကို ကျူးလွန်သူမှာ ထားဝယ်ဘက်မှ လှေသူကြီးတစ်ဦး ဖြစ်ကြောင်း သိရှိရရာ မော်လမြိုင်ဂါတ်မှ ဆားပုလင်းကံဦး၊ မြဖေတို့နှင့်အတူ အိုင်အိုချစ်သွေးသည် တရားခံကိုဖမ်းဆီးရန် ထားဝယ်သို့ စက်လှေငှားပြီး လိုက်သွားခဲ့ရလေသည်။





သူတို့ ထားဝယ်သို့ရောက်တော့ ဖြစ်မှုကျူးလွန်သူ လှေသူကြီးဘသောင်းမှာ မြိတ်ဘက်သို့ ထွက်ပြေးသွားပြီဟု သတင်းရသဖြင့် မြိတ်သို့ ဆက်လိုက်ကာ တရားခံဘသောင်းကို ဒုံးကျွန်းတွင် ခက်ခက်ခဲခဲ ဖမ်းဆီးခဲ့ရလေသည်။

တရားခံကိုဖမ်းမိပြီး စက်လှေဖြင့် မော်လမြိုင်သို့ ခေါ်လာစဉ် ပုလောမြို့အနီး ရောက်လုလုတွင် ကဘားဆိုသည့် တံငါရွာကြီးကို စက်လှေပေါ်မှ လှမ်းတွေ့ရရာ ညဘက်ဖြစ်သဖြင့် မီးရောင်လဲ့လဲ့သာ တွေ့ရသော ယင်းရွာကြီးဆီ အိုင်အိုချစ်သွေး ငေးကြည့်နေမိလေသည်။

ထိုစဉ် ...

ညစာထမင်းစားပြီး၍ လက်ဖက်ရည်ကြမ်းဝိုင်းဖွဲ့နေကြသည့် စက်လှေသမားတစ်စုထံမှ ကြားလိုက်ရသော စကားတစ်ခွန်းက အိုင်အိုချစ်သွေး၏အာရုံကို ဖမ်းစားလိုက်တော့သည်။

"အဲဒီ ငါတို့ကဘားရွာကို ရောက်လာတဲ့ မကျော့သွယ်ဆိုတဲ့မိန်းမက အတော်ကြီးကို လှတာကွ၊ ငါဖြင့် သူ့ရဲ့အလှကို အဝေးကပဲ ခဏတစ်ဖြုတ်တွေ့ရတာ အားမရပါဘူးကွာ"

"ခဏတစ်ဖြုတ်တွေ့ရတာ အားမရရင် သူ့ရဲ့အိမ် သွား



www.burmeseclassic.com

www.burmeseclassi.com



လည်လိုက်ပေါ့ကွ မျိုးတင့်ကြီးရ''

''အောင်မယ်လေး ... သွားမလည်ရဲပါဘူးကွာ၊ ပြီးခဲ့တဲ့လက သူ့အိမ်ကို ရန်ကုန်က ကိုမြသိန်းဆိုလား ဧည့်သည်တစ်ယောက် စုံစမ်းပြီးရောက်လာခဲ့တယ်တဲ့ကွ၊ အဲဒီလူ ကဘားကနေ ပြန်သွားတာကို ဘယ်သူမှ သတိမပြုမိဘူးတဲ့ကွ ...၊

ပြောရရင် ရန်ကုန်က အမျိုးသားချောချောတစ်ယောက် မကျော့သွယ်ဆီ အလည်ရောက်လာတယ်ဆိုတော့ ရွာက ကာလသားတွေကလည်း စိတ်ဝင်စားပြီး ကာလသားခေါင်းလှကြိုင်ဆို မကျော့သွယ်တို့ခြံရဲ့ မျက်စောင်းထိုးက ကုက္ကိုပင်ကြီးအောက်ကနေ တစ်ညလုံး သွားချောင်းနေခဲ့တာတဲ့၊ ဧည့်သည်က ညနေစောင်းမှာ ရောက်လာတာ၊ ဒါပေမဲ့ အဲဒီဧည့်သည် မိုးလင်းတဲ့အထိ ပြန်ထွက်လာတာ မတွေ့ရဘူးတဲ့ ...၊

လှကြိုင်ရဲ့နောက် ညွန့်ဆွေဆိုတဲ့ ကာလသားလူပျိုကြီးက ဆက်စောင့်ကြည့်ပြန်တော့လည်း နောက်နေ့ မွန်းလွဲတဲ့အထိ အဲဒီဧည့်သည်လူစိမ်း ပြန်သွားတာမတွေ့ရဘူးတဲ့''

''ဟ ... ဒါဆို အဲဒီဧည့်သည်ယောက်ျားဟာ မကျော့သွယ်ရဲ့ အိမ်ထဲမှာပဲ ပျောက်သွားတာပေါ့ ... ဟုတ်လား''





''အေး ... အဲဒီလို လူတွေပြောနေကြတာပဲကွ၊ ဒါကြောင့် ငါတော့ အဲဒီမကျော့သွယ်ရဲ့အိမ်ဆီ သွားမလည်ရဲဘူးကွ မြင့်ထွန်းရ''

''နေပါဦး ... အဲဒီ မကျော့သွယ်က ကဘားရွာသူပဲ မဟုတ်လား မျိုးတင့်ရ''

''ဟုတ်တော့ဟုတ်တယ်၊ ဒါပေမဲ့ သူက အသက် ခုနစ်နှစ် ရှစ်နှစ်လောက်က ကဘားရွာမှာမနေချင်လို့ဆိုပြီး သူငယ်ချင်းကောင်မလေးတစ်ယောက်နဲ့အတူ စက်လှေတစ်စင်းနဲ့ ခိုးလိုက်သွားကတည်းက ပျောက်သွားတာတဲ့၊ အဲဒါ လွန်ခဲ့တဲ့ငါးနှစ်လောက်ကမှ မကျော့သွယ်ရဲ့ဘကြီး ဦးတင်ဦး ရန်ကုန်ကိုအရောက်မှာ မမျှော်လင့်ဘဲ ပြန်ဆုံခဲ့တယ်တဲ့ကွ''

''ဩော် ... ဟုတ်လား၊ စက်လှေသူဌေး ဦးပုပ္ပားလို့ခေါ်တဲ့ ဦးတင်ဦး မဟုတ်လား''

''ဟုတ်တာပေါ့ကွ၊ အဲဒီ ဦးတင်ဦးက မကျော့သွယ်ကိုငယ်ငယ်ကတည်းက သိပ်ချစ်တာဆိုတော့ ရွာဆီပြန်ခေါ်တာပေါ့၊ ဒါပေမဲ့ မကျော့သွယ်က ရန်ကုန်မှာ အိမ်ထောင်ကျနေတော့ ရုတ်တရက် ပြန်မလိုက်နိုင်ခဲ့ဘူးတဲ့ ...၊



www.burmeseclassic.com

www.burmeseclassi.com



အဲ . . . သူ့ဘကြီးဦးတင်ဦး လေဖြတ် အိပ်ရာထဲလဲပြီး သေကောင်ပေါင်းလဲဖြစ်မှ မကျော့သွယ်ဆီ ကြေးနန်းရိုက်ခေါ်ရတာတဲ့၊ ဒါပေမဲ့ ကြေးနန်းက ကြာတယ်ထင်ပါရဲ့ မြင့်ထွန်းရယ်၊ မကျော့သွယ် ရွာရောက်လာတော့ ဦးတင်ဦးက ဆုံးနှင့်ပြီ''

''ဟ . . . အဲဒီစက်လှေသူဌေး ဦးတင်ဦးကြီးက လူပျို ကြီးပဲကွ၊ သူ့ရဲ့အမွေတွေကို မကျော့သွယ်များ ရသွားသလား''

''သေချာတာပေါ့ကွာ၊ မကျော့သွယ်ဟာ ဦးတင်ဦးရဲ့ တစ်ဦးတည်းသောညီမလေးကမွေးတဲ့ တစ်ဦးတည်းသော တူမပဲ၊ ဒီတော့ ဦးတင်ဦးပိုင်တဲ့ လယ်တွေနဲ့ စက်လှေလေးစင်းစလုံးကို မကျော့သွယ်ပဲ ပိုင်သပေါ့ကွာ''

''အင်း . . . မကျော့သွယ်ဟာ သေသွားတဲ့မိဘတွေရဲ့ အမွေလယ်တွေရော, သူ့ဘကြီးရဲ့အမွေ လယ်တွေနဲ့ စက်လှေတွေပါ ပိုင်သွားပြီဆိုတော့ သူဌေးမကြီးဖြစ်သွားပြီပေါ့၊ သူ့ယောကျ်ားတော့ စိုင်ကော်လို့ ချူပေါ်ရောက်တာပဲဟေ့''

''ဟကောင် ကျော်စံဝင်းရဲ့ . . . မကျော့သွယ်ရဲ့ ယောကျ်ားဟာ စိုင်ကော်လို့ ချူပေါ်ရောက်တာမဟုတ်ဘူးကွ၊ ယမကာအမူးလွန်ပြီး မသာရထားပေါ် ရောက်သွားတာ သိရဲ့





လား . . . ဟား ဟား ဟား . . .၊

မကျော့သွယ် ရွာဆီပြန်ရောက်လာတော့ မုဆိုးမ အသစ်စက်စက်လေးအဖြစ် ပြန်ရောက်လာတာကွ . . . သိရဲ့လား . . . ဟား ဟား ဟား''

''ဒါဆို ငါတော့ မကျော့သွယ်ကို အရမ်းအရမ်းကို စိတ်ဝင်စားသွားပြီကွာ . . . ဟဲ ဟဲ ဟဲ''

''စိတ်ဝင်စားရင် မကျော့သွယ်ရဲ့အိမ် သွားလည်လေကွာ၊ ရန်ကုန်ကလိုက်လာတဲ့ ကိုမြသိန်းဆိုတဲ့လူလို ပျောက်ခြင်းမလှ ပျောက်သွားချင်ရင်ပေါ့ . . . ဟဲ ဟဲ ဟဲ''

''ဟာ မျိုးတင့်ကြီးကလည်းကွာ . . . လွှဲပါစေ ဖယ်ပါစေ . . . ဟား ဟား ဟား''

စက်လှေသမားတို့ ပြောဆိုနေကြသည်ကို ဘာရယ် မဟုတ်ဘဲ နားစွင့်ထောင်နေမိသည့် အိုင်အိုချစ်သွေးမှာ မျိုးတင့်ဆိုသော စက်လှေသမားကြီး နောက်ဆုံးပြောလိုက်သည့်စကားကြောင့် ခေါင်း ဆတ်ခနဲ ထောင်လိုက်မိတော့၏။

''ပြောသာပြောတာ၊ မုဆိုးမဆိုပေမယ့် အဲဒီမကျော့သွယ်က တအားလှတာကွ၊ ကဘားရွာနဲ့တောင် မတန်ဘူး



www.burmeseclassic.com

www.burmeseclassi.com



လှချက်က မွတ်မွတ်စင်နေတာပဲ၊ အထူးသဖြင့် သူလေးရဲ့ ဝဲဘက်မေးရိုးအောက်က မှဲ့နီနီလေးဟာ ကိတ်မုန့်မှာ ကပ်နေတဲ့ စပျစ်သီးခြောက်လေးလိုပဲ လျှာနဲ့တို့ကြည့်ချင်စရာ ...ဟဲ ဟဲ ဟဲ''

မျိုးတင့်ကြီး၏စကားကြောင့် အိုင်အိုချစ်သွေးမှာ လွန်စွာ စိတ်ဝင်စားသွားပြီး စက်လှေသမားတို့၏ လက်ဖက်ရည်ကြမ်းဝိုင်းတွင် ဝင်ထိုင်လိုက်တော့၏။

''စောစောကစကားကို ပြောစမ်းပါဦး ...အဲဒီမိန်းမရဲ့ ဝဲဘက်မေးရိုးအောက်မှာ မှဲ့နီနီလေးရှိတယ် ဟုတ်လား''

''ဟုတ်တယ် ဗိုလ်လေးရ၊ ဗိုလ်လေးတောင် မကျော့သွယ်ကို စိတ်ဝင်စားသွားပြီထင်တယ် ...ဟဲ ဟဲ ဟဲ''

''စိတ်ဝင်စားလို့ မေးတာပေါ့ဗျာ၊ ဒါထက် ပြောပါဦး ...အဲဒီမကျော့သွယ် ကဘားရွာဆီရောက်လာတာ ဘယ်လောက်ကြာပြီလဲဗျ''

''ခြောက်လ ...ခုနစ်လလောက်တော့ရှိပြီ ဗိုလ်လေးရဲ့''

''သူ့ရဲ့ရုပ်ရည်သွင်ပြင်ကို သေချာပြောစမ်းပါဗျာ''





''အသားဖြူဖြူချောချောပဲ ဗိုလ်လေးရဲ့၊ အရပ်တော့ သိပ်မမြင့်ဘူး၊ ဒါပေမဲ့ အတော် ဖျတ်လတ်သွက်လက်သူပဲ၊ ချောချက်ကတော့ လက်ကုန်ပဲ ဗိုလ်လေးရယ်၊ ဗိုလ်လေးတို့ မြို့သူတွေ ရှုံးမယ် ...ဟဲ ဟဲ ဟဲ''

''အသက်က ဘယ်လောက်ရှိမလဲ''

''နှစ်ဆယ့်ငါးလောက် ထင်တာပဲ ဗိုလ်လေးရဲ့''

''ကဘားရွာကနေ မကျော့သွယ်ထွက်သွားကတည်းက ရွာဆီပြန်ရောက်တဲ့ကာလအတွင်းမှာ မကျော့သွယ်နဲ့ ဆုံဖူးသူက သူ့ဘကြီးကလွဲပြီး တခြားသူ မရှိဘူးလား''

''မရှိဘူး ဗိုလ်လေး၊ ရန်ကုန်မြို့ကြီးဆိုတာ ကျွန်တော်တို့ ရွာနဲ့ အလှမ်းကွာဝေးလွန်းလှပါတယ်ဗျာ၊ ကျွန်တော်တို့လို စက်လှေလိုက်သူတွေတောင် ရန်ကုန်ကို မရောက်ဖူးဘူး ဗိုလ်လေးရဲ့၊ ကျန် ရွာသူရွာသားတွေဆိုတာတော့ ပြောမနေနဲ့ပေါ့''

''ဒါထက် သူက ကဘားရွာမှာပဲ အခြေချမှာတဲ့လား၊ အမွေရရှိတဲ့ စက်လှေတွေ, လယ်တွေ ထုတ်ရောင်းတာရော လုပ်သလားဗျ''

''အဲ ...စက်လှေနှစ်စင်း ရောင်းတာတော့ သိတယ်



www.burmeseclassic.com

www.burmeseclassi.com



ဗိုလ်လေးရဲ့၊ ကျွန်တော်လည်း ရွာကိုမဝင်ဖြစ်တာကြာပြီဆိုတော့ လယ်တွေ ရောင်း၊ မရောင်းတော့မသိဘူး''

''ဩော် ဩော်''

❋

အိုင်အိုချစ်သွေးက သူ သတင်းရရှိခဲ့ပုံကို ပြောပြပြီး နောက် ကျွန်ုပ်က မေးခွန်းထုတ်မိတော့၏။

''အိုင်ဆေးကိုချစ်သွေးအနေနဲ့ ရရှိထားတဲ့ သတင်းတွေ အရ အခု ကဘားရွာမှာ ရောက်နေသူဟာ မကျော့သွယ်အစစ် မဟုတ်ဘဲ သူ့နေရာမှာအစားဝင်နေတဲ့ ခုနစ်လွှာမျက်နှာရှင် မနန်းစိမ့်ဖြစ်ရမယ်လို့ ယူဆနေတယ်ပေါ့ . . . ဟုတ်လား''

''ဟုတ်တယ် အာစရိ၊ ကျွန်တော်တော့ ခုနစ်လွှာ မျက်နှာရှင် မနန်းစိမ့် ထပ်ပြီးလှုပ်ရှားပြီလို့ ထင်တာပဲဗျ''

''အဲဒီတော့ . . . မောင်ရင်က ဘာလုပ်ချင်သလဲ အိုင် ဆေးရဲ့''

ခု နစ် စဉ် ကြယ် တ ပေ

www.burmeseclassic.com

www.burmeseclassi.com



''ကျွန်တော်ရဲ့ပထမတာဝန်ဖြစ်တဲ့ လှေသူကြီးဘသောင်းကို မော်လမြိုင်က ပုလိပ်ဌာနမှာ အပ်ပြီးခဲ့ပြီး၊ နောက်အခုတစ်ခါ ပုလိပ်မင်းကြီးနဲ့ စုံထောက်မင်းကြီးတို့အလိုရှိနေတဲ့ ခုနစ်လွှာမျက်နှာရှင်ကို ဖမ်းမိဖို့ ကြိုးစားရဦးမယ် အာစရိရဲ့၊

မကျော့သွယ်ကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော်သိရသမျှကို ပုလိပ်မင်းကြီးနဲ့ စုံထောက်မင်းကြီးဆီ သတင်းပို့ပြီးပြီ၊ သူတို့က မကျော့သွယ်ကိစ္စကို အထူးပြုထောက်လှမ်းဖို့ ကျွန်တော့်ကို တာဝန်ပေးလိုက်ပြီးပြီ၊ ဒီတော့ ... ကျွန်တော် အဲဒီကဘားရွာဘက်သွားရမယ်၊ အဲဒီမှာ အာစရိလည်း လိုက်ပါစေချင်တယ်''

''ကျုပ်က ဘာကိစ္စလိုက်ပါရမှာလဲ အိုင်ဆေးရဲ့''

''ခုနစ်လွှာမျက်နှာရှင်ဟာ အထင်ကရ ဝါရင့်ဒုစရိုက်ခေါင်းဆောင်ပီပီ ပုလိပ်ထောက်လှမ်းရေးဘက်မှာ အထင်ကရဖြစ်နေတဲ့ ကျွန်တော့်ကို ကောင်းကောင်းသိနေနိုင်တယ် အာစရိရဲ့၊ ဒါကြောင့် ... အနီးကပ်လှုပ်ရှားရင် သူ ကျွန်တော့်ကို မှတ်မိသွားပြီး ခြေရာဖျောက်လစ်ပြေးသွားမှာစိုးရတယ်၊ ဒါကြောင့် ...''

''ဒါကြောင့် ... ဘာဖြစ်လဲဗျ''





''ဒါကြောင့် ကျွန်တော်က အနီးကပ်စူးစမ်းလို့ မဖြစ်တာနဲ့ အာစရိကို အနီးကပ် စူးစမ်းခိုင်းချင်လို့ဗျ''

''သြော် ... ဒါကြောင့် မောင်ရင်က ကျုပ်ကို အပါခေါ်ချင်တာပေါ့ ဟုတ်လား''

''ဟုတ်တယ် အာစရိ၊ ရန်ကုန်မှာတုန်းက တွေ့ဆုံရင်းနှီးခဲ့သူအဖြစ် ခရီးကြို့, လမ်းကြုံ ဝင်တွေ့တဲ့အနေနဲ့ မကျော့သွယ်ဆီ အာစရိကို သွားစေချင်တယ်၊ အဲဒီလိုသွားပြီး သူဟာ မကျော့သွယ် ဟုတ်,မဟုတ် စူးစမ်းလေ့လာပေးပါ ...၊

သူဟာ မကျော့သွယ် မဟုတ်ဘူးလို့ ယုံကြည်ရတာနဲ့ အပိုင်ဖမ်းချင်တယ်ဗျာ၊ ဒါကြောင့် ဒီအမှုမှာလည်း လေးပွင့်ဖူးစာအမှုတုန်းကလိုပဲ ကျွန်တော့်ကို ကူညီပါလို့ အထူးမေတ္တာရပ်ခံပါတယ်ဗျာ''

မှတ်ချက်။ ။အဆိုပါအမှုအကြောင်းကို 'လေးပွင့်ဖူးစာ' စာအုပ်တွင် ဖော်ပြခဲ့ပြီးဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassi.com



"ဘယ့်နှယ်လဲ အာစရိ ... ကျွန်တော့်ကို လိုက်ပြ
ကူညီနိုင်မယ်မဟုတ်လား"

"မကူညီလို့ရော ဖြစ်မှာလားဗျာ အိုင်ဆေးရဲ့၊ ကူညီ
တော့မှာပေါ့"

"ဝမ်းသာတယ်ဗျာ အာစရိ ... အားလည်းကိုးပါရဲ့
ဒီတော့ အာစရိက မကျော့သွယ်နဲ့ ရင်းနှီးဖူးသူအဖြစ် လုပ်ရှား
အဆင်သင့်ပြင်ထားပေရော့၊ သန်ဘက်ခါမှာ ခရီးထွက်ကြမယ်"

"ကောင်းပါပြီဗျာ ကောင်းပါပြီ၊ မွဲနီရှင်မလေးနဲ့
တစ်ခါတော့ နဖူးတွေ့ဒူးတွေ့ ဆုံရပြီပေါ့၊ ဟုတ်လား ... ဟား
ဟား ဟား"

❋ ❋ ❋

## အခန်း (၂)

မရဏာအဏ္ဏဝါ

အသက်ပြင်းသူ

ခုနစ်လွှာမျက်နှာရှင်

www.burmeseclassic.com

www.burmeseclassi.com



## အခန်း (၂)

### မရဏအဝါ

အိုင်အိုချစ်သွေးနှင့် ကျွန်ုပ်တို့သည် မော်လမြိုင် စာပို့ ရထားကြီးစီးကာ မော်လမြိုင်သို့ ဦးစွာခရီးထွက်ခဲ့ကြပြီး မော်လ မြိုင်မှတစ်ဆင့် စက်လှေသီးသန့်ငှားကာ ထားဝယ်ဘက်သို့ ရေ ကြောင်းလမ်းအတိုင်း ခရီးနှင်ခဲ့ကြလေ၏။

ပင်လယ်ကမ်းရိုးတန်းတစ်လျှောက် နှစ်ရက်လုံးလုံး ခရီး နှင်ခဲ့ပြီးလျှင်မူ ထားဝယ်အငူကို ဖြတ်ကျော်ခဲ့ကာ မလိကျွန်းအနီး သို့ ရောက်ရှိလာခဲ့လေသည်။

ရု နှစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassi.com



သို့ဖြင့် . . .

ညနေ နေဝင်ရီတရောအချိန်မှာပင် ကျွန်ုပ်တို့၏စက်လှေလေးသည် မလိကျွန်းနှင့်မျက်စောင်းထိုးရှိ ကဘားရွာဆိပ်ကမ်းသို့ ဆိုက်ရောက်ခဲ့တော့၏။

ထိုညက မော်တော်ပေါ်မှာပင် ကျွန်ုပ်တို့ ညအိပ်လိုက်ကြပြီး နောက်နေ့နံနက်စောစောမှာပင် ကမ်းပါးပေါ်တက်ခဲ့ကြကာ ထမင်းဆိုင်တစ်ဆိုင်၌ နံနက်အဆာပြေအဖြစ် ထမင်းကြော်စားကြလေသည်။

ထို့နောက် နေအတော်မြင့်လာချိန်တွင် အိုင်အိုချစ်သွေးကို ယင်းထမင်းဆိုင်မှာပင် ထားရစ်ခဲ့ကာ ကျွန်ုပ်သည် ကဘားရွာထဲသို့ လျှောက်လှမ်းဝင်ရောက်ခဲ့ပါတော့၏။

ကဘားရွာသည် ရေလုပ်ငန်းရော လယ်ယာလုပ်ငန်းပါ ထွန်းကားသည့် ရွာကြီးတစ်ရွာဖြစ်ပြီး မြင့်မိုရ်လက်ခတ်တောင်ခြေမှ စီးဆင်းလျက်ရှိသည့် ကဘားချောင်းက ရွာနံဘေးမှ ဖြတ်စီးလျက်ရှိချေသည်။

အရှေ့တောင်ဘက်တွင် မြင့်မိုရ်လက်ခတ်တောင်နှင့် ကျေးကူးတောင်တို့ကို ပြာပြာမှိုင်းမှိုင်းဖြင့် လှမ်းမြင်နေရချေ၏။





သာယာလှပသော ထိုရွာလေးသည် အိမ်ကောင်းရာကောင်းများဖြင့် တင့်တယ်လျက်ရှိကာ ရွာ၏မြောက်ဘက်စွန်းနားမှ မကျော့သွယ်၏ခြံကြီးမှာ ပိုမိုကျယ်ဝန်းပြီး ခြံအလယ်မှ တိုက်ခံနှစ်ထပ်အိမ်ကြီးမှာလည်း ပိုမိုထည်ဝါလှပါ၏။

ခြံပတ်ပတ်လည်တွင် တောင်ထန်းပင်များရှိပြီး ခြံကြီး၏နေရာအနှံ့၌ ကျွဲကောပင်များ ညီညီဆိုင်းဆိုင်း ပေါက်ရောက်လျက်ရှိကာ ကျွဲကောသီးတို့က မြေသို့ထိလုနီးပါးအထိ တွဲရရွဲမြှုင်ဆိုင်စွာ သီးလျက်ရှိလေသည်။

''မကျော့သွယ်ရဲ့ခြံက အဲဒီခြံပါပဲ ဦးလေး''

ကျွန်ုပ်သည် ရွာသားလူငယ်ညွှန်ပြသည့် ခြံကြီးထဲသို့ လှမ်းဝင်ခဲ့ရာ သစ်သားခြံတံခါးရှိသော်လည်း အတွင်းမှ ချက်မထိုးထားဘဲ တံခါးရွက်နှစ်ခု၏ ထိပ်စွန်းတို့ကို မောင်းကွင်းဖြင့် စွပ်ကာသာ ပိတ်ထားသောကြောင့် ယင်းမောင်းကွင်းကို မ,လျက်ဝင်ရောက်လာနိုင်ခြင်းဖြစ်ပေသည်။

''မကျော့သွယ် . . . မကျော့သွယ်''

ကျွန်ုပ်သည် ခရီးဆောင်သားရေအိတ်ငယ်တစ်လုံးကို စလွယ်သိုင်းလွယ်လျက်မှ အိမ်ကြီး၏ရှေ့ သံဘာဂျာတံခါးအနီး



www.burmeseclassic.com

www.burmeseclassi.com



တွင် ရပ်ကာ အိမ်အတွင်းသို့ အော်ခေါ်လိုက်လေ၏။

"မကျော့သွယ် ... မကျော့သွယ်"

ခဏအကြာတွင် အိမ်အတွင်းဘက်မှ အသက် (၄၀) ခန့် ခပ်ဝဝအမျိုးသမီးကြီးတစ်ဦး ထွက်လာပြီး ကျွန်ုပ်အား ခြေဆုံးခေါင်းဆုံး ကြည့်ရှုအကဲခတ်လျက်မှ မေးမြန်းခြင်းပြုလေသည်။

"ဘာကိစ္စရှိလို့လဲ၊ ဘယ်သူများလဲရှင်"

"ကျုပ် ရန်ကုန်ကနေ မြိတ်ကိုလာရင်း အပြန်ခရီးမှာ မကျော့သွယ်ဆီ လှည့်ဝင်ခဲ့တာပါ၊ ဒီကဘားရွာမှာ မကျော့သွယ် ရောက်နေတယ်လို့ ကြားတာနဲ့ ခရီးကြုံ, လမ်းကြုံနှုတ်ဆက်ရအောင် ဝင်လာခဲ့တာပါ၊ သူ ရှိတယ်မဟုတ်လား"

"ဟုတ် ဟုတ်ကဲ့ ... ရှိတော့ရှိပါတယ်၊ ဒါထက် ရှင်က မကျော့သွယ်နဲ့ရင်းနှီးတဲ့ ရန်ကုန်ကမိတ်ဆွေတစ်ဦးလား၊ နာမည်လေး တစ်ဆိတ်အမိန့်ရှိပါဦး"

"အဟမ်း ... ကျုပ်ရဲ့နာမည်က ကိုမြဝင်းပါ"

"ဩော် ... ဟိုတစ်ခါ ကိုမြသိန်းဆိုတဲ့ ရန်ကုန်က လူတစ်ယောက်လည်း လာဖူးတယ်ရှင့်၊ ခု ရှင်က ကိုမြဝင်းဆိုတော့ အဲဒီလူရဲ့ညီအစ်ကိုတော်များလား"





ထိုမိန်းမကြီး၏ အမေးစကားကိုကြားရသည်တွင် ကျွန်ုပ်မှာ အကြံတစ်ခုရသွားတော့၏။

ယခင်က ကိုမြသိန်းဆိုသူသည် ရန်ကုန်မှနေ၍ မကျော့သွယ်၏ မိတ်ဆွေဟောင်းအဖြစ် လာရောက်ဖူးရာ ပျောက်ခြင်းမလှ ပျောက်သွားခဲ့ရဖူးလေသည်။

ထိုသူက မကျော့သွယ်ကို တိုက်ရိုက်သိသူအဖြစ် လာခဲ့ခြင်းကြောင့် နှုတ်ပိတ်ခံလိုက်ရခြင်း ဖြစ်နိုင်သည်။

ထို့ကြောင့် ကျွန်ုပ်သည် မကျော့သွယ်ကို တိုက်ရိုက်သိကျွမ်းသူအဖြစ် ဝင်ရောက်ခြင်းထက် ကိုမြသိန်း၏ညီအစ်ကိုအဖြစ် ဟန်ဆောင်ကာ ဝင်ရောက်ခြင်းက ပို၍သင့်လျော်မည်ဟု အကြံဖြစ်ပေါ်လာတော့၏။

ထို့ကြောင့် ကျွန်ုပ်သည် ချော်လဲရောထိုင်လိုက်ရတော့သည်။

"ဟုတ်တယ်ဗျ၊ ကျုပ်က မြသိန်းရဲ့အစ်ကိုပါပဲ၊ ရန်ကုန်မှာတုန်းက မကျော့သွယ်ကိုတော့ မသိခဲ့၊ မဆုံခဲ့ဖူးပါဘူး၊ မြသိန်းက သူနဲ့အတော်ရင်းနှီးတယ်လို့ ပြောဖူးပါတယ်၊ ကျုပ်ရဲ့ညီ မြသိန်း ဒီရွာကိုလာဖူးတယ်လို့ သိရလို့ လိုက်လာတာပါခင်ဗျ"



www.burmeseclassic.com

www.burmeseclassi.com



"ဪ ဒီလိုလား ... ဒီလိုဖြင့် ခဏစောင့်ပါရှင်၊ ကျွန်မ မမလေးကို သွားအကြောင်းကြားပါဦးမယ်"

"ဟုတ်ကဲ့ ... ကောင်းပါပြီ၊ ကောင်းပါပြီ၊ မြသိန်းရဲ့ အစ်ကို လာတယ်လို့ပဲ ပြောလိုက်ပါ"

"ဟုတ်ကဲ့ပါရှင်"

ထိုအမျိုးသမီး အိမ်အတွင်းပိုင်းသို့ ဝင်သွားပြီးနောက် ခဏအကြာတွင် ပြုံးပြုံးရွှင်ရွှင်ဖြင့် ပြန်ထွက်လာကာ သံဘာဂျာတံခါးသော့ကို ဖွင့်ပေးလေသည်။

"ကြွပါရှင် ... အိမ်ထဲဝင်ပါ"

"ဆက်တီခုံမှာ ခဏထိုင်စောင့်ပါရှင်၊ မမလေး ခုပဲ လာပါလိမ့်မယ်"

ကျွန်ုပ်လည်း ဧည့်ခန်းကြီးထဲဝင်ခဲ့ကာ ဆက်တီခုံ တစ်လုံးတွင်ဝင်ထိုင်လိုက်လျက် ခေါင်းနှံပေါင်းထားသော ကျေးတစ်ရာ ခေါင်းပေါင်းစကို ဖြည်ပြီး ပခုံးနှစ်ဖက်ပေါ် ခွတင်ထားလိုက်၏။

ခဏအကြာတွင် ...

ဖြူဖြူနုနု ချောချော အမျိုးသမီးတစ်ဦးသည် ဆင်မယဉ်သာခြေလှမ်းဖြင့် အိမ်အတွင်းဘက်မှ လှမ်းထွက်လာပြီး ကျွန်ုပ်၏





ရှေ့မှ ဆက်တီခုံတွင် ညင်သာစွာ ဝင်ထိုင်လိုက်လေသည်။

ယင်းအမျိုးသမီးမှာ မျက်နှာရော ကိုယ်လုံးကိုယ်ပေါက်ပါ အချိုးအစားကျနပြေပြစ်လှပြီး အစိမ်းနုရောင် နိုင်လွန်လက်ရှည်လေးကို အနက်ခံပေါ် အစိမ်းဖောက်ထားသည့် ချိတ်ထဘီလေးနှင့် တွဲဖက်ဝတ်ဆင်ထားသည့်အပြင် မြလည်တံ့ကို မြလက်ကောက်၊ မြနားဆွဲတို့နှင့် တွဲဖက်ဝတ်ထားရာ တစ်ကိုယ်လုံး စိမ်းမြလျက် မြစိမ်းရှင်မင်းသမီးလေးလားဟု ထင်မှတ်မှားလောက်ပါပေ၏။

"ဒီကအစ်ကိုက ကိုမြသိန်းရဲ့အစ်ကိုဆို"

သူမက တည်ငြိမ်စွာပြုံးလျက်မှ ချိုသာသည့်အသံလေးဖြင့် မေးလာလေသည်။

"ဟုတ်ပါတယ်၊ ဒီက မကျော့သွယ်မှတ်တယ်"

"မှန်ပါတယ်ရှင်၊ အစ်ကိုနဲ့ကျော့တို့ ရန်ကုန်မှာ မဆုံဖြစ်ဘူးနော်"

"ဟုတ်တယ်ဗျ၊ မဆုံဖြစ်တာက ကျုပ် ရန်ကုန်မှာ အချိန်ပြည့်မရှိနေလို့ပါဗျာ၊ ကျုပ်က ရန်ကုန်ဆန်ကုန်သည်များအသင်းမှာ အတွင်းရေးမှူးဆိုတော့ ဆန်စပါးကိစ္စအတွက် ပဲခူး



www.burmeseclassic.com

www.burmeseclassi.com



ကျောက်ဆည်ဒေသတွေဘက် ခရီးထွက်နေရတာက များတယ်လေ၊ ကျုပ်ရဲ့ညီမြသိန်းနဲ့တောင် တစ်နှစ်မှ တစ်ခါနှစ်ခါလောက်ပဲ ဆုံရတယ်ဗျ''

''ဩော် . . . ဟုတ်လား၊ ဒါထက် အခုလာတဲ့ကိစ္စက''

''ကျုပ်ရဲ့ညီမြသိန်းဟာ ရန်ကုန်ကနေ မြိတ်ဆီအသွား ဒီရွာဝင်ပြီး မကျော့သွယ်ကို နှုတ်ဆက်သေးတယ်လို့ သိရတယ်၊ အဲဒီနောက် သူ ဘယ်ရောက်သွားသလဲ မသိဘူး၊ မြိတ်မြို့ကိုလည်း မရောက်၊ ရန်ကုန်ကိုလည်း ပြန်ရောက်မလာဘူး၊ ဒါကြောင့် ကျုပ်က သူသွားလာခဲ့တဲ့ လမ်းကြောင်းအတိုင်း လိုက်လျှောက်စုံစမ်းရင်း ဒီရွာရောက်လာရတာပါပဲ''

''ဩော် . . . ဒီလိုလား၊ အင်း . . . ကိုမြသိန်းက ဒီမှာ တစ်ညတော့ တည်းသွားပါတယ်ရှင်၊ နောက်နေ့မိုးလင်းတော့ ဝေလီဝေလင်းမှာပဲ သူ ထပြန်သွားတာပါပဲ၊ မဖော့တောင် အိပ်ရာက မနိုးသေးဘူး၊ ကျော့ကတော့ စောစောစီးစီး ခြံထဲမှာ လမ်းထလျှောက်နေကျမို့ ကျော့ကိုပဲ သူ နှုတ်ဆက်သွားတယ်''

''ဩော် . . . ဟုတ်လား၊ သူ ဘယ်သွားမယ်လို့ ပြောသွားသေးသလဲ ခင်ဗျ''





ကျွန်ုပ်က အလိုက်သင့် အလျားသင့်မေးရင်း သူမ၏ဝဲဘက်မေးရိုးအောက်ခြေသို့ မသိမသာကြည့်လိုက်မိရာ ထိုနေရာ၌ မှဲ့နီလေးတစ်လုံးကို တွေ့ရလေသည်။

''သူကတော့ မြိတ်ကို တန်းသွားမယ်လို့ ပြောသွားတာပဲ''

''ဩော် . . . ဟုတ်လား၊ ဒါဆို ကျုပ်လည်း မြိတ်ကို ကိုယ်တိုင်လိုက်သွားပြီး စုံစမ်းလိုက်ဦးမယ်''

ကျွန်ုပ်က ပြောရင်း ထိုင်ရာမှ ထလိုက်ရာ သူမသည်လည်း ထိုင်ရာမှ အသာထလိုက်လေ၏။ ထိုအခါ သူမနှင့်ကျွန်ုပ်မှာ အတော်နီးစပ်သွားရာ သူမ၏ဝဲဘက်မေးရိုးအောက်မှ မှဲ့နီလေးကို အနီးကပ် ထပ်ကြည့်ခွင့်ရလိုက်လေသည်။

''ခွင့်ပြုဦးဗျာ''

''ဟုတ်ကဲ့ရှင့်''

ထို့နောက် ကျွန်ုပ်သည် ကမ်းနားဘက်သို့ လျှောက်လှမ်းခဲ့ကာ အိုင်အိုချစ်သွေးရှိရာ ထမင်းဆိုင်ထဲသို့ ဝင်ရောက်ခဲ့ပါတော့သတည်း။

❋



www.burmeseclassic.com

www.burmeseclassi.com

ထိုစဉ်က ကျွန့်ပ်သည် အိုင်အိုချစ်သွေးရှိရာ ထမင်းဆိုင်သို့ ပြန်လာရာ၌ ကျွန့်ပ်၏နောက်မှ တစ်စုံတစ်ဦးလိုက်ပါလာသည်ကို သတိမပြုမိချေ။

ယင်းလိုက်ပါလာသူမှာ သက္ကလတ်ဘောင်းဘီအနက်နှင့် ကုတ်အင်္ကျီအညိုဖျော့ဖျော့တို့ကို တွဲဖက်ဝတ်ထားကာ ပေတင့်ရှူး ဖိနပ်စီးထားပြီး မြင်းစီးဂျော်ကီတို့ ဆောင်းလေ့ရှိသည့် လျှာအလျားရှည်ရှည်နှင့် ဦးထုပ်ကို ရှေ့သို့ ခပ်ငိုက်ငိုက် ဆွဲချဆောင်းထားလေ၏။

ကျွန့်ပ်က ထမင်းဆိုင်ထဲဝင်ကာ အိုင်အိုချစ်သွေးထိုင်နေ



BURMESE CLASSIC .com



သည့်စားပွဲ၌ ဝင်ထိုင်လိုက်စဉ် ထိုလူငယ်မှာ ဆိုင်ထဲသို့ လိုက်ဝင်လာပြီး ကျွန့်ပ်၏နောက်ကျောတည့်တည့်မှ ကုလားထိုင်တွင် ဝင်ထိုင်လိုက်လေသည်။

ကျွန့်ပ်မှာ ထိုသူကို သတိမထားမိဘဲ အိုင်အိုချစ်သွေးကိုသာ ခပ်တိုးတိုး ပြောလိုက်မိလေသည်။

''အိုင်ဆေး ကိုချစ်သွေးရေ . . . မကျော့သွယ်ဆိုတဲ့ မိန်းမချောရဲ့ဝဲဘက်မေးရိုးအောက်မှာ မှဲ့နီလေးတစ်လုံး ရှိတယ်ဗျ''

''ဟုတ်လား . . . သေချာရဲ့လား''

''သိပ်သေချာတာပေါ့ အိုင်ဆေးရယ်၊ ကျုပ် သေချာအောင် နှစ်ခါတောင် အနီးကပ်ကြည့်ခဲ့တာဗျ၊ ရုပ်ကလည်း ချောမှချောပဲ၊ နောက်ပြီး သူ့ရဲ့မျက်လုံးတွေထဲမှာ ထက်မြက်မှုရဲရင့်မှုတွေအပြင် သွေးအေးအေးနဲ့ ရက်စက်တတ်တဲ့ အရိပ်အယောင်တွေ မြင်ရတယ်ဗျ၊ တကယ့် ထိပ်သီးလူဆိုးကြီးတွေ၊ ဂိုဏ်းစတားကြီးတွေရဲ့ မျက်ဝန်းတွေထဲမှာ တွေ့ရတတ်တဲ့ ရူးရူးရဲရဲ ဓာတ်တစ်မျိုးကို တွေ့ရတယ်ဗျ၊ သူဟာ သာမန်မိန်းမတစ်ယောက်တော့ မဟုတ်နိုင်ဘူးဗျ''



www.burmeseclassic.com

www.burmeseclassi.com



''ဒါဆို . . . အာစရိက ဘယ်လိုထင်သလဲ''

''သူဟာ မကျော့သွယ်အတုပဲဖြစ်ရမယ် ကိုချစ်သွေးရဲ့''

''ဘာလဲ . . . ခုနစ်လွှာမျက်နှာရှင်လို့ တပ်အပ်ပြောချင်တာလား''

''ကျုပ်တော့ အဲဒီလိုပဲ ပြောလိုက်ချင်ပြီဗျာ၊ သူဟာ သာမန်မိန်းမတော့ မဟုတ်ဘူး၊ အိုင်ဆေးရဲ့''

''အင်း . . . ဒါဆိုရင်တော့ ဒီရွာကသူကြီးဆီသွားပြီး အကျိုးအကြောင်းပြောပြ၊ အကူအညီတောင်းရတော့မှာပဲ၊ ဒီနေ့ နေ့ခင်းမှာပဲ မကျော့သွယ်ကိုခေါ်သွားပြီး စစ်ဆေးမယ်ဗျာ''

ထို့နောက် ကျွန်ုပ်တို့သည် ထမင်းဆိုင်ထဲမှ ထွက်ခဲ့ရာ သက္ကလတ်ဘောင်းဘီရှည်နှင့်လူငယ်မှာ မဲ့ပြုံးပြုံးရင်း ကျန်ရစ်ခဲ့တော့၏။

**မှတ်ချက်**

ယင်းသက္ကလတ်ဘောင်းဘီရှည်နှင့်လူမှာ ခုနစ်လွှာမျက်နှာရှင်ဖြစ်ပြီး နောင်မှ ထိုအကြောင်းတို့ကို ကျွန်ုပ်တို့ သိရခြင်းဖြစ်၏။

❋



BURMESE CLASSIC .com

ယင်းနေ့ နေ့လယ်ထမင်းစားပြီးချိန်တွင် အိုင်အိုချစ်သွေး ကျွန်ုပ်နှင့် ရွာသူကြီး ဦးအောင်သိန်းတို့သည် ရွာလယ်လမ်းအတိုင်း မကျော့သွယ်၏ အိမ်ရှိရာသို့ လျှောက်လှမ်းလာကြရာ ကျွန်ုပ်တို့လူစု၏နောက်တွင် သူကြီး၏တပည့် ဖင်မဲသည် နှစ်လုံးပြူးသေနတ်ကြီးထမ်းလျက် လိုက်ပါလာလေ၏။

အိုင်အိုချစ်သွေးသည် သူကြီးဦးအောင်သိန်းအား အကြောင်းစုံရှင်းပြပြီး မကျော့သွယ် ဟန်ဆောင်လျက်ရှိသည့် မကျော့သွယ်အတုကို ဖမ်းဆီးရန် ယခုလို လာရောက်ခဲ့ကြခြင်းဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassi.com



သို့သော် မကျော့သွယ်၏အိမ်သို့ ရောက်ရှိသွားသည်တွင် ခြံတံခါးမှာ စေ့ယုံစေ့ထားသော်လည်း အိမ်တံခါးကို အပြင်မှ သော့ခတ်ထားကြောင်း တွေ့ရတော့၏။

သံဘာဂျာတံခါးမှ ကြေးသော့ခလောက်ကြီးတွင် စာရွက်ခေါက်လေးညှပ်ထားရာ အိုင်အိုချစ်သွေးက ယင်းစာရွက်ခေါက်လေးကို ဖြုတ်ယူကာ ဖွင့်ဖတ်လိုက်လေသည်။

ထိုစာရွက်ဖြူပေါ်တွင် လက်ရေးဝိုင်းဝိုင်းလေးဖြင့် ရေးသားထားသည့်စာမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါ၏။

အိုင်အိုချစ်သွေး

ဖားတုလို့ ခရုခုန်ရင် အိုင်ပျက်ရုံပဲ ရှိမယ်၊

မနန်းစိမ့်

"တောက် . . . ဒါ ကျွန်တော့်ကို နုပ်ပစ်သွားတာဗျ"

"သင်း သင်း . . . ရိပ်မိသွားပြီ၊ လစ်ပြေးပြီပေါ့ ဟုတ်လား"

"ကျွန်တော်ရဲ့နားရွက်ကို တံတွေးဆွတ်ပြီးကို လစ်ပြေးသွားတာ အာစရိရေ . . . တောက်"

ဤတွင် သူကြီးဦးအောင်သိန်းက ဝင်ပြောလေသည်။

ခု နှစ် စဥ် ကြယ် စာ ပေ



"သူပြေးရင် ရေကြောင်းကပဲ ပြေးလိမ့်မယ်ဗျ"

"အင်း . . . သူကြီးပြောတာ ဟုတ်တယ်၊ လာဗျာ . . . ကမ်းနားဘက်လိုက်ရအောင်"

သို့ဖြင့် ကျွန်ုပ်တို့သည် ကမ်းနားဆီသို့ ဒရောသောပါးဖြင့် လိုက်လာခဲ့ကြရာ သူကြီးနှင့်လူစိမ်းနှစ်ယောက်တို့၏ လှုပ်ရှားမှုထူးခြားသောကြောင့်ထင့် ရွာသူရွာသားအချို့က စပ်စုရန် လိုက်ပါခဲ့ကြတော့သည်။

ကျွန်ုပ်တို့ ပင်လယ်ကမ်းစပ်သို့ ရောက်ရှိသွားသည့်အခါမှာမူ မော်တော်ဘုတ်တစ်စင်းသည် ကမ်းမှ အတော်ဝေးဝေးသို့ ရောက်ရှိနေပြီး သက္ကလတ်ဘောင်းဘီနက်အရှည်နှင့်လူမှာ မော်တော်ဘုတ်အလယ်တွင် ခါးထောက်ရပ်လျက် ကျွန်ုပ်တို့ရှိရာဆီသို့ လှမ်းကြည့်လျက်ရှိလေ၏။

အိုင်အိုချစ်သွေးမှာ နာမည်ကျော် ရာဇဝတ်သမ မနန်းစိမ့် (ခေါ်) ခုနစ်လွှာမျက်နှာရှင် သီသီလေးလွတ်သွားသဖြင့် ကြိတ်မနိုင်ခဲမရ ဖြစ်နေစဉ် သက္ကလတ်ဘောင်းဘီနက်နှင့်လူက သွားဖြဲကာ ရယ်ပြရင်း ကျွန်ုပ်တို့ကို လက်ဝှေ့ယမ်းပြလျက် ရှိလေသည်။

ခု နှစ် စဥ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassi.com



''အဲဒါ ... ခုနစ်လွှာမျက်နှာရှင်ပဲဗျ အာစရိရဲ့၊ မနက်က ထမင်းဆိုင်မှာ ကျွန်တော်တို့ထိုင်နေတုန်း အာစရိရဲ့ ကျောနောက်တည့်တည့်မှာ လာထိုင်တဲ့သူပဲဗျ၊ ဒီလောက်အထိ မြန်မြန်ကြီး ရုပ်ဖျက်ပြီး နောက်ယောင်ခံလိုက်မလာနိုင်ဘူးလို့ ယူဆလိုက်မိတာ မှားသွားတယ်ဗျာ''

''အိုင်ဆေးရေ ... ခုနစ်လွှာမျက်နှာရှင်က တစ်ကွက်သာသွားပြီပေါ့''

ထိုစဉ် သူကြီးဦးအောင်သိန်းက မော်တော်ဘုတ်လေးဆီ ညွှန်ပြရင်း အလန့်တကြား အော်ဟစ်လိုက်တော့၏။

''ဟာ ... သူတို့သွားနေတာ ကျောက်ဆောင်ပေါ်တဲ့နေရာပဲ၊ ခုလို ရေစစ်ချိန်မှာ ရေအောက်ငုပ်နေတဲ့ ကျောက်ဆောင်တွေ ပေါ်လာတာမှ တလင်းကြမ်းပဲ၊ ကျောက်ဆောင်နဲ့ ဝင်တိုးရင်တော့ ဒုက္ခပဲ''

''ဝေါ''

''ဒုန်း''

''ဟာ ... ပြောရင်းဆိုရင်း မော်တော်လေး ကျောက်ဆောင်နဲ့ ဝင်ဆောင့်မိပြီ''





ကျွန်ုပ်တို့ လှမ်းကြည့်နေစဉ်မှာပင် မော်တော်လေးမှာ ကျောက်ဆောင်တစ်ခုကို အရှိန်ဖြင့် ဝင်တိုက်မိပြီး ရောက်ကွဲထွက်သွားတော့၏။

ထို့နောက်မှာမူ မော်တော်ဘုတ်လေးမှာ လှိုင်းလုံးတို့ကြားဝယ် နစ်မြုပ်သွားပါတော့သည်။

''အို ... မော်တော်နစ်သွားပြီ''

''ဟယ် ... ဟုတ်ပါရဲ့၊ မော်တော်မြုပ်သွားပြီ၊ ဘုရားဘုရား ... ကျွတ် ကျွတ် ဖြစ်ရလေ''

ကျွန်ုပ်တို့၏ မျက်စိရှေ့မှာပင် ခုနစ်လွှာမျက်နှာရှင် လိုက်ပါသွားသည့် မော်တော်လေးမှာ ပင်လယ်လှိုင်းလုံးတို့ကြားဝယ် မရှုမလှ နစ်မြုပ်ပျောက်ကွယ်သွားပါတော့၏။

ကမ်းစပ်မှ လှမ်းကြည့်နေကြသည့် ရွာသူရွာသားများမှာ စုတ်တသပ်သပ် ဖြစ်လျက်ရှိချေသည်။

''အိုင်ဆေး ကိုချစ်သွေးရေ ... လူလည်မလေး ခုနစ်လွှာမျက်နှာရှင်တော့ သဘာဝဘေးအန္တရာယ်ရဲ့ ဒဏ်ခတ်တာခံသွားရပြီဗျ၊ မောင်ရင် ဖမ်းဖို့တောင် မလိုတော့ဘူး''

''သူ တကယ်သေသွားနိုင်သလား အာစရိရဲ့''



www.burmeseclassic.com

www.burmeseclassi.com



"ဒါပေါ့"

"ကျွန်တော်တော့ မထင်ဘူး"

"ဘာဖြစ်လို့လဲ၊ ဒီလောက် ပြင်းထန်တဲ့ ပင်လယ်လှိုင်းလုံးတွေကြားမှာ မသေဘဲ ခံနိုင်ရိုးလား၊ ပြီးတော့ ဝဲတွေလည်း ရှိနေတယ်"

"သူဟာ အတော်အသက်ပြင်းတယ်ဗျ။ သူ့ရဲ့အလောင်းကို တွေ့ရမှ သူ တကယ်သေတယ်လို့ ကျွန်တော် ယုံကြည်နိုင်မယ်"

မည်သို့ဖြစ်စေ ကျွန်ုပ်ကမူ ကြောက်မက်ဖွယ် ပင်လယ်လှိုင်းလုံးတို့ကြားဝယ် မရှုမလှ နစ်မြုပ်သွားရသည့် မော်တော်ဘုတ်လေးနှင့်အတူ ခုနစ်လွှာမျက်နှာရှင်မလေး မနန်းစိမ့် ဘဝနိဂုံးချုပ်သွားပြီဟု တစ်ထစ်ချ ယူဆယုံကြည်လိုက်မိပါတော့သတည်း။

❋ ❋ ❋





## အသက်ပြင်းသူ

ဤနေရာတွင် နောင်အခါ၌သိရသည့် အကြောင်းများကို ဝတ္ထုသွားဖြင့် ဖော်ပြလိုပါသည်။

ပြီးခဲ့သည့်အခန်းတွင် ဖော်ပြခဲ့သည့်အတိုင်း ခုနစ်လွှာမျက်နှာရှင် (ခေါ်) မနန်းစိမ့်သည် စင်းလုံးငှားမော်တော်ဘုတ်လေးကျောက်ဆောင်နှင့်တိုက်မိကာ ကမ်းခြေနှင့် မနီးမဝေး ပင်လယ်ပြင်အတွင်း နစ်မြုပ်သွားရာ၌ ပါသွားပြီး ရေနစ်သေဆုံးသွားပြီဟု မြင်တွေ့လိုက်သူအများက ယုံကြည်ယူဆသွားကြလေ၏။



www.burmeseclassic.com

www.burmeseclassi.com



ယင်းကျောက်ဆောင်တို့ထူထပ်ရာအနီးမှာပင် ဝဲကြီးတစ်ခုက ရှိနေရာ ရေကူးကျွမ်းကျင်လှသည့် ရေသူရဲများဖြစ်ကြသော မော်တော်သမားနှစ်ဦးမှာ ကြိုးစားပမ်းစား ရုန်းကန်ကြိုးစားနိုင်လွန်း၍သာ သေဘေးမှ လွတ်မြောက်ခဲ့ကြပြီး သူတို့မော်တော်ကို ငှားရမ်းခဲ့သည့် မကျော့သွယ်မှာမူ ရေနစ်သေဆုံးသွားသည်မှာ သေချာကြောင်း ပြောကြားခဲ့ကြလေသည်။

"သူ့ကို ကျုပ်တို့သိပါတယ်၊ ကျုပ်တို့ကဘားရွာဆီမကြာခင် လေးငါးလလောက်ကမှ ရောက်လာတဲ့ မကျော့သွယ်ပါ၊ မကျော့သွယ်က ရွာနဲ့ နှစ်ပေါင်းများစွာ ကင်းကွာနေပြီးမှရုတ်တရက် ပြန်ရောက်လာတာရယ်၊ သူ့ဘကြီး စက်လှေသူဌေးမြေပိုင်ရှင် ဦးပုပ္ပားလို့ခေါ်တဲ့ ဦးတင်ဦးရဲ့ အမွေအနှစ်အများကြီးလက်ခံရရှိတာရယ်၊ ပြီးတော့ . . . ကျုပ်တို့ရွာနဲ့မထိုက်တန်အောင်ချောလွန်း လှလွန်းတာရယ်ကြောင့် ကျုပ်တို့တစ်ရွာလုံးက စိတ်ဝင်စားနေရသူဗျ၊ ကျုပ်တို့ကာလသားတွေက ပိုပြီးစိတ်ဝင်စား ပိုပြီးသိသပေါ့ဗျာ"

မော်တော်သမားလေး မောင်သော်က သူ့ကိုမေးမြန်းစုံစမ်းလာသည့် အိုင်အိုချစ်သွေးကို ယင်းသို့ ရှင်းပြလေသည်။





"သူ ကျုပ်တို့မော်တော်ကို လာငှားတော့ ထားဝယ်ကိုခုချက်ချင်း သွားချင်တယ်ဆိုပြီး လာငှားတာပါ၊ မနက် ၁၀နာရီကျော်ကျော်လောက်ကတည်းက လာငှားတာပါ၊ သူကိုယ်တိုင် လာငှားတာ မဟုတ်ပါဘူး၊ သူ့ရဲ့အိမ်မှာ အိမ်ဖော်အကူအဖြစ် လုပ်ကိုင်နေတဲ့ မဖော့ လာငှားတာပါ"

"အဲဒီမဖော့ရော . . . မော်တော်နဲ့လိုက်သလားဗျ"

"ဟင့်အင်း . . . မလိုက်ဘူး၊ မဖော့က သူ့ရဲ့ဇာတိရွာကတောင်းနီကို လှည်းကြုံနဲ့ ပြန်မယ်လို့ပြောပါတယ်၊ သူ့ကိုမကျော့သွယ်က လစာသုံးလစာပေးပြီး အလုပ်ကနေ နားလိုက်တယ်တဲ့၊ မကျော့သွယ်က ထားဝယ်မှာ အတော်ကြာမယ်လို့ပြောတယ်"

"ဒါဆို . . . မောင်ရင်တို့ မော်တော်နဲ့ လိုက်ပါခဲ့သူကမကျော့သွယ်တစ်ယောက်တည်းပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်၊ သူတစ်ယောက်တည်းပါခင်ဗျ"

"သူနဲ့အတူ ဘာတွေပါသလဲ"

"အဲ . . . ကျောပိုးအိတ်ကြီးတစ်လုံးပဲ ပါတယ်ခင်ဗျ"

"သူက ထားဝယ်ကို ပို့နိုင်းတာလား"



www.burmeseclassic.com

www.burmeseclassi.com



"ဟုတ်ပါတယ်၊ ထားဝယ်ဘယ်နေရာဆိုတာတော့ အတိအကျ မပြောပါဘူး"

"မော်တော်ကျောက်ဆောင်နဲ့တိုက်ပြီး နစ်တော့ မကျော့သွယ် တကယ်ပဲ ရေနစ်သေဆုံးသွားသလား"

"ဝဲနဲ့လည်းနီးတော့ ရေက တအားဆွဲနေတာဗျ၊ လှိုင်းကလည်း ကြီးတယ်၊ ကျုပ်တို့လို ရေသူရဲတွေတောင် မနည်းအသက်လုကူးခတ်ပြီး ကျောက်ဆောင်တွေအကြား ဝဲကြားကနေ ရုန်းထွက်ရတာဗျ၊ မကျော့သွယ်လို နုနုနယ်နယ် မိန်းမသားဟာ ဘယ်လိုလုပ် ရုန်းထွက်နိုင်မလဲဗျာ၊ သေပြီပေါ့"

"ဟုတ်ပါတယ်၊ လွယ်တော့မလွယ်ဘူးပေါ့၊ ဒါပေမဲ့ ... သူ တကယ်ရေထဲမြုပ်သွားတာကို မောင်ရင်တို့ မြင်လိုက်ရဲ့လား"

ဤတွင် မော်တော်သမား ဆန်းရှိန်က ဝင်ပြောလေသည်။

"ကျွန်တော်ကိုယ်တိုင်မြင်ပါတယ် ဗိုလ်လေး၊ သူ လှိုင်းထဲ မြုပ်ခါနီးမှာ ကျွန်တော့်ကိုအကူအညီတောင်းသလို လက်ယမ်းပြပါသေးတယ်၊ ကျွန်တော်လည်း ကိုယ့်အသက်တောင် ကိုယ်





မနည်းလုနေရလို့ သူ့ကို မကယ်နိုင်ပါဘူး၊ ကယ်လိုက်ချင်တာမှ အူကိုယားနေတာပဲ ... အဟီး"

ဤတွင် သူကြီးဦးအောင်သိန်းက သူ၏လက်ဝါးကြမ်းကြီးဖြင့် ဆန်းရှိန်၏ခေါင်းကို ပိတ်ရိုက်ထည့်လိုက်တော့သည်။

"ဖောင်း"

"အ"

"အရေးထဲ ဗျာကထချင်သေးတယ်၊ မင်းပါ သူနဲ့ဖက်ပြီး ရေနစ်သေခဲ့ရမှာသိလား"

"ဟဲ ဟဲ ... သူကြီးကလည်း အဲဒီလိုဆိုရင် သူလေးနဲ့ နောင်ဘဝမှာ ဖူးစာဆုံရမှာပေါ့။ အဲဒါလည်း ကောင်းသား ... ဟဲ ဟဲ"

"တယ် ... ဒီကောင် တဗျာရှူးဟာလေ၊ ငါ ထပ်တီးလိုက်ရ၊ ဒီကဗိုလ်လေးဟာ ရန်ကုန် အင်းစိန်စီအိုင်ဒီက စုံထောက်အရာရှိ သိရဲ့လား၊ အရေးကြီးလို့ မေးနေတာ ကောင်းကောင်းဖြေ၊ ထိတ်တုံးစာမိမယ်"

"ထိတ် ... ထိတ်တုံးတော့ မခတ်ပါနဲ့သူကြီးရယ်၊ ဖြေ ... ဖြေပါ့မယ်"



www.burmeseclassic.com

www.burmeseclassi.com



"ဒါဆို . . . မကျော့သွယ် ရေထဲမြုပ်သွားတာကို မောင်ရင် သေချာတွေ့လိုက်တယ်ပေါ့"

"ဟုတ်ကဲ့ . . . တွေ့လိုက်တာပေါ့ဗျာ၊ နှမြောလိုက်ပါဘိဟီး"

သူကြီး ဦးအောင်သိန်းက လက်ရွယ်လိုက်ပြန်၏။

"တယ်လေ . . . ဒီကောင် ပြောနေတဲ့ကြားက"

"သူကြီးကလည်း ကျွန်တော်က ကာလသားလူပျိုကလေးဆိုတော့ ကာလသမီး ချောချောလေးကို နှမြောတာပေါ့ဗျ၊ သူကြီးလို အိုမင်းရွတ်တွပြီး ခန္ဓာကိုယ်ဖရိုဖရဲ ဖြစ်နေသူကတော့ နုနုထွားထွား မကျော့သွယ်လေးကို ဘယ်အာရုံလာပါ့မလဲ၊ သွားမရှိတဲ့သွားဖုံးနဲ့ ကြက်ကြော် လားလားမှ မထိုက်တန်သလိုပေါ့ . . . ဟုတ်ဘူးလား"

"တယ်လေ . . . ဒီကောင် ငါ့ကိုပါ သုံးစားမရအောင် ချိုးချိုးဖွဲ့ဖွဲ့ ပြောတယ်ပေါ့လေ၊ ဟေ့ကောင် ဖင်မဲတို့ တောကျိုးကန်းတို့ . . . ဒီကောင့်ကို ထိတ်တုံးခတ်စမ်း"

ဤတွင် . . . အိုင်အိုချစ်သွေးက ဝင်ရောက်ဖြန်ဖြေရတော့သည်။





"ကဲပါဗျာ . . . ဒါ သေမှုသေခင်းစစ်နေတာဗျ၊ အားအားယားယား အင်တာဗျူးလုပ်နေတာ မဟုတ်ဘူး၊ ကိုဆန်းရှိန်ကလည်း ကောင်းကောင်းဖြေ၊ သူကြီးလည်း စိတ်ကိုလျှော့"

"ဟုတ် . . . ဟုတ်ကဲ့၊ ကျွန်တော် ကောင်းကောင်းဖြေပါတော့မယ် ဗိုလ်လေး၊ အမှန်က ဖြေရင်း ခံစားချက်တွေ ပါပါသွားလို့ပါ၊ ခံစားချက်မတူနိုင်တဲ့ သူကြီးကတော့ ကိုယ်ချင်းမစာဘူးပေါ့"

"တော်တော်လျှာရှည်တဲ့ မိကျောင်းသား၊ ငါနော် ဗိုလ်လေးကိုအားနာလို့၊ နို့မို့ဆို ထိတ်တုံးထဲအထည့်ပဲ၊ ဟွန်း . . . ငါ့များ ခန္ဓာကိုယ် ဖရိုဖရဲနဲ့တဲ့၊ ဖရိုဖရဲဖြစ်သလား ဒေါင်ဒေါင်မြည်သလား သိချင်ရင် မင်းကြီးတော်ကြီးကို ဆယ့်ခုနစ်မိနစ်လောက် ငါ့ဆီ လွှတ်ပေးကြည့်ပါလား၊ တယ်လေ . . . မပြောလိုက်ချင်ဘူးဟွန်း"

"ကိုဆန်းရှိန် . . . မကျော့သွယ်နဲ့အတူပါလာတဲ့ ကျောပိုးအိတ်ကြီးရော သတိထားလိုက်မိသေးသလားဗျ၊ အဲဒီကျောပိုးအိတ်ရော ရေထဲနစ်သွားသလား"

"ဗိုလ်လေးရယ် . . . ကျွန်တော်တို့မှာ အသက်လုနေရ



www.burmeseclassic.com

www.burmeseclassi.com



တဲ့အချိန်ဆိုတော့ ပစ္စည်းပစ္စယကို ဂရုမထားနိုင်ပါဘူးခင်ဗျာ၊ အဲ အိတ်က လေလုံရင်တော့ ရေထဲမြုပ်သွားမှာမဟုတ်ဘူး မိုလ်လေးရဲ့၊ လေလည်းမလုံ လေးလည်းလေးလံရင်တော့ ရေထဲ မြုပ်သွားနိုင်တယ်ခင်ဗျ''

''အေးဗျာ ... အခုလို သိလိုသမျှ မေးမြန်းတာကို ကျေးဇူးပါပဲ၊ အဲ ... နောက်ဆုံးမေးခွန်းအနေနဲ့ ထပ်မေးချင်တာက မကျော့သွယ် တကယ်ပဲ သေသွားပြီလို့ မောင်သော်ရော ကိုဆန်းရှိန်ပါ ယုံကြည်ကြရဲ့လား''

''ယုံကြည်ပါတယ်''

''ယုံပြီလားဆရာရယ်၊ ဒါကြောင့်လည်း ကျွန်တော် နမြောနေတာပေါ့''

ရယ်ကျဲကျဲဖြင့်ဖြေရင်း ဆန်းရှိန်က လှမ်းကြည့်လိုက်ရာ သူကြီးဦးအောင်သိန်းက မျက်စောင်းကြီးထိုးလိုက်ပါတော့သတည်း။

❋ ❋ ❋





## ခုနစ်လွှာမျက်နှာရှင်

ဒုစရိုက်လောကတွင် ခုနစ်လွှာမျက်နှာရှင်ဟု နာမည်ကျော်ကြားသော မနန်းစိမ့်မှာ ငယ်စဉ်ကလေးဘဝကတည်းကဖခင် ဒုစရိုက်ရာဇာကြီး၏ လေ့ကျင့်ပေးထားမှုကြောင့် ပညာစုံအောင် တတ်မြောက်ကျွမ်းကျင်နေသူဖြစ်ရာ လှိုင်းတံပိုးပြင်းထန်လှသည့် ပင်လယ်ပြင်ထဲ မြုပ်သွားသည့်တိုင် သူမ၏အသက်အန္တရာယ်အတွက် စိုးစဉ်မျှ စိုးရိမ်ပူပန်ခြင်းမရှိချေ။

အမှန်တော့ သူမက ကွယ်လွန်သူမကျော့သွယ် ပိုင်ဆိုင်



www.burmeseclassic.com

www.burmeseclassi.com



သင့်သည်တို့ကို မကျော့သွယ်အယောင်ဆောင်လျက် လာယူရ
အားလုံးရသည်အထိ အေးအေးဆေးဆေး ဖွဲ့ခြွေရယူရန် ဆုံးဖြ
ထားခဲ့သူဖြစ်၏။

သို့သော် မမျှော်လင့်ဘဲ နာမည်ကျော်စုံထောက် အိုင်
ချစ်သွေးတစ်ယောက် သူမ၏နောက်သို့ နောက်ယောင်ခံလိုက်
ပြီဖြစ်ကြောင်း သိလိုက်သည်နှင့် ရသမျှကို ကုတ်ကပ်ယူ
ကဘားရွာမှ အမြန်ဆုံးထွက်ခွာရန် စီစဉ်ရတော့၏။

သူမ၏လက်ထဲတွင် အတွင်းပစ္စည်းရတနာတို့နှင့်အ
မော်တော်နှစ်စင်း ရောင်းချရငွေ၊ လယ်ကေနှစ်ဆယ်ရောင်း
ငွေတို့က ရှိနေပြီဖြစ်၏။

ကျန်သည့် မော်တော်နှစ်စင်းနှင့် လယ်ကေ ငါးဆ
ကျော်ကို မက်မနေနိုင်တော့ဘဲ ရသမျှကိုသာယူကာ မော်တေ
ငယ် စင်းလုံးငှားပြီး မော်လမြိုင်ဘက်သို့ ချက်ချင်းအပြင်းနှင်
ခြင်း ဖြစ်ပေသည်။

သူမအတွက် ကံဆိုးသည်လား ကံကောင်းသည်လာ
တော့မသိ။ သူမ၏နောက်သို့ ထပ်ကြပ်လိုက်နေသည့် အိုင်
ချစ်သွေးတို့ ရွာသူကြီးတို့ရှေ့မှောက်မှာပင် ကျောက်ဆောင်





တိုက်ပြီး စက်လှေရောကွဲကာ နစ်မြုပ်သွားရလေ၏။

ထိုအခါ မကျော့သွယ်ဘဝကို အစဖျောက်ဖျက်ပစ်ချင်နေသည့် သူမမှာ အကြိုက်တွေ့သွားပြီး ရေလှိုင်းလုံးကြီးများကြား ကူကယ်ရာမဲ့စွာ သနားစဖွယ် နစ်မြုပ်သွားဟန်ဆောင်လိုက်လေသည်။

မနန်းစိမ့်သည် ရေအောက်ထဲရောက်သွားသည်နှင့် ဝဲကိုရှောင်ကာ ကူးခတ်ရင်း သူမ၏ကျောပိုးအိတ်ကို ရေအောက်ထဲမှာပင် တွေ့ရှိရာ အရအမိ ဆွဲယူလျက် ဝဲ၏တစ်ဖက်သို့ ကူးသွားတော့၏။

သို့ဖြင့် သူမသည် လှိုင်းလုံးများကြား ခေါင်းကလေးဖော်ကာ အသက်ရှူရှိုက်သွင်းလိုက် ရေအောက်ထဲ ပြန်ငုပ်လိုက်ဖြင့် ကမ်းခြေတစ်နေရာဆီသို့ ဦးတည်ကူးခတ်ခဲ့ပါတော့သည်။

မနန်းစိမ့်၏ ကျောပိုးအိတ်မှာ လေးလံသော်လည်း လေလုံသဖြင့် ရေထဲတွင် နစ်မြုပ်မသွားဘဲ အတော်အတန် ပေါ်လောပေါ်သဖြင့် ယင်းကျောပိုးသားရေအိတ်ကိုပင် အသက်ကယ်ဘောသဖွယ် အသုံးပြုလျက် လှိုင်းလုံးတို့ကြား ကူးခတ်နိုင်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassi.com



သူမသည် ပဲရွာအနီးရှိ ချောင်းကမ်းစပ်လတာပြင်သို့ ရောက်ရှိခဲ့ပြီး ပင်ပန်းနွမ်းနယ်လွန်းသဖြင့် လမုပင်တစ်ပင်၏ ခြေရင်းတွင် ပင်စည်ကိုမှီလျက် အပန်းဖြေရင်း အိပ်ပျော်သွားပါတော့၏။

မနန်းစိမ့်မှာ မောမောနှင့်အိပ်မောကျသွားသည်ဖြစ်ရကား အိပ်ရာမှနိုးလာသည့်တွင် ညမှောင်ရီသမ်းလျက် ရှိချေပြီ။

"အား ... ဗိုက်ဆာလိုက်တာ"

"အင်း ... ဒီနေရာဟာ ရွာနဲ့အတော်အလှမ်းဝေးပုံရတယ်"

သူမက ကျောပိုးသားရေအိတ်ကို ဖွင့်ကြည့်လိုက်ရာ ငွေစက္ကူထုပ်တို့မှာ ရေတို့ဖြင့် ရွဲစိုနစ်လျက်ရှိသည်ကို တွေ့ရလေသည်။

"ဒုက္ခပါပဲ ... ငွေစက္ကူတွေက ရေစိုပြီးကပ်ကုန်ပြီ၊ အင်းလေ နေပူလှမ်းလိုက်ရင် ခြောက်သွားမှာပါ၊ အခု ငါ့မှာ ငွေစက္ကူတွေနဲ့ ရွှေငွေလက်ဝတ်ရတနာတွေရှိပေမယ့် အစားအစာ ဝယ်စားလို့ မရဘူး၊ ဒါတွေကို ကိုက်စားလို့လည်းမရဘူး၊ အင်း





... တော်တော် တရားကျစရာကောင်းပါလား"

မနန်းစိမ့်မှာ ဗိုက်ကဆာ ဝမ်းကဟာဖြင့် နွမ်းလျစွာ လမုပင်စည်ကို မှီလျက်သာ တစ်ညတာကို ဖြတ်ကျော်ရတော့၏။

ညဉ့်မှောင်လာသည်နှင့် မှက်၊ ခြင်တို့က ကိုက်ခဲလာရာ မှက်ခြင်တို့ကို ပွတ်သပ်ရိုက်ခတ်ရင်း ဆင်းရဲဒုက္ခကြီးစွာ ခံစားနေရတော့သည်။

"တောက် ... ငါ အခုလိုဆင်းရဲဒုက္ခရောက်ရတာဟာ အိုင်အိုချစ်သွေးဆိုတဲ့ စုံထောက်စုတ်ကြောင့်ပဲ၊ သင်းသာ ကဘားရွာဆီ ရောက်မလာရင် ငါလည်း ခုလို ဘယ်မှထွက်ပြေးစရာ မလိုဘူး၊

ခုတော့ မရောင်းရသေးတဲ့ စက်လှေနှစ်စီးနဲ့ လယ်တွေလည်း ကျန်ရစ်ခဲ့သေး၊ လူလည်း အတိဒုက္ခကြီးစွာ ရောက်ရသေး"

"အဲဒါတွေဟာ ... အိုင်အိုချစ်သွေးကြောင့် ဖြစ်ရတာ၊ သင်းကိုတော့လား တွေ့မှအမှုန့်ကို ချေပစ်မယ်၊ ဟင်း ဟင်း ... တွေ့ ကြသေးတာပေါ့ ချစ်သွေးရယ်"



www.burmeseclassic.com

www.burmeseclassi.com



မနန်းစိမ့် (ခေါ်) ခုနစ်လွှာမျက်နှာရှင်မှာ အိုင်အိုချစ်သွေးကို တစ်ညလုံး ကျိန်ဆဲရင်း ဒုက္ခဆင်းရဲကြီးမားလှသည့် တစ်ညတာကို ခက်ခဲပင်ပန်းစွာ ဖြတ်သန်းရလေတော့၏။

❋

နောက်နေ့နံနက် မိုးသောက်သည်တွင် မနန်းစိမ့်သည် ကျာပိုးအိတ်ကြီးထဲမှ ငွေစက္ကူတို့ကို ထုတ်ယူကာ ပင်လယ်ကမ်းစပ်အနီးရှိ ကျောက်တုံးများပေါ်တွင် ဖြန့်လှန်းလေရာ ရေစိုနေသည့် ငွေစက္ကူတို့က ကျောက်တုံးတို့၏ မျက်နှာပြင်၌ ကပ်နေကြတော့၏။

''အင်း . . . နေထွက်လာရင်တော့ ငွေစက္ကူတွေ ခြောက်သွားမှာပဲ၊ ဒီလိုမှမလုပ်ရင်လည်း ငွေစက္ကူတွေ ရှိပြီးပြီ ကုန်မှာပဲ၊ မီးကင်ရအောင် မီးခြစ်ကလည်း ရေစိုပြီး သုံးစားမရတော့ဘူး''

ခု နစ် စဉ် ကြယ် တာ ပေ

www.burmeseclassic.com

www.burmeseclassi.com



"အား . . . ကျွတ် ကျွတ် ဗိုက်ဆာတာက အရေးကြီးတယ်၊ လူသူရှိရာအရပ်ဆီ ကြိုးစားသွားရောက်ပြီး ရွှေလက်စွပ်မောင်းကွင်းလေးတွေနဲ့ လဲစားရတော့မှာပဲ"

မနန်းစိမ့်မှာ ထိုသို့တွေးပြီး ရတနာထုပ်ကိုသာ ဘောင်းဘီဘေး အိတ်ထဲထည့်လျက် ကုန်းတွင်းပိုင်းသို့ လှမ်းလျှောက်လာခဲ့တော့၏။

အတန်ကြာအောင် ဖုန်းဆိုးမြေကို ဖြတ်သန်းလာခဲ့ပြီး လျှင်မှူ မီးခိုးတလူလူထွက်နေသည့် တဲတစ်လုံးကို တွေ့ရတော့သည်။

သူမက ထိုတဲဆီသို့ လျှောက်လှမ်းသွားရာ တဲနှင့် ကိုက်နှစ်ဆယ်ခန့်အကွာအဝေးအရောက်တွင် တဲဘေး၌ ခွေအိပ်နေသည့်ခွေးက ထဟောင်တော့၏။

"ဝုတ် ဝုတ် ဝုတ် ဝုတ်"

ခဏအကြာဝယ် တဲထဲမှ ယောကျ်ားတစ်ဦးနှင့် မိန်းမတစ်ဦးတို့ထွက်လာတော့သည်။

"ဩော် . . . ခရီးသွားထင်တယ်"

လူရွယ်က မှတ်ချက်ပြုရင်း သူ့ခွေးကို စုတ်သပ်ကာ





ဟန့်လိုက်လေသည်။

"ကျွန်မ ပင်လယ်ထဲမှာ စက်လှေမှောက်ပြီး ဒုက္ခရောက်လာလို့ပါရှင်"

"ဩော် . . . ဟုတ်လား၊ လာပါ လာပါ အိမ်ထဲဝင်ပါ"

ဖော်ရွေသော လင်မယားက မနန်းစိမ့်ကို လှိုက်လှဲစွာကြိုဆိုကာ တဲအိမ်ထဲသို့ ဖိတ်ခေါ်ကြလေသည်။

"လာ ညီမ . . . ဒီတဲမှာ အစ်မတို့လင်မယားနှစ်ယောက်တည်းနေတာ၊ လာ လာ . . . ဒီမှာထိုင်"

"ကျေးဇူးတင်ပါတယ် အစ်မရယ်၊ ကျွန်မရဲ့နာမည်က မမြစိမ်းပါ၊ စား စားစရာလေးရှိရင် ကျွေးကြပါရှင်၊ စိမ်း . . . ကျေးဇူးဆပ်ပါ့မယ်"

"အို . . . ကျေးဇူးဆပ်ဖို့တွေ ဘာတွေ မလိုပါဘူးကွယ်၊ ဒုက္ခရောက်လာသူကို အစ်မတို့က ကူညီစောင့်ရှောက်ရမှာပေါ့"

စေတနာကောင်းလှသည့် လယ်တဲနေလင်မယားက ကောက်ညှင်းပေါင်းနှင့် ငါးခြောက်ဖုတ်ကို ထုတ်ကျွေးသည်။

မနန်းစိမ့်မှာ ဆာဆာနှင့် ပလုတ်ပလောင်းစားတော့၏။

"ကျေးဇူးတင်ပါတယ်ရှင်၊ ညကတည်းက ဘာမှမစားရ



www.burmeseclassic.com

www.burmeseclassi.com



တာ ခုမှပဲ နေသာထိုင်သာ ရှိသွားတော့တယ်''

ထို့နောက် မနန်းစိမ့်က သူမသည် ထားဝယ်မှလာသော ကုန်သည်တစ်ဦးဖြစ်ပြီး ပင်လယ်ထဲတွင် မုန်တိုင်းနှင့် တိုးသဖြင့် စက်လှေနစ်ခဲ့ရကြောင်း ပြောပြကာ သူမကို ကူညီပါရန် မေတ္တာ ရပ်ခံရာ ...

''စိတ်ချပါ၊ လိုအပ်တာမှန်သမျှ ကူညီနိုင်တာဆို ကျုပ် တို့လင်မယားက ကူညီမှာပါ''

''ကောင်းပါပြီ ... ဒါဆို ဒီနေ့နေ့လယ်မှာပဲ ထားဝယ်ကို ပြန်ချင်ပါတယ်၊ အဆင်ပြေအောင် စီစဉ်ပေးပါရှင်၊ ဒါက အစ်ကို တို့လင်မယားကို ကျေးဇူးဆပ်တာပါ''

မနန်းစိမ့်က ရွှေလက်စွပ်မောင်းကွင်းလေးတစ်ကွင်းကို ပေးရာ လင်မယားနှစ်ယောက်စလုံးက ငြင်းနေသဖြင့် အတင်း ပေးနေရလေသည်။

''ကဲ ... ဒါဆို ကျုပ် ပဲရွာဆိပ်သွားပြီး စက်လှေ သဘော်ာကိစ္စ စုံစမ်းချေမယ်''

တဲရှင်ကိုဝင်းသန်းက ပြောပြောဆိုဆိုဖြင့် ခမောက်ကို ဆွဲကာ ရွာဘက်ဆီသို့ ထွက်သွားတော့၏။

ခု နစ် စဉ် ကြယ် စာ ပေ



''ကဲ အစ်မ ... စိမ်း ကမ်းစပ်ဘက်သွားလိုက်ဦးမယ်၊ အတူတူရေနစ်ခဲ့သူတွေထဲက ကံထူးသူ တွေ့လိုတွေ့ငြားပေါ့''

''အေး အေး ... အစ်မလည်း ဟင်းချိုလေးချက်လိုက် ဦးမယ်''

သို့ဖြင့် မနန်းစိမ့်မှာ ကမ်းခြေဘက်သို့ ထွက်ခဲ့ရာ သူမ ငွေစက္ကူများလှမ်းထားသည့် ကျောက်တုံးကြီးများဆီသို့ ပြန်လည် ရောက်ရှိသွားသည်တွင် ...

''အို ... ငါ့ ... ငါ့ငွေစက္ကူတွေ မရှိတော့ပါလား''

နေထွက်လာပြီး နေပူရှိန်ကြောင့် ငွေစက္ကူတို့က ခြောက် သွေ့သွားရာ ကျောက်တုံးတို့ပေါ်မှ ကွာကျလာကြပြီး လေအဝေ့၌ ပင်လယ်ဘက်သို့ လွင့်ပါကုန်ကြခြင်းဖြစ်၏။

''ဟယ် ... ကုန်ပါပြီ ကုန်ပါပြီ၊ ငါ့ငွေစက္ကူတွေတော့ ကုန်ပါပြီ''

သောင်ပြင်ပေါ် ဟိုတစ်ရွက် သည်တစ်ရွက် လွင့်ကျနေ ကြသည့် ငွေစက္ကူအချို့ကိုသာ ပြန်လည်ရရှိတော့သည်။

''ဟွန်း ... ငွေစက္ကူတွေခြောက်ရင် လေနဲ့လွင့်ပါကုန် မယ်လို့ မတွေးမိတာ ငါ့အမှားပဲ''

ခု နစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassi.com



"တောက် ... ဒီလို ကမောက်ကမတွေဖြစ်တာဟာလည်း အိုင်အိုချစ်သွေးကြောင့်ပဲ၊ ဒီကိစ္စတွေအရပ်ရပ်အတွက် သင်းဟာ တရားခံပဲ၊ တွေ့မယ်, တွေ့မယ် ... တွေ့ကြသေးတာပေါ့ ချစ်သွေးရယ်"

※

အိုင်အိုချစ်သွေးနှင့် ကျွန်ုပ်တို့သည် ကဘားရွာတွင် တစ်ညအိပ်ပြီးနောက် နောက်နေ့နံနက် ၁၀ နာရီခန့်မှာပင် မြိတ်နှင့်ထားဝယ် ပြေးဆွဲလျက်ရှိသည့် ခရီးသည်တင် နှစ်ထပ်သင်္ဘောကြီးဖြင့် လိုက်ပါခဲ့ကြလေသည်။

ကျွန်ုပ်တို့သည် ထားဝယ်သို့ရောက်မှ ထားဝယ် ... ရန်ကုန်သင်္ဘောဖြင့် ဆက်လက်လိုက်ပါကြမည်ဖြစ်၏။

ကျွန်ုပ်တို့လိုက်ပါလာသည့် မီးသင်္ဘောကြီးမှာ လမ်းခရီးတစ်လျှောက်ရှိ ရွာဆိပ်များမှ ခရီးသည်တို့ကိုပါ စိတ်ရှည်လက်ရှည် တင်ဆောင်ခဲ့ရာ ပဲရွာဆိပ်ကမ်းအရောက်တွင် တရုတ်ပေါက်

ခု နှစ် စဉ် ကြယ် တ ပေ

www.burmeseclassic.com

www.burmeseclassi.com



ဖော်တစ်ဦးမှာ အခြားခရီးသည်သုံးဦးနှင့်အတူ သင်္ဘောပေါ်သို့ တက်လာသည်ကို တွေ့ရလေသည်။

အိုင်အိုချစ်သွေးနှင့် ကျွန်ုပ်တို့မှာ သင်္ဘောအပေါ်ထပ် အထူးခန်းတွင် ဝါးပက်လက်ကုလားထိုင်တစ်လုံးစီဖြင့် ထိုင်လျက် လိုက်ပါလာခဲ့ရာ ယင်းတရုတ်ပေါက်ဖော်သည်လည်း ကျွန်ုပ်တို့၏ လက်ယာဘက်တွင် ပက်လက်ကုလားထိုင်ဖြင့်ပင်ထိုင်ကာ လိုက်ပါလာခဲ့လေ၏။

ပုလောကို ကျော်လွန်လာသည့်အခါမှာမူ ကျွန်ုပ်တို့၏ လက်ဝဲဘက်ရှိ ပက်လက်ကုလားထိုင်ပေါ်ထိုင်လျက် လိုက်ပါလာသော ကုလားဘာဘူကြီးတစ်ဦးသည် သူ၏အဝတ် လွယ်အိတ်ဖြူဖြူကြီးထဲမှ သားရေအိတ်ငယ်ကိုထုတ်ကာ အိတ်၏ဇစ်အား ဆွဲဖွင့်လိုက်လေသည်။

ပြီးလျှင် ယင်းဘာဘူကြီးသည် အိတ်ထဲမှ ပတ္တမြားလည်တုံတစ်ခုကို ထုတ်ယူလိုက်လေသည်။

ထို့နောက် ဘာဘူကြီးသည် အထူးခန်းမှာလိုက်ပါလာသည့် ရွှေငွေလက်ဝတ်လက်စားများ ဝတ်စားထားသော အဘွားကြီးတစ်ဦးအား ယင်းပတ္တမြားလည်တုံကိုပြသကာ ဝယ်ယူရန်





တိုက်တွန်းလျက်ရှိလေ၏။

"အမား ... ခရီးလမ်းကြုံ ဝယ်ထားနော်၊ ဒါ ... ပတ္တမြားအစစ် လက်ရာကောင်း"

"နောက် ဘာပစ္စည်းတွေရော ပါသေးသလဲ ဘာဘူကြီး၊ မြလက်ကောက်တို့၊ စိန်လက်စွပ်တို့ရော မပါဘူးလား"

အဘွားကြီး၏ဘေးမှ စီးကရက်လက်ကြားညှပ်လျက် နှုတ်ခမ်းရဲနေအောင်ဆိုးထားသည့် ဆိုရှယ်ကျကျဝတ်စားထားသော အမျိုးသမီးတစ်ဦးက မေးရာ ဘာဘူကြီးလည်း သူ့သားရေအိတ်ထဲမှ အခြားလက်ဝတ်ရတနာတို့ကို အားတက်သရော ထုတ်ပြလေသည်။

"ပါတယ်လေ၊ ပါတာပေါ့၊ အားကြီးပါတယ်၊ ချွန်တော်ဟာ ရွှေကုန်သည် စိန်ကုန်သည်ပဲ အမားရဲ့၊ နာမည်က ကျော်ကျော်လို့ ခေါ်တယ်"

ထိုအခါ အခြားခရီးသည်တို့လည်း ကုလားဘာဘူကြီး (ကျော်ကျော်) ထုတ်ပြသည့် ရတနာထည်တို့ကို စိတ်ပါဝင်စားစွာ ဝိုင်းအုံကြည့်ရှုကြ တော့၏။

ရတနာဆိုလျှင် စိတ်ဝင်စား တပ်မက်တတ်ကြသည့်



www.burmeseclassic.com

www.burmeseclassi.com



လူတို့၏သဘော။ အထူးသဖြင့် မိန်းမသားတို့၏သဘောကို တွေးဆ ဆင်ခြင်ရင်း ကျွန်ုပ်က ထိုသူတို့၏ လှုပ်ရှားမှုကို တစေ့တစောင်း ကြည့်ရှုနေသော်လည်း အိုင်အိုချစ်သွေးကမူ စိတ်မဝင်စားဟန်ဖြင့် အသင့်ပါလာသည့် ကတ်မျက်မှန်မင်္ဂဖင်းကိုသာ ဖတ်ရှုလျက်ရှိချေ၏။

ခဏကြာလျှင် တရုတ်ပေါက်ဖော်သည် သူ၏ ပက်လက်ကုလားထိုင်မှထလာပြီး ဘာဘူကြီးရတနာထည်များ ပြသနေသည်ကို အပေါ်မှစီးမိုးကြည့်လျက်ရှိလေသည်။

သဘော်အထူးခန်းတွင် စတိုင်လ်အပြည့်ဖြင့် လိုက်ပါလာကြသူတို့မှာ ဘာဘူကြီး၏ ရတနာထည်တို့ကို အမျိုးမျိုးကိုင်တွယ်ကြည့်ရှုကြသော်လည်း မည်သူမျှ မဝယ်ကြချေ။

ထို့ကြောင့် ဘာဘူကြီးကျော်ကျော်လည်း သူ၏ရတနာထည်တို့ကို သားရေအိတ်ငယ်ထဲသို့ ပြန်ထည့်ကာ ဇစ်ကိုဆွဲပိတ်လိုက်လေသည်။

ထိုစဉ်မှာပင် ဘာဘူကြီး၏မျက်နှာရှေ့သို့ ခြောက်လုံးပြူးသေနတ်ပြောင်းတစ်ခု ရောက်ရှိလာပါတော့၏။

"အား ပါးပါး ...ဒါ ဘာလဲ ဘာလဲ"





"မလှုပ်နဲ့ ဘာဘူကြီး၊ ဝ လူမသတ်ချင်ဘူးနော်၊ ပေးပါဒီအိတ်"

ပေါက်ဖော်သည် ဘာဘူကြီး၏ ရတနာအိတ်ကို ဆတ်ခနဲ ဆွဲယူလိုက်ပြီးနောက် ကျန်ခရီးသည်အားလုံးဘက်သို့ပါ သေနတ်ဝှေ့ယမ်းကာ ခြိမ်းခြောက်လိုက်လေသည်။

"တီယောက်မှ မီလှုပ်နဲ့နော်၊ လှုပ်တဲ့လူကို ဝပစ်ထည့်လိုက်မယ်"

ထိုအခါမှ ကျွန်ုပ်သည် ပေါက်ဖော်ကြီးကို အလန့်တကြား မော့ကြည့်လိုက်ရာ သူ၏ဝဲဘက်ပါးရိုးအောက်တွင် မှဲ့နီနီလေးကို လှစ်ခနဲ တွေ့လိုက်ရလေတော့၏။

သူက ကော်လာလည်ထောင် တရုတ်ရှပ်အင်္ကျီပွပွကြီးဝတ်ထားသဖြင့် အစက သူ၏မှဲ့ကို သတိမပြုမိခြင်း ဖြစ်သည်။

ကျွန်ုပ်ကဲ့သို့ပင် အိုင်အိုချစ်သွေးသည်လည်း သတိပြုမိသွားဟန်ဖြင့် ထိုင်ရာမှ ထမည်ပြုလိုက်လေ၏။

"ဟိတ် လု ... ဘာလုပ်တာလဲ၊ မထနဲ့၊ ထလို့ကတော့ ဝ ပစ်ပြီမှတ်"

အိုင်အိုချစ်သွေးက သေနတ်တယမ်းယမ်းဖြင့် ပြတင်း



www.burmeseclassic.com

www.burmeseclassi.com



ပေါက်ဆီသို့ နောက်ဆုတ်တိုးကပ်သွားနေသည့် ပေါက်ဖော်အား ရှူးရှူးရဲရဲကြည့်ရင်း အော်ပြောလိုက်လေသည်။

"မင်း . . . မင်း မသေဘူးပဲ"

ထိုစဉ် ပေါက်ဖော်ကြီး၏ သေနတ်ပြောင်းဝမှ မီးတစ်ချက်ပွင့်သွားရာ ကျွန်ုပ်မှာ အိုင်အိုချစ်သွေးအတွက် လွန်စွာ စိုးရိမ်သွားရတော့သည်။

"ဒိုင်း"

ကော်ဒိုက်ယမ်းအား၏ ပေါက်ကွဲသံ မထွက်ပေါ်လာမီမှာပင် အိုင်အိုချစ်သွေးမှ ဝဲဘက်ဘေးသို့ လှဲချလိုက်ရာ လူရော ဝါးပက်လက်ကုလားထိုင်ပါ ဝုန်းခနဲ လဲကျသွားပါတော့၏။

သူ လဲကျနေရာမှ လူးလဲမထမီမှာပင် ပေါက်ဖော်ကြီးမှာ သားရေအိတ်ကို ပါးစပ်မှကိုက်ထားရင်း ပြတင်းပေါင်ပေါ် လက်ထောက်တက်လျက် ပြတင်းအပြင်ဘက်သို့ ကျွမ်းထိုးချလိုက်ပါတော့သည်။

ကျွန်ုပ်က ပက်လက်ကုလားထိုင်မှ ချက်ချင်းထကာ ပြတင်းဝဆီသို့သွားပြီး ငုံ့ကြည့်လိုက်သည်တွင် ပေါက်ဖော်ကြီးမှာ သားရေအိတ်ကို ပါးစပ်ဖြင့် ကိုက်ထားလျက်မှ ကမ်းစပ်ဆီ လက်





ပစ်ကူးသွားနေသည်ကို တွေ့ရလေသည်။

ယင်းအချိန်မှာပင် ကျွန်ုပ်၏ဝဲဘက်ရှိ ပြတင်းပေါက်ပေါင်ပေါ်သို့ အိုင်အိုချစ်သွေး တက်လိုက်သည်ကို တွေ့ရပြီး သူသည်လည်း ရေထဲသို့ ဒိုက်ဗင်ထိုးချလိုက်သည်ကို တွေ့ရလေတော့၏။

'ဗွမ်း'

သူတို့နှစ်ဦးသည် ကိုက် ၅၀ ခန့်အကွာအဝေးတွင်ရှိသော ကမ်းစပ်ဆီ ဦးတည်ကူးခပ်သွားလျက်ရှိတော့ရာ ပေါက်ဖော်ကြီးက ကမ်းစပ်သို့ ဦးစွာရောက်ရှိသွားပြီး လမုတောထဲ ဝင်ရောက်ပျောက်ကွယ်သွားတော့သည်။

အိုင်အိုချစ်သွေးသည်လည်း မကြာမီမှာပင် ကမ်းစပ်သို့ ရောက်ရှိသွားပြီး လမုပင်တို့ကြားသို့ ဝင်ရောက်ပျောက်ကွယ်သွားပါတော့၏။

မီးသဘော်ပေါ်၌မူ စိန်ဘာဘူကုလားကြီးကျော်ကျော်မှာ ရင်ဘတ်စည်တီးလျက် ဆွေ့ဆွေ့ခုန်နေပါတော့သတည်း။

"လုပ်ပါဦး ကယ်ကြပါဦး၊ ချွန်တော့ရဲ့ရတနာထည်အိတ် ပါသွားပြီ၊ ပါသွားပြီ၊ အဲဒီပေါက်ဖော်နော် မကောင်းဘူး။



www.burmeseclassic.com

www.burmeseclassi.com



ချွန်တော့်ဆီက လုသွားတယ်၊ ရှေ့ကဆိပ်ကမ်းရောက်ရင်နော် ချွန်တော်ဆင်းမယ်၊ ပုလိပ်ကိုနော် သွားတိုင်မယ်၊ ပေါက်ဖော်နော် အသက်ကြီးပြီ မိမှာပဲ''

စိန်ဘာဘူကုလားကြီးက သူ့ထံမှ ရတနာအိတ်လုယက်သွားသူမှာ တကယ့် တရုတ်ပေါက်ဖော်ဟုထင်နေ၏။ တကယ်တော့ ထိုသို့ လုယက်သွားသူမှာ ပေါက်ဖော်အတုသာဖြစ်ပြီး ထိုသူမှာ အသက်ပြင်းလှသည့် မနန်းစိမ့် (ခေါ်) ခုနစ်လွှာမျက်နှာ ရှင်ပင်ဖြစ်ကြောင်း စိန်ဘာဘူကြီး မသိချေတကား။

❋

# အခန်း (၃)

## ကတုံးပေါ်ထိပ်ကွက်ခြင်း

## ဆီလူးငါးရှဥ့်

## ကံကြမ္မာအဆုံးအဖြတ်

www.burmeseclassic.com

www.burmeseclassi.com



## အခန်း (၃)

## ကတုံးပေါ်ထိပ်ကွက်ခြင်း

ခုနစ်လွှာမျက်နှာရှင်သည် သားရေအိတ်ငယ်တစ်လုံးကို ပခုံးသိုင်းလွယ်လျက်လည်းကောင်း၊ သားရေအိတ်ငယ်တစ်လုံးကို ပါးစပ်တွင် ကိုက်လျက်လည်းကောင်း ကမ်းစပ်သို့ကူးခပ်ရောက်ရှိပြီးနောက် . . . လမုတောထဲ တိုးဝင်ခဲ့လေရာ ရှုပ်ယှက်ခတ်နေပြီး ကျယ်ဝန်းလှသည့် ဒီရေရောက်တောကို ဖြတ်သန်းလာရင်း လွယ်လာသည့် သားရေအိတ်ငယ်ကို လွယ်ထားသည့် သားရေအိတ်ထဲ ထည့်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassi.com



ထို့နောက်တွင်မူ လွယ်ထားသည့် သားရေအိတ်ထဲ
ဆံပင်အတုနှင့် မျက်နှာခြေမှုန့်တို့ကို ထုတ်ယူလိုက်ပြီး သူမ၏ရု
သွင်ကို တရုတ်ပေါက်ဖော်အဖြစ်မှ ခေါင်းဖြူဖြူ၊ နှုတ်ခမ်းမွေးကာ
ကားနှင့် မြန်မာအဘိုးအိုပုံပေါက်အောင် ပြုပြင်လိုက်လေသည်
ပြီးလျှင် ဘောင်းဘီအနက်ကို လဲလှယ်ခြင်းမပြုသေ
လည်း အင်္ကျီကိုမူ တရုတ်အင်္ကျီလက်ရှည်လက်ပွနေရာတွင် ဂျ
ခုတ်ထည် လက်စကနှင့် လဲလှယ်ဝတ်ဆင်လိုက်လေသည်။

ဤတွင် သူမ၏ရုပ်သွင်မှာ မြန်မာအဘိုးအိုတစ်ဦး၏
ရုပ်သွင်မျိုး ပီပြင်စွာ ဖြစ်သွားတော့၏။

သို့လျှင် ရုပ်သွင်ကိုပြောင်းလဲပြီးနောက် ခုနစ်လွှ
မျက်နှာရှင်သည် ခရီးဆက်လာခဲ့ရာ ညနေစောင်းလာသည့်
ကုန်းတွင်းပိုင်း မြို့ငယ်လေးတစ်မြို့၏အနီးသို့ ရောက်ရှိလာခဲ့
တော့၏။

ယင်းမြို့လေးမှာ ကျောက်တောင်မြို့ဟု အမည်ခေါ်တွင်
ပြီး ရွာအကြီးစားသာသာ မြို့လေးဖြစ်ကာ လူနေကျဲပါးလှသည်။

မြို့၏တောင်ဘက်စွန်းတွင် ခြံကျယ်ကြီးတစ်ခြံရှိပြီး
လူသွားလူလာပြတ်လပ်လှသည့် မြို့စွန်ဒေသဖြစ်ရသည့်အထဲ





ကြခတ်ဝါးစည်းရိုးများ ထူထပ်မြင့်မားစွာ ပေါက်ရောက်လျက်ရှိ
သဖြင့် လူမနေသော ပစ္စန္တရစ်အရပ်ကဲ့သို့ ရှိချေ၏။

ယင်းခြံကျယ်ကြီးထဲရှိ ခြေတံရှည်သစ်သားအိမ်၏အပေါ်
တွင် လူနှစ်ဦးသည် ယမကာကိုမြိုချရင်း ညစာစားလျက်ရှိကြလေ
သည်။

"ဟော့ကောင် ကြင်စိန် . . . မင်းဟာလေ ကမန်းကတန်း
ကြင်စိန်လို့ ဘွဲ့အမည်ရအောင်ကို ဘာလုပ်လုပ် ကမန်းကတန်း
လုပ်ပြီး အတော်ရုပ်ပျာပျာနိုင်တဲ့ကောင်ပဲကွာ၊ အေ့ ထွီ"

"အောင်မာ . . . ငါ့ဟာငါ ကမန်းကတန်းပဲလုပ်လုပ်၊
ရုပ် ပျာပျာပဲလုပ်လုပ်၊ ငါ့အလုပ်ကိုငါ ပိုင်ပိုင်နိုင်နိုင်ကျွမ်းကျွမ်း
ကျင်ကျင် လုပ်နိုင်ပါတယ်၊ ကီဝိရ အေ့"

"အေး . . . မင်းရဲ့အလုပ်ကို မင်းပိုင်တာတော့ ငါ
ထောက်ခံပါတယ် ကြင်စိန်၊ ဒါပေမဲ့ . . . မင်းဟာ ကမန်းကတန်း
နဲ့ ရုပ်ပျာပျာလုပ်လို့ ထားဝယ်က ရော်ဘာခြံသူဌေးကြီး
ကျင်ယုနိုင်ရဲ့အိမ်ကို ဖောက်ထွင်းတော့ မီးခံသေတ္တာထဲကနေ
ရပြီးသားစိန်ထုပ်ကို မီးခံသေတ္တာပေါ်မှာတင်ထားပြီး မေ့ကျန်
ရစ်ခဲ့တယ် မဟုတ်လားကွ၊ ဟော့ အေ့ ကြင်စိန် . . . ခွေးသားရဲ့"



www.burmeseclassic.com

www.burmeseclassi.com



"ဒါ ဒါကတော့ ကံဇာတ် . . . မှားတဲ့အခါလည်း မှားပေဦးမှာပေါ့၊ အဲဒီ ကျင်ယုနိုင်ဆိုတဲ့လူကြီးက အရက်မူးပြီး အိပ်ပျော်တတ်ပေမယ့် အအိပ်ဆတ်လေတော့ သူ့အိပ်ခန်းထဲက မီးခံသေတ္တာကို မြန်မြန်ဖွင့်ပြီး မြန်မြန်ပြန်ထွက်ရလို့ စိန်ထုပ်ကို မေ့လာခဲ့တာပါကွာ၊ ငါ့မှာ အဲဒီအိမ်ထဲကနေ ကမန်းကတန်း ပြန်ထွက်ရလို့ ကျင်ယုနိုင်ရဲ့ညီမ ခြင်ထောင်တောင် လှန်မကြည့်ခဲ့ရပါဘူး"

"သြော် . . . မင်းက သေရေးရှင်ရေးဖြစ်နေချိန်မှာတောင်မှ ကမန်းကတန်း ဘူးချင်သေးတယ်ပေါ့ ဟုတ်လား၊ ငါ ပုလင်းနဲ့ ကောက်ရိုက်လိုက်ရ၊ ချီးမှပဲ . . . အဲဒီစိန်ထုပ်မရတာနာလိုက်တာကွာ . . . အော့"

"အောင်မာ . . . မင်းက အိမ်အောက်ကနေ ကင်းစောင့်ရုံ စောင့်ရတာပါကွာ၊ ငါ့မှာ သက်စွန့်ဆံဖျား ဖောက်ထွင်းဝင်ရောက်ပြီးမှ စိန်ထုပ်ပါမလာတော့ နှမြောလိုက်ပါဘိ၊ အော့ . . . ထွီ"

ထိုသို့နှယ် ဖောက်ထွင်းဝိဇ္ဇာ ကမန်းကတန်းကြင်စိန်နှင့် လက်မရွံ့ကံဇီ (ခေါ်) ဇော်ဝင်းထင်တို့မှာ ယမကာမော့လိုက်၊





စကားငြင်းခုန်ပြောလိုက်ဖြင့် ရေချိန်ကိုက်လျက်ရှိစဉ် . . .

အဘိုးအိုအသွင် ရုပ်ဖျက်ထားသည့် မနန်းစိမ့် (ခေါ်) ခုနစ်လွှာမျက်နှာရှင်သည် ကြခတ်ဝါးစည်းရိုးကို တိုးဝှေ့ကျော်ဖြတ်ပြီး ခြံထဲသို့ ဝင်ရောက်လာလေ၏။

အချိန်မှာ ညဥ့်အမှောင်ထုဖုံးလွှမ်းစ ညီအစ်ကိုမသိတသိ အချိန်ဖြစ်ပြီး ခြံကြီးထဲမှ ခြေတံရှည်အိမ်ကြီးပေါ်တွင် မီးအိမ်တစ်လုံး၏မီးရောင်လဲ့လဲ့ကို တွေ့မြင်နေရလေသည်။

"အောင်မယ်လေး . . . ရေကလည်း ငတ်၊ ဗိုက်ကလည်း ဆာလာပြီ၊ ဒီအိမ်မှာ ဝင်တည်းခိုလေမှပဲ"

ခုနစ်လွှာမျက်နှာရှင်သည် ခြေတံရှည်အိမ်ကြီး၏အောက် လှေကားခုံအနီးသို့ ရောက်ရှိလာသည်တွင် အိမ်ကြီး၏အပေါ်မှ အသံဗလံတို့ကို နားစွင့်ထောင်အကဲခတ်လိုက်လေသည်။

"အင်း . . . အိမ်ပေါ်က ယောကျ်ားနှစ်ယောက်ရဲ့ စကားပြောသံတွေပဲ ကြားရပြီး တခြားအသံတွေ မကြားရပါလား၊ ကေန္တ . . . ဒီအိမ်မှာ အရက်သမားယောကျ်ားနှစ်ယောက်တည်း နေထိုင်တယ်နဲ့တူရဲ့၊ အင်းလေ . . . လူနည်းတော့ ပိုပြီးတည်းခိုလို့ကောင်းတာပေါ့"



www.burmeseclassic.com

www.burmeseclassi.com



သူမက ဆက်လက်နားစွင့်ထောင်ပြီးနောက် ပြုံးလိုက်လေသည်။

''ငနဲသားတွေက အရက်သောက်နေကြတာကိုး။ အရက်ဝိုင်းဖွဲ့နေကြတာဆိုတော့ အမြည်းပါမှာသေချာတယ်၊ ဒါဆို စားစရာအတွက်တော့ စိတ်ချရပြီ။ ငါ လှေကားအတိုင်း တက်သွားလေမှပဲ''

''အဲ . . . နေဦး၊ ငါ ရတနာအိတ်ကိုယူသွားလို့ မဖြစ်ဘူး၊ တော်ကြာ သင်းတို့က စစ်လားဆေးလားလုပ်ရင်း ရတနာအိတ်ကို တွေ့သွားရင် အန္တရာယ်ရှိနိုင်တယ်၊ ရတနာအိတ်ကိုတော့ တစ်နေရာရာမှာ ဝှက်ထားခဲ့လေမှပဲ''

သို့ဖြင့် သူမသည် ရတနာအိတ်ဝှက်ရန် နေရာရှာရာမှ လှေကားခုံအနီးရှိ စံပယ်ရုံအောက်မှာ ဝှက်ထားရန် ဆုံးဖြတ်လိုက်လေသည်။

ထို့နောက် သူမသည် တူးစရာ ဆွစရာရှာဖွေရာ ကံအားလျော်စွာပင် ခြေတံရှည်အိမ်အောက်မှ တိုင်တစ်တိုင်ကို မှီထောင်ထားသည့် သံတူရွင်းငယ်အား တွေ့ရလေ၏။

ယင်းသံတူရွင်းဖြင့် စံပယ်ရုံအောက်၌ အနက် တစ်





တောင်ခန့် တွင်းတူးပြီးနောက် ရတနာအိတ်ကိုတွင်းထဲထည့်သွင်း မြှုပ်နှံကာ မြေပြန်ဖို့လိုက်လေသည်။

ပြီးလျှင် သူမက ခြောက်လုံးပြူးသေနတ်ကို ခါးကြားမှာ ထိုးကာ လှေကားအတိုင်း အိမ်ပေါ်သို့ တက်ခဲ့တော့၏။

အိမ်ပေါ်ရှိ ကပြင်သို့ရောက်သွားသည်တွင် အိမ်ရှေ့တံခါးမှာ ဟောင်းလောင်းဖွင့်ထားသဖြင့် မီးအလင်းရောင် ဖြာထွက်နေရာ သူမက ယင်းအိမ်တံခါးဝ၌ ရပ်လိုက်လေသည်။

''အိမ်ရှင်တို့ . . . အိမ်ရှင်တို့''

''ဟာ . . . အဘိုး အဘိုးကြီးတစ်ယောက်ပါလား''

''ညကြီးမင်းကြီး ဘာကိစ္စလဲဗျ၊ အလှူခံလား၊ အလှူခံဆိုရင်တော့ ကန်တော့ပါသေးရဲ့ဗျာ . . . အေ့''

''အလှူခံမဟုတ်ပါဘူး ကိုရင်တို့ရဲ့၊ မျက်စိလည်လမ်းမှားလာတဲ့ ခရီးသည်ပါ''

''ခရီးသည် ဟုတ်လား။ ဦးကြီးက ဘယ်ကနေ ဘယ်လိုလာတာလဲဗျ''

''ပုလောဘက်ကလာတာပါ၊ ထားဝယ်သွားမလို့ပါ၊ ဒါ ဘာမြို့လို့ခေါ်သလဲကွဲ့''



www.burmeseclassic.com

www.burmeseclassi.com



"ကျောက်တောင်မြို့ပါ"

"အင်း . . . ကျုပ်ကို ဒီမှာ ဒီတစ်ညတာတည်းခိုခွင့်ပြုပါ ကွယ် နော"

"ဒါ . . . ဇရပ်မဟုတ်ဘူး ဦးကြီးရဲ့၊ ဓမ္မာရုံလည်း မဟုတ်ဘူး။ ပြီးတော့ . . . ကျုပ်တို့က လူကောင်းတွေမဟုတ်ဘူး . . . အေ့"

"တည်းခိုခ ငါးကျပ်ပေးပါ့မယ်ကွယ်၊ ညစာလေးများ ကျွေးရင်တော့ နောက်ထပ်ငါးကျပ်ထပ်ပေးမှာပါ"

တစ်ညတာတည်းခိုခနှင့် ထမင်းဖိုး (၁၀) ကျပ်ရမည် ဆိုသဖြင့် ဘိုင်ပြတ်နေကြသည့် ကြင်စိန်နှင့် ကီဝီတို့မှာ အဘိုးအို ကိုလက်ခံရန် ချက်ချင်း ဆုံးဖြတ်လိုက်ကြတော့၏။

"အင်း . . . တစ်ဆယ်တောင်ပေးမယ်ဆိုရင်တော့ မဆိုးပါဘူး၊ လာပါ အိမ်ထဲဝင်၊ ပြီးရင် . . . ဆတ်သားခြောက်နဲ့ ခရမ်းချဉ်သီးမွှေပြီးချက်ထားတယ်၊ ဦးကြီးကို ထမင်းကျွေးပါ့မယ်"

"ရော် . . . ကောင်းပါလေ့ကွယ်၊ ရော့ ရော့ . . . စရန် ငါးကျပ် ယူထားပါကွယ်၊ ဒါထက် စောစောက ပြောတာမှာ မောင်ရင်တို့က လူကောင်းတွေတော့မဟုတ်ဘူးဆိုတော့ ဘယ်လို





မကောင်းတဲ့ လူတွေလဲကွဲ့၊ ဓားပြတွေလား"

"ဓားပြတိုက်လောက်အောင် အတင့်မရဲပါဘူးဗျာ၊ ကျုပ်တို့က ဖောက်ထွင်းယူရုံလောက်ပါ၊ ဟဲ ဟဲ ဟဲ အေ့"

ရေချိန်အတော်လွန်လာပြီဖြစ်သည့် ကြင်စိန်က ထန်းရည်မှူးကျွဲခိုးပေါ်ချေပြီ။

"ဟုတ်လိုက်လေ၊ ကျုပ်ကလည်း ရန်ကုန်လို၊ မော်လမြိုင်လို မြို့ကြီးပြကြီးတွေမှာမှ လုပ်ရားတဲ့ ခါးပိုက်နှိုက်ပါပဲကွယ်"

"ဟား ဟား ဟား . . . တပ်နိုင်ပါလား၊ ခုမှ သူတော်စင်တွေ စုဝေးမိတော့တယ်၊ လာဗျာ အဘိုးကြီး . . . ကျုပ်တို့ရဲ့ ဘဝတူတွေပဲ· ပျော်ပျော်ပါးပါး ပိုင်းဗျာ၊ ရော့ . . . ချ"

"လုပ်လိုက်လေကွယ် ကြာထင်ပ"

ခုနစ်လွှာမျက်နှာရှင်မှာ ဖောက်ထွင်းဝိဇ္ဇာနှစ်ဦးအား ရောရောယှိ လုပ်နေရစဉ် ကြခတ်စည်းရိုး ပိုင်းပတ်ခတ်ထားသည့် ခြံကြီးထဲသို့ တစ်စုံတစ်ယောက်သည် ပုန်းလျှိုးကွယ်လျှိုးနှင့် ဝင်ရောက်လာပြန်ပါ၏။

ထိုသူသည်ကား အိုင်အိုချစ်သွေးပင် ဖြစ်ပါသည်။ သူက မီးရောင်လဲ့လဲ့မြင်သဖြင့် လူသူရှိရာသည်အိမ်တွင် တစ်ညတာ



www.burmeseclassic.com

www.burmeseclassi.com



တည်းခိုရန် ဆုံးဖြတ်ပြီး ချဉ်းကပ်လာခဲ့ခြင်းဖြစ်ပါသည်။

သူက လသာနေသဖြင့် လရောင်ကို ရှောင်ရှားကာ လှေကားခုံနံဘေးမှ စံပယ်ရုံအောက်တွင် ဒူးတစ်ဖက်ထောက် ထိုင်လိုက်ရင်း အရိပ်အခြည်ကို စောင့်ကြည့်နေလိုက်၏။

ထိုစဉ် အိမ်ပေါ်မှ စကားပြောသံ၊ ရယ်သံတို့ကို သဲ့သဲ့ ကြားနေရလေသည်။

"ဒီမှာမှတ်ထား ဦးကြီး၊ ကျုပ်က ဖောက်ထွင်းဝိဇ္ဇာ ကမန်းကတန်း ကြင်စိန်ပါ၊ ဟောဒါကတော့ ကျုပ်ရဲ့သူငယ်ချင်း လက်မရှိကိုဝိ၊ ကျုပ်တို့က ဒီမြို့မှာ လုပ်ရှားမှုတစ်ခုလုပ်ပြီးတာနဲ့ ဒီကနေ ထွက်သွားကြမှာပါ၊ ဒီအိမ်ကြီးမှာ သရဲခြောက်တယ်ဆို ပြီး လူသူမနေခဲ့တာကြာပြီ၊ ဒါကြောင့် ကျွန်တော်တို့ လွတ်လွတ် လပ်လပ် တည်းခိုစခန်းချနေကြတာဗျ၊ ဟဲ ဟဲ ဟဲ အေ့"

အိုင်အိုချစ်သွေးမှာ အိမ်ပေါ်မှစကားသံတို့ကို နားစွင့်ရင်း စံပယ်ရုံအောက်၌ ငြိမ်သက်စွာ ဒူးတစ်ဖက်ထောက်ထားရစဉ် သူ ဒူးထောက်ထားရာမြေနေရာမှာ ပွယောင်းယောင်းလည်း ဖြစ်နေသဖြင့် ထူးခြားသလိုလို ခံစားလိုက်ရတော့၏။

ဤတွင် ထူးခြားနေသည့် ထိုမြေပွပွကို လက်ဖြင့် ယက်





ထုတ်ကြည့်လိုက်ရာ တွင်းတစ်ခုဖြစ်ကြောင်း တွေ့ရလေသည်။

"ဟာ ... ဒီနေရာမှာ တွင်းတူးထားတာကိုး"

သူက တွင်းထဲ လက်နှိုက်ကာ မြေစာခဲတို့ကို နှိုက်ထုတ် လိုက်သည့်အခါမှာမှ ...

"ဟာ ... ဒီထဲမှာ သားရေအိတ်လေးတစ်လုံးပါလား"

အိုင်အိုချစ်သွေးက ယင်းသားရေအိတ်လေးကို မြေတွင်း ထဲမှ နှိုက်ထုတ်ကာ ဖဲကိုဖွင့်ကြည့်လိုက်လေလျှင် အတွင်း၌ ရတနာထည်တို့ကို တွေ့ရလေတော့၏။

"ဟာ ... လက်စသတ်တော့ ဒါဟာ သဘော်ပေါ်က ကုလားဘာဘူကြီးရဲ့ ရတနာထည်အိတ်ပဲ"

သူက အိတ်၏ဖဲလေးကို ပြန်ပိတ်လိုက်ပြီး စကားပြော သံများကြားရာ ခြေတံရှည်အိမ်ကြီးပေါ်သို့ မော့ကြည့်ကာ နားထပ် စွင့်လိုက်လေသည်။

ထိုစဉ် စကားပြောသံတစ်ခုက လွင့်ပျံ့ထွက်ပေါ်လို့လာ ၏။

"ကျုပ်က ကော့သောင်းမှာ ခါးပိုက်နှိုက်ရင်း ပုလိပ်က မသက်ာဖြစ်သွားတာနဲ့ ကိုယ်ရောင်ဖျောက်ပြေးလာရတာကွဲ၊



www.burmeseclassic.com

www.burmeseclassi.com



ဒီဒေသက ကွင်းစိမ်းနေတော့ မျက်စိလည်သွားတာပေါ့ကွယ်၊ မနက်ကျရင်တော့ ထားဝယ်ဘက်ရောက်အောင်သွားချင်တယ်၊ မောင်ရင်တို့ လမ်းညွှန်ပေးလိုက်နော့၊ လမ်းညွှန်ခ နောက်ထပ် ငါးကျပ်ထပ်ပေးပါ့မယ်ကွယ်''

စကားပြောသံက အဘိုးအိုတစ်ဦး၏စကားသံမျိုးဖြစ်သော်လည်း ယင်းအသံမှာ ခုနစ်လွှာမျက်နှာရှင် အသံဖျက်ပြောသည့်အသံမှန်း အိုင်အိုချစ်သွေးက ရိပ်မိလိုက်ရာ ပြုံးလိုက်မိတော့၏။

''ဟင်း ဟင်း ဟင်း ... သင်း ဒီတစ်ခါတော့ အဘိုးကြီးအသွင် ရုပ်ဖျက်ထားပြီထင်တယ်၊ စကားသံက တရုတ်ပေါက်ဖော်အသံမျိုးမဟုတ်ဘဲ အဘိုးကြီးတစ်ယောက်ရဲ့အသံမျိုးဖြစ်နေပြီ''

ထိုစဉ် အိမ်ပေါ်မှ ပလုံးပထွေးစကားသံတို့ ထွက်ပေါ်လာပြန်သည်။

''ဦးကြီးက လမ်းညွှန်ခ ငါးကျပ်ထပ်ပေးမယ်ဟုတ်လား၊ ဟဲ ဟဲ ... ကောင်းတာပေါ့ဗျာ၊ အေ့ ... ကျွန်တော်တို့မှာ ဘိုင်ပြတ်နေလို့ ဒီချက်အရက်လေးတောင် မနည်းခြစ်ချုပ်ဝယ်





သောက်နေရတာဗျ၊ ဦးကြီးရောက်လာတာ ကျွန်တော်တို့အဖို့တော့ မိုးပေါ်က သိကြားမင်း ငွေထုပ်ကြီးနဲ့ရောက်လာသလိုပဲ ... ဟေး ဟေး''

''ကြင်စိန်ကလည်းကွာ ... သိကြားမင်းတော့မလုပ်လိုက်ပါနဲ့၊ သိကြားမင်းနဲ့ ငါတို့နဲ့ မတည့်ဘူးကွ၊ အေ့''

''ဟား ဟား ဟား ... ဟုတ်ပကွာ ဟုတ်ပ ကိုဝိရယ်၊ ငါ ဒါဆို ဒီဦးကြီးက ယမမင်းကြီးကွာ၊ နော ဝေ့ ထွီ''

''အေး ... အဲဒီလိုလုပ်စမ်းပါကွ၊ နော ယမမင်းကြီးရာ ... ဟား ဟား ဟား''

''ထားပါတော့ကွာ၊ ထားပါတော့၊ ကဲ ... ကျုပ် ထမင်းဆာလှပြီ၊ ထမင်းစားတော့မယ် ဖောက်ထွင်းဆရာကြီးတို့ရေ''

''စားစေဗျာ၊ စားစေ၊ ကြိုက်သလောက်သာ အိုးထဲက နေ ခပ်စားဗျာ၊ အေ့''

ယင်းစကားသံတို့ကို နားစွင့်ပြီးသည်နှင့် အိုင်အိုချစ်သွေးက ဆုံးဖြတ်ချက်ချလိုက်တော့၏။

''အင်း ... ခုနစ်လွှာမျက်နှာရှင်ဟာ ဖောက်ထွင်းသမားတွေရဲ့ရန်ကြောက်ပြီး ဒီမှာ ရတနာအိတ်ကို မြေမြှုပ်ဝှက်



www.burmeseclassic.com

www.burmeseclassi.com



ထားခဲ့တာပဲ ဖြစ်မယ်၊ သူ့ရဲ့အကြံက အဘိုးအိုဟန်ဆောင်ပြီး ဒီအိမ်မှာ ညအိပ်တည်းခိုပြီးမှ မနက်ကျ ဒီရတနာအိတ်ကို ပြန်ဖော်ယူပြီး လစ်မှာထင်တယ်''

"ဒီတော့ . . . သင်းကို ဒီမှာပဲ အမိဖမ်းနိုင်အောင် လုပ်ရမယ်၊ ခက်တာက သူတို့က သုံးယောက်၊ သေနတ်လည်း ရှိတယ် ဒီတော့ ငါတစ်ယောက်တည်း ဝင်ဖမ်းရင် မလွယ်လှဘူး၊ ဒီမြို့က မြို့လူကြီးတွေကို အကျိုးအကြောင်းရှင်းပြ အင်အားစုဆောင်းပြီး လာပိုင်းဖမ်းရမယ်''

သို့ဖြင့် အိုင်အိုချစ်သွေးသည် ရတနာထည်အိတ်ကိုယူပြီး ခြံဝသို့ ပြန်ထွက်ခဲ့ကာ မြို့လေးဘက်ဆီသို့ ဦးတည်လာခဲ့တော့၏။

* * *



## ဆီလူးငါးရှဉ့်

"ဗျာ . . . ဖောက်ထွင်းဝိဇ္ဇာ ကမန်းကတန်းကြင်စိန်နဲ့ ကီဝီ ဟုတ်လား ဗိုလ်လေး''

"ဟုတ်တယ် . . . ဦးလေးတို့ရဲ့''

"သူ . . . သူတို့နှစ်ယောက်ဟာ ဒီတနင်္သာရီဒေသမှာ နာမည်ကြီးနေတဲ့ ဖောက်ထွင်းဝိဇ္ဇာတွေပါပဲ၊ သူတို့ကို တနင်္သာရီတိုင်းမင်းကြီး အောင်သန်းဦးက ဆုငွေငါးထောင်စီတောင် ထုတ်ထားတာ ဗိုလ်လေးရဲ့''



www.burmeseclassic.com

www.burmeseclassi.com



"ဟာ ... ဒါဆို ဦးလေးတို့အတွက် ကော်ပေါက်ပဲဗျ၊ အဲဒီကောင်တွေဟာ အဲဒီမြို့တောင်ဘက်စွန်းက ခြေတံရှည်အိမ်ကြီးပေါ်မှာ ရှိနေတယ်၊ အဲဒီတော့ ... အခု ဦးလေးတို့ ရွာသောက် လူစုပြီး ကျွန်တော်နဲ့လိုက်ခဲ့ကြပါ၊ ကျွန်တော် ဦးဆောင်ပြီး ဝင်ဖမ်းပါ့မယ်၊ ဦးလေးတို့က အိမ်ကြီးကိုဝိုင်းပေးထားပြီး အဲဒီကောင်တွေရဲ့ ထွက်ပေါက်အားလုံးကို ပိတ်ထားပေးကြပါ၊ သင်းတို့ ထွက်ပြေးတာနဲ့ မိအောင်ဖမ်းပေးကြပါ၊ ကြင်စိန်နဲ့ ကီဝီတို့ကို လက်ရဖမ်းမိရင် သူတို့နဲ့ပတ်သက်ပြီးရမယ့်ဆုငွေကို ဦးလေးတို့ မြို့ကလူတွေပဲ ယူကြပါ၊ ကျွန်တော်က ကြင်စိန်တို့နဲ့ အတူရှိနေတဲ့ လူသတ်တရားခံကိုပဲ ဖမ်းခေါ်သွားပါ့မယ်"

"သိပ်ကောင်းတဲ့အစီအစဉ်ပါပဲ မိုလ်လေးရယ်၊ ကျုပ်တို့ မြို့သူမြို့သားတွေက အဲဒီ ဖောက်ထွင်းရေးသမားတွေကို သိပ်ကို ဖမ်းမိချင်နေကြတာဗျ၊ အဲဒီကောင်တွေ မြိတ်၊ ထားဝယ်တစ်ဝိုက်မှာ စုန်ချီ ဆန်ချီ သောင်းကျန်းနေကြတာကြာပြီဗျ၊ သူတို့ကိုသာ ဖမ်းမိရင် သူတို့ဖောက်ထွင်းတာခံခဲ့ကြရဖူးတဲ့ သူဌေးသူကြွယ်တွေက ကျုပ်တို့ကို ဆုငွေတွေပေးကြဦးမှာ မိုလ်လေးရ"

သို့ဖြင့် ... အိုင်အိုချစ်သွေးသည် မြို့မိမြို့ဖများ

ခု နစ် စဉ် ကြယ် စာ ပေ



ဖြစ်ကြသော ဦးအုန်းနိုင်၊ ဦးဟန်တိုးတို့နှင့်အတူ မြို့ကာလသားလူငယ်လူရွယ်တစ်စုကို ဦးဆောင်လျက် မြို့တောင်ဘက်စွန်းသို့ ညတွင်းချင်း ချီတက်ခဲ့ကြပါတော့၏။

www.burmeseclassic.com

www.burmeseclassi.com

"ဟင်း ဟင်း ဟင်း ... ဖောက်ထွင်းသူခိုးနှစ်ကောင်တော့ အမူးလွန်ပြီး လောကကြီးကိုမေ့သွားကြပြီ၊ အင်း ... အခုနေမှာ ငါဝှက်ထားခဲ့တဲ့ ရတနာအိတ်ကိုသွားဖော်ယူထားမှ၊ ဒီကောင်တွေလည်း ငါ့ကို စစ်လား ဆေးလား မလုပ်တော့ပါဘူး၊ ဟုတ်တယ် ... ရတနာအိတ်ကို ခုနေ သွားယူထားမှ၊ မနက်မိုးလင်းမှဆို ဒီကောင်တွေ နိုးပြီး တွေ့သွားနိုင်တယ်"

ဖောက်ထွင်းဝိဇ္ဇာနှစ်ဦး အိမ်ကြမ်းပြင်မှာပင် ပိုးလိုးပက်လက် အိပ်မောကျလျက်ရှိစဉ် ခုနစ်လွှာမျက်နှာရှင်သည် အိမ်ပေါ်မှနေ၍ လှေကားအတိုင်း အိမ်အောက်သို့ ဆင်းလာခဲ့တော့၏။





သူမက လရောင်ကိုအားပြုကာ လှေကားခုံအနီးမှ စံပယ်ရုံအောက်သို့ ငုံ့ဝင်ခဲ့ပြီး သူမလျှို့ဝှက်မြှုပ်နှံခဲ့သည့် မြေပြင်ကိုကြည့်လိုက်သည်တွင် အံ့အားသင့် တုန်လှုပ်သွားရတော့၏။

"ဟာ ... မြေ မြေတွေပွနေပါလား"

သူမက မြေစိုင်မြေခဲတို့ကို ကပျာကသီဖယ်ရှားကာ မြေတွင်းထဲ နှိုက်လျက် ရတနာအိတ်ကို ရှာဖွေလိုက်ရာ လုံးဝမတွေ့ရတော့ချေ။

"အလိုလေး ... ရ ရတနာအိတ်မရှိတော့ပါလား"

"ဘယ် ... ဘယ်သူများလာပြီး တူးယူသွားပါလိမ့်၊ ငါ ငါ ဝှက်ကတည်းက တစ်ယောက်ယောက်များ တွေ့သွားခဲ့လေသလား"

ရတနာထည့်အိတ်ကို ဘယ်လိုရှာရှာမတွေ့ရတော့ချေ။

"တောက် ... ဟုတ်ပါပြီ၊ ငါတော့ ကတုံးပေါ်ထိပ်ကွက်ခံခဲ့ရပြီ၊ တောက် ... ဘယ်သူများ လူလည်ကျသွားပါလိမ့်"

ခုနစ်လွှာမျက်နှာရှင်မှာ ကြိတ်မနိုင်ခဲမရဖြစ်သွားရပြီး အတွေးတို့လည်း ယောက်ယက်ခတ်သွားရတော့၏။

"ကြင် ... ကြင်စိန်တို့များ ငါ့ရဲ့အလစ်မှာ လာတူးယူ



www.burmeseclassic.com

www.burmeseclassi.com



သွားကြလေသလား''

သူမက မဖြစ်နိုင်တာကိုတွေးရင်း လှေကားအတိုင်း အိမ်ပေါ်သို့ ပြန်တက်ခဲ့လေသည်။

ကမန်းကတန်းကြင်စိန်နှင့် ကီဝီတို့ကမူ ပိုးလိုးပက်လက် အိပ်မပျော်နေကြဆဲ။

''အင်း . . . ဒီကောင်တွေလည်း မဖြစ်နိုင်ပါဘူး၊ သူတို့ဟာ ငါနဲ့ တစ်ချိန်လုံး အတူရှိနေကြတာပဲ''

သူမ ဇဝေဇဝါဖြင့် ဟိုတွေး သည်တွေး ဖြစ်နေစဉ်မှာပင် ရွာဘက်ဆီမှ ခွေးဟောင်သံတချို့ ကြားလိုက်ရရာ အသာနားစွင့်ရင်း ပြတင်းပေါက်တစ်ခုသို့သွားကာ ညဝန်းကျင်ကို အကဲခတ်ကြည့်လိုက်လေသည်။

လရောင်ဖွေးဖွေးအောက်မှ သစ်ပင်ကြီးငယ်တို့မှာ လေမတိုက်သဖြင့် ငြိမ်သက်နေကြကာ ခွေးဟောင်သံတို့လည်း တိတ်ဆိတ်သွားပါတော့၏။

သူမကမူ ပြတင်းပေါင်ကို ပခုံးမှီရင်း ညဝန်းကျင်ကို ဆက်လက်စောင့်ကြည့်နေရာ အတန်ကြာသည့်၌ ခြံဝင်းပတ်ပတ်လည်တွင်ပေါက်ရောက်လျက်ရှိသည့် ကြခတ်ဝါးစည်းရိုးတို့ကြားမှ





လူရိပ်တချို့ တိုးဝင်လာနေကြသည်ကို တွေ့လိုက်ရတော့၏။

''ဟင် . . . လူ လူတွေ ခြံထဲဝင်လာနေကြပါလား''

ထိုစဉ် အိမ်ဘက်ဆီသို့ သစ်ပင်ချုံပင်တို့၏မှောင်ရိပ်ကိုခိုလျက် ဦးဆောင်လာနေသူကို လရောင်ပြောက်တိပြောက်ကျားကြောင့် တွေ့လိုက်ရရာ ခုနစ်လွှာမျက်နှာရှင်မှာ သဘောပေါက်သွားပြီး ဒေါသတကြီး ကျိန်ဆဲလိုက်တော့သည်။

''တောက် . . . လက်စသတ်တော့ အိုင်အိုချစ်သွေးပါလား၊ သင်းရဲ့လက်ချက်ကိုး''

''ငါ့ကို မရ,ရအောင် ခြေရာခံလိုက်လာပြီး ရတနာအိတ် ငါမြှုပ်တာကို သင်းတွေ့သွားတာပဲ ဖြစ်မယ်၊ ဒါပေမဲ့ . . . ငါ့ကို သူတစ်ယောက်တည်း မဖမ်းရဲတော့ ကူညီမယ့်သူတွေ သွားခေါ်ပြီး လာတာဖြစ်ရမယ်''

ခုနစ်လွှာမျက်နှာရှင်က ထိုသို့တွေးနေစဉ်မှာပင် လူရိပ်တို့သည် အိမ်ကြီးနှင့်နီးလာပြီဖြစ်ရာ သူမသည် သားရေလွယ်အိတ်ကိုလွယ်လိုက်ပြီး အိမ်ကြီး၏နောက်ဖေးတံခါးဆီ ပြေးသွားလိုက်လေ၏။

သူမသည် နောက်ဖေးဘက်ထွက်သည့်တံခါးကို ချက်



www.burmeseclassic.com

www.burmeseclassi.com



ဖြုတ် ဖွင့်လိုက်ပြီး နောက်ဖေးလှေကားမှ ဒရောသောပါးဆင်းကာ ခြံနောက်ပိုင်းရှိ ငှက်ပျောတောထဲ ပြေးဝင်လိုက်စဉ်မှာပင် အော်ဟစ်သံတို့ကိုကြားလိုက်ရတော့၏။

"ဟာ . . . အိမ်နောက်ဖေးပေါက်က တစ်ယောက်ပြေးပြီဟေ့ . . . လိုက်လိုက်"

"အိမ်ကြီးကို ဝိုင်းထား၊ ဝိုင်းထား၊ တစ်ယောက်မှ အလွတ်မပေးနဲ့"

"ဟေ့ ဟေ့ . . . ဟိုမှာ ငှက်ပျောတောထဲ လူတစ်ယောက် ပြေးဝင်သွားပြီ၊ လိုက်ကြ လိုက်ကြ"

အိုင်အိုချစ်သွေးက အိမ်ရှေ့လှေကားမှ ပြေးတက်သွားချိန်မှာပင် အိမ်နောက်ဘက်အထိ ဝိုင်းလိုက်ကြသူတို့သည် ငှက်ပျောတောထဲပါ တောနင်းရှာကြတော့၏။

"သူတို့မှာ သေနတ်ရှိတယ်တဲ့၊ သတိထားကြဟေ့"

"တွေ့ရင် ဦးအောင်သာ ဆော်လို့၊ ဗိုလ်လေး ဆရာချစ်သွေးက မှာထားတယ်ကွ၊ ဒါပေမဲ့ တရားခံတွေကို အရှင်လိုချင်တယ်တဲ့"

သို့ဖြင့် အိုင်အိုချစ်သွေးနှင့် မြို့လူထုမှာ ဖောက်ထွင်း





ဝိဇ္ဇာ ကြင်စိန်နှင့် ကီဝီတို့ကို ဖမ်းဆီးလိုက်နိုင်ကြသော်လည်း မြေလျှိုး မိုးပျံသလို ပျောက်ကွယ်သွားသည့် ခုနစ်လွှာမျက်နှာရှင်ကိုမူ အစအနပင် မတွေ့ရတော့ချေ။

"တောက် . . . ဒီတစ်ခါလည်း ခုနစ်လွှာမျက်နှာရှင်ကို ဖမ်းမမိပြန်ဘူး၊ ဘာပဲဖြစ်ဖြစ် သင်း ရေနစ်မသေခဲ့တာတော့ သေချာသွားပြီပေါ့၊ တစ်ချိန်ချိန်မှာတော့ တွေ့ကြဦးမှာပေါ့လေ"

✱

www.burmeseclassic.com

www.burmeseclassi.com

အိုင်အိုချစ်သွေးသည် မြို့မိမြို့ဖများဖြစ်ကြသည့် ဦးအုန်းနိုင်၊ ဦးဟန်တိုးတို့နှင့်အတူ ဖောက်ထွင်းဝိဇ္ဇာ တရားခံများဖြစ်ကြသော ကမန်းကတန်းကြင်စိန်နှင့် ကိုဝီ (ခေါ်) ဇော်ဝင်းထင်တို့အား လက်ပြန်ကြိုးတုပ် ဖမ်းဆီးကာ ထားဝယ်သို့ နွားလှည်းဖြင့် ခေါ်ဆောင်ခဲ့ကြပြီးလျှင် ထားဝယ်ဂိတ်မှ ဌာနာအုပ်ကြီး ဦးဖေအောင်ထံ အပ်နှံလိုက်ကြလေ၏။

ထိုအခါ ထားဝယ်ဂိတ်၌ ရတနာထည်အိတ် လုယက်ခံရမှုကို တိုင်ချက်လာဖွင့်သည့် စိန်ဘာဘူကြီးနှင့်အတူ ရောက်ရှိနေသော စာရေးသူ ကျွန်ုပ်သည် အိုင်အိုချစ်သွေးနှင့် ပြန်လည်





ဆုံဆည်းရလေသည်။

''ဘယ့်နှယ်လဲ အိုင်ဆေးကိုချစ်သွေးရေ့ ခုနစ်လွှာမျက်နှာရှင်ဟာ မောင်ရင့်ထက် နှာတစ်ဖျား အမြဲသာနေတုန်းပဲ မဟုတ်လားဗျ။ ခုလည်း ဖမ်းမမိခဲ့ဘူးပေါ့''

''ဟုတ်ပ အာစရိရယ်၊ သင်းကို ဖမ်းရတာ ငါးရှဉ့်ဖမ်းရတာထက်တောင်ခက်သေး၊ ခုလည်း အပိုင်တွက်ပြီး ဖမ်းကာမှ သီသီလေး လွတ်ထွက်သွားတယ်ဗျာ၊ ဒါပေမဲ့ . . . ကျွန်တော်ကလည်း သင်းကို အမြီးလှန်ချိုးနိုင်ခဲ့ပါတယ်ဗျ။ သင်း ခက်ခက်ခဲခဲ လုယက်သွားခဲ့တဲ့ ရတနာထည်အိတ်ကို သင်းရဲ့လက်ထဲက သူနိုးလက်က သူဝှက်လုဆိုသလို ကျွန်တော် ပြန်ယူနိုင်ခဲ့တယ်လေဗျာ၊ သင်းတော့ အိမ်မြှောင် အမြီးပြတ်သလို ဖျပ်ဖျပ်လူးနေမှာ အသေအချာပဲဗျို့ . . . ဟဲ ဟဲ ဟဲ''

''အင်း . . . ခုနစ်လွှာမျက်နှာရှင်၊ ဖျပ်ဖျပ်လူးသလို မောင်ရင်လည်း စုံထောက်မင်းကြီးရဲ့ လားပင်စင် အပေးခံရပြီး ဖျပ်ဖျပ်လူး ဖြစ်နေဦးမယ်နော်''

''အေးဗျာ . . . ကျွန်တော်လည်း အစွမ်းကုန် သက်စွန့်ကြိုးပမ်းခဲ့တာ အာစရိအမြင်ပဲလေ၊ ခုနစ်လွှာမျက်နှာရှင်က ရုပ်



www.burmeseclassic.com

www.burmeseclassi.com



အမျိုးမျိုးပြောင်းပြီး ပါးပါးနပ်နပ်နဲ့ ရှောင်ရှောင်ထွက်သွားနိုင်နေလေတော့ ဆီလူးထားတဲ့ငါးရှဉ့်ကို ဖမ်းရသလို အခက်ကြီးခက်နေတာပေါ့ဗျာ၊ ဒါပေမဲ့ . . . ရာဇဝတ်ဘေးဆိုတာ ထာဝရပြေးလို့ လွတ်ရိုးမရှိပါဘူး အာစရိရယ်၊ သင်း . . . မကြာခင် ကျွန်တော့်ရဲ့ လက်ထဲမှာ ကွိခနဲ မိစေရမယ်''

''ကောင်းပါလေ့ဗျာ . . . ကောင်းပါလေ့၊ မောင်ရင် မကြာခင် အောင်ပွဲခံနိုင်ပါစေလို့ ကျုပ် ဆုတောင်းပါရဲ့ဗျာ''

❋

အိုင်အိုချစ်သွေးနှင့် ကျွန်ုပ်တို့သည် ရန်ကုန်သို့ ပြန်လည်ရောက်ရှိလာကြပြီးနောက် အိုင်အိုချစ်သွေးမှာ ခုနစ်လွှာမျက်နှာရှင် (ခေါ်) မနန်းစိမ့်ကိုမိအောင်မဖမ်းနိုင်သဖြင့် စုံထောက်မင်းကြီး၏ ဆူပူကြိမ်းမောင်းမှုကို လိမ့်ခံခဲ့ရသည့်တိုင် . . .

ရတနာထည်အိတ် ပြန်လည်ရရှိခဲ့သည့် စိန်ဘာဘူကြီးက စထရင်းဟိုတယ်တွင် ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ ဂုဏ်ပြုခြင်းကိုမူ ခံခဲ့ရပါ၏။

ထိုညက ရန်ကုန်မြို့၏ အကောင်းဆုံးဟိုတယ်တစ်ခုဖြစ်သော စထရင်းဟိုတယ်တွင် စိန်ဘာဘူကြီးကျော်ကျော်က ဂုဏ်

ခု နစ် စဉ် ကြယ် တာ ပေ

www.burmeseclassic.com

www.burmeseclassi.com



ပြုညစာဖြင့် တည်ခင်းကျွေးမွေးသလို ငွေသားတစ်သောင်းကျပ်ကိုလည်း ကျေးဇူးဆပ်သည့်အနေဖြင့် ပေးအပ်ရာ အိုင်အိုချစ်သွေးက လုံးဝ လက်ခံခြင်းမပြုဘဲ ငြင်းပယ်ခဲ့လေသည်။

"ခုလို ညစာကျွေးပြီး ကျေးဇူးတုံ့ပြန်ဂုဏ်ပြုတာနဲ့တင် လုံလောက်ပါပြီ ဘာဘူကြီးရယ်၊ ငွေကြေးကိုတော့ လက်မခံပါရစေနဲ့၊ ကျွန်တော်တို့ပုလိပ်ဝန်ထမ်းတွေဟာ ထိုက်သင့်တဲ့လစာရိက္ခာကိုစားပြီး ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ပေးရမယ့်တာဝန် ကျွန်တော်တို့မှာ ရှိပါတယ်၊ အဲဒီလို ကာကွယ်စောင့်ရှောက်ပေးရမှုအတွက် ထူးပြီး ကျေးဇူးတင်ဖို့ မလိုပါဘူး၊ ကျွန်တော်တို့ဟာ ကိုယ်ထမ်းရွက်ရမယ့်တာဝန်ကို ဘယ်လိုတံစိုးလက်ဆောင်ကိုမှ မျှော်ကိုးပြီး ထမ်းရွက်တာ မဟုတ်ပါဘူး၊ ကိုယ့်ရဲ့တာဝန် ကိုယ်ကျေအောင် ထမ်းရွက်တာပဲ ဖြစ်ပါတယ်"

"တံစိုးလက်ဆောင်ရရှိတဲ့ အစဉ်အလာဖြစ်သွားရင် နောင်ကို တံစိုးလက်ဆောင်ရမှ တာဝန်ထမ်းဆောင်ချင်တဲ့ မကောင်းကျင့်ပါသွားပါဦးမယ်၊ ဒါကြောင့် ဘယ်လို တံစိုး လက်ဆောင်မှ လက်မခံပါရစေနဲ့ဗျာ"





"အင်း . . . ကျွန်တော် ချီးကျူးလေးစားပါတယ် အိုင်အိုရယ်၊ ကဲ ကဲ . . . ဒါဆိုလည်း ညစာကို အားရပါးရ သုံးဆောင်ကြပါ"

သို့ဖြင့် အိုင်အိုချစ်သွေးနှင့် ကျွန်ုပ်တို့သည် ညစာကို စိတ်ချမ်းမြေ့စွာ သုံးဆောင်ကြရာ စားသောက်ပြီးစီးသည့်တွင် . . .

အစာပိတ်အဖြစ် ရေခဲစိမ်ပန်းသီးစိပ်တို့ကို ငွေခရင်းလေးများဖြင့်ထိုးကာ စားသုံးလျက်ရှိစဉ် ခပ်လှမ်းလှမ်း စားပွဲတစ်လုံးမှ ခံ့ခံ့ချောချော လူရွယ်တစ်ယောက် ထလာပြီး အိုင်အိုချစ်သွေးကို နှုတ်ဆက်စကားဆိုလေ၏။

"ဟေး ကိုချစ်သွေး . . . မောင်ရင့်ကို တူပါတယ်လို့ လှမ်းလှမ်းကြည့်နေတာကြာပြီ"

"ဟာ . . . ကိုရန်နိုင်စိုးပါလား၊ လာ . . . ထိုင်ဗျာ၊ စားပြီးပြီလား"

"ဟောဟိုကစားပွဲမှာ သူငယ်ချင်းဆရာဝန်နှစ်ယောက်နဲ့ အတူ စားပြီးပါပြီဗျာ၊ ကျွန်တော်တို့ကတော့ စားတာထက် သောက်တာ နည်းနည်းများတယ်ဗျို့ . . . ဟဲ ဟဲ ဟဲ"



www.burmeseclassic.com

www.burmeseclassi.com



"မိတ်ဆက်ပေးရဦးမယ်၊ ဒါက ကျွန်တော့်ရဲ့မိတ်ဆွေ ဆရာသမား စာရေးဆရာ အဂ္ဂပါ"

"ဩော် . . . ဟုတ်ပြီ, ဟုတ်ပြီ၊ ကဝိမျက်မှန်မဂ္ဂဇင်းမှာ မောင်ရင်ရဲ့ စွန့်စားခန်းတွေကို ရေးရေးနေတဲ့ စာရေးဆရာ မဟုတ်လား၊ တွေ့ရတာ ဝမ်းသာပါတယ် ဆရာ၊ ကျွန်တော် ဒေါက်တာရန်နိုင်စိုးပါ"

အိုင်အိုချစ်သွေးက မိတ်ဆက်ပေးသဖြင့် ကျွန်ုပ်သည် ဒေါက်တာရန်နိုင်စိုးကို လက်ဆွဲနှုတ်ဆက်လိုက်ရလေ၏။

ထို့နောက် ဒေါက်တာရန်နိုင်စိုးသည် ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်ပြီး ကျွန်ုပ်အား ပြုံးကြည့်ကာ . . .

"အိုင်ဆေး ဆရာရေ . . . ကျွန်တော်နဲ့ချစ်သွေးတို့ဟာ စိန့်ပေါလ်ကျောင်းထွက် သူငယ်ချင်းတွေဗျ၊ မက်ထရစ်အောင်ပြီးမှ သူက ဆပ်ကျောင်းတက်သွားပြီး ကျွန်တော်က ဆေးကျောင်းတက်ခဲ့လို့ ကွဲသွားကြတာလေ"

ဟု ရင်းရင်းနှီးနှီးစကားဆိုလေသည်။ ဒေါက်တာရန်နိုင်စိုးမှာ အနည်းငယ် ထွေနေသဖြင့် အာသွက်နေပုံလည်း ရလေသည်။





"အိုင်ဆေးဆရာရဲ့ . . . သူတို့ စုံထောက်အရာရှိမှာမှ ထူးခြားဆန်းပြားတဲ့အတွေ့အကြုံတွေ ရှိတာမဟုတ်ပါဘူး၊ ကျွန်တော်တို့ ဆရာဝန်တွေမှာလည်း ထူးခြားဆန်းပြားတဲ့ အတွေ့အကြုံတွေ ရှိပါတယ်ဗျ . . . ဟဲ ဟဲ"

"ဟုတ်တာပေါ့ဗျာ၊ ဆရာဝန်ဆိုတာလည်း လူနာအမျိုးမျိုးနဲ့ တွေ့ထိ ဆက်ဆံနေရတာဆိုတော့ ထူးခြားတဲ့လူနာတွေနဲ့ ဆုံပြီး ထူးခြားတဲ့အဖြစ်အပျက်တွေလည်း ကြုံရမှာပါပဲ"

"အိုင်ဆေး . . . အဲဒါပြောတာပေါ့ ဆရာရဲ့၊ ဒါကြောင့် ကိုချစ်သွေးလို စုံထောက်အရာရှိရဲ့ အတွေ့အကြုံတွေပဲ မရေးနဲ့လေ ဆရာရဲ့၊ ကျွန်တော်တို့လို ဆရာဝန်တွေရဲ့ အတွေ့အကြုံလေးတွေလည်း ကဝိမျက်မှန်မဂ္ဂဇင်းမှာ တိုင်းပြည်က သိအောင် ရေးပေးပါဦးဗျ၊ ဖြစ်တယ်နော် . . . ဟဲ ဟဲ ဟဲ၊ အပူကပ်တာတော့ မဟုတ်ဘူး"

"ဖြစ်ပါတယ်ဗျာ . . . ဖြစ်ပါတယ်"

ကျွန်ုပ်က အလိုက်အထိုက် ပြန်ပြောနေစဉ် အိုင်အိုချစ်သွေးက သူငယ်ချင်းဖြစ်သူ၏ပခုံးကို တရင်းတနှီးပုတ်ကာ ရယ်ကြဲကြဲဖြင့် မေးမြန်းလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassi.com



"အိုင်ဆေး ... မောင်ရင့်အတွေ့အကြုံက ဘယ်လောက်ထူးဆန်းလို့လဲကွ"

"ဟာ ... သူငယ်ချင်းကလည်း ထူးဆန်းပြီလား မပြောနဲ့၊ အဲ အဲဒီကနေ့ ... ကြုံရတာပဲကြည့်၊ ဟဲ ဟဲ ... ပြောရင်းတောင် ရင်ခုန်လာတယ် ... ဟဲ ဟဲ ဟဲ"

"အောင်မယ် ... ဘယ်လိုအဖြစ်အပျက်မို့လဲ၊ သူများတွေရဲ့ ရင်ခုန်မှုကို နားကြပ်နဲ့ထောက်ပြီး ဆန်းစစ်နေတဲ့ ဆရာဝန်က ရင်ခုန်ရတယ်လို့"

"အိုင်ဆေးရေ ... ဟုတ်တယ် ကိုချစ်သွေးရဲ့၊ အဲဒီလို နားကြပ်နဲ့ထောက်စမ်းရင်းကို ရင်ခုန်ရတာ"

"ဟုတ်လား ... ဆိုစမ်းပါဦး၊ အပျိုစင်လေးကို သွားစမ်းမိပြီထင်တယ်"

"ဟုတ်ပဗျာ၊ ဟုတ်ပ ... ရိုက် (Right)"

ဒေါက်တာရန်နိုင်စိုးသည် အိုင်အိုချစ်သွေးကမ်းပေးသည့် ဂိုးလ်ဖရိတ်စီးကရက်ကို မီးညှိဖွာရှိုက်လိုက်ပြီးမှ သူ၏စကားကို ဆက်လေ၏။

"ဒီလိုဗျ ... ဒီနေ့ ကျွန်တော့်ဆေးခန်းကို ကောင်လေး





တစ်ယောက် ရောက်လာတယ်၊ ကျွန်တော်ကလည်း စစ်တွေဆေးရုံကနေ ရန်ကုန်ဆေးရုံကြီးကို ပြောင်းလာတာ သုံးလေးလလောက်ပဲရှိသေးတယ်၊ အခု မဂိုလမ်း (ရွှေဘုံသာလမ်း) မှာ အလုပ်နားတဲ့ရက်နဲ့ ညပိုင်းဆေးခန်းဖွင့်ထားတာကိုး။ ဒီနေ့လည်း အလုပ်နားရက်ဆိုတော့ ဆေးခန်းဖွင့်ထားတုန်း သူရောက်လာတာပါပဲ၊ အံမယ် ကာဒီလက်ကားကြီးကို ကိုယ်တိုင်မောင်းလာတာဗျ၊ သူလာတဲ့ရည်ရွယ်ချက်ကတော့ သူ့ရဲ့ဝဲဘက်ပါးရိုးအောက်က မှဲ့နီလေးကို ခွဲစိတ်ဖယ်ရှားပေးဖို့ပါပဲ"

"ဗျာ ... ဝဲဘက်ပါးရိုးအောက်က မှဲ့နီလေး ဟုတ်လား"

ဒေါက်တာရန်နိုင်စိုးထံမှ ကြားရသည့်စကားကြောင့် ကျွန်ုပ်ရောအိုင်အိုချစ်သွေးပါ လှုပ်လှုပ်ရှားရှား ဖြစ်သွားရတော့သည်။

"ဟုတ်တယ်ဗျ၊ ကျွန်တော်က လန်ဒန်ကနေ ခွဲစိတ်ပါရဂူဘွဲ့ယူလာသူဆိုတော့ အဲဒီလို Minor Operation (အသေးစားခွဲစိတ်မှု)အတွက်နဲ့ ရင်ခုန်စရာအကြောင်းမရှိပါဘူးဗျာ၊ ဒါပေမဲ့ အိုင်ဆေးရဲ့ .. သူလေးကို ထုံဆေးပေးမခွဲစိတ်ခင် သွေးပေါင်ချိန်တိုင်း နှလုံးခုန်နှုန်းတိုင်းတဲ့အခါ ရင်ခုန်ရတော့တာပဲဗျို့"



www.burmeseclassic.com

www.burmeseclassi.com



"ဘာကြောင့်များလဲ အိုင်ဆေးရဲ့"

"သူ သူဟာ . . . ယောကျ်ားလေးမှ မဟုတ်ဘဲဗျ၊ မိန်းကလေးဗျ"

"ဟုတ်ရဲ့လား . . . ကိုရန်နိုင်စိုးရယ်"

"ဟုတ်တာပေါ့ဗျာ၊ ကျွန်တော်တို့ဆရာဝန်ဆိုတာ ရင်ခုန်သံကို နားထောင်ကြည့်လိုက်တာနဲ့ ယောကျ်ားလား၊ မိန်းမလားဆိုတာ ချက်ချင်းခွဲခြားသိနိုင်တယ်ဗျ၊ ပြီး ပြီးတော့"

"ပြီးတော့ . . . ဘာဖြစ်လဲ ဆရာဝန်ကြီးရဲ့"

"အဲ . . . သူ့ရဲ့ရင်ဘတ်ကို နားကြပ်နဲ့ထောက်အစမ်းမှာ သူ့ရင်အုံရဲ့အနေအထားကြောင့် ရင်ခုန်ရတော့တာပဲဗျို့"

"ဖြစ်ရလေ၊ နားကြပ်နဲ့ထောက်စမ်းရပေလို့ပဲ၊ လက်နဲ့သာ ထောက်ပြီးစမ်းရရင် ဒီဆရာဝန် နှလုံးရောဂါဖြစ်မှာပဲ"

"ပြောတော့ဗျို့၊ သူလေးက တအားလှတော့ သူလေးဟာ မိန်းကလေးမှန်းလည်း သိရော ကျွန်တော့်မှာ ရင်တွေပန်းတွေ တုန်တော့တာပဲဗျို့၊ လှတစ်မျက်နှာ ယဉ်တစ်ကိုယ်လုံးဆိုတဲ့ စကားက တယ်မှန်တာပဲ၊ မလှပတဲ့မိန်းကလေးရဲ့ ဘယ်နေရာက အသားအရေပဲဖြစ်ဖြစ် ရင်ခုန်မှုကို ပေးစွမ်းနိုင်ချင်မှ ပေးစွမ်းနိုင်





မှာ ဖြစ်ပေမယ့် လှပချောမောတဲ့ မိန်းကလေးရဲ့ ဘယ်နေရာက အသားအရေကိုဖြစ်ဖြစ် ထိတွေ့ရရင် ရင်ခုန်ချင်စရာကောင်းတာ ချည်းပဲကိုးဗျ"

ဤနေရာတွင် လူပျိုသိုးကြီး (ဂေါ်မစွဲ) ဖြစ်သော ကျွန်ုပ်ကလည်း ဝီစကီလေးတထွေထွေဖြင့် အားရပါးရ ဝင်ရောက်ထောက်ခံလိုက်တော့၏။

"အဲဒါတော့ အိုင်ဆေးရေ . . . ဟုတ်တယ်ဗျို့၊ ကျုပ်တို့ ယောကျ်ားတွေဟာ နောက်ကနေကြည့်လို့ ကိုယ်လုံးကိုယ်ထည် လှပတဲ့ မိန်းကလေးတွေကိုတွေ့ရင် သူ့ရှေ့ကို ကပျာကသီ ပန်းတက်ပြီး သူလေးရဲ့မျက်နှာကို မသိမသာ လှည့်ကြည့် တတ်တာကလားဗျ၊ အဲလိုလှည့်ကြည့်လို့ သူလေးဟာ ချောချော လှလှလေးဆိုရင် အောင်မယ်လေး တန်ဖိုးရှိလိုက်တာဆိုပြီး ရင်ထဲမှာ တမြတ်တနိုးကြီးကို ဖြစ်သွားတော့တာပါပဲဗျာ၊ အဲ . . . မျက်နှာက မလှမပနဲ့ အရုပ်ဆိုးနေရင်တော့ ကျုပ်တို့ ယောကျ်ားတွေဟာ သက်ပြင်းကြီးချပြီး နှုတ်ခမ်းမဲ့တတ်ကြတာက လားဗျ"

ဤတွင် အိုင်အိုချစ်သွေးက ဝင်ဟန့်လေ၏။



www.burmeseclassic.com

www.burmeseclassi.com



"နေစမ်းပါဦး အာစရိရယ်၊ အာစရိရဲ့အတွေ့အကြုံနဲ့ ခံစားချက်ကို အသာထားစမ်းပါ၊ သူပြောမှာ ပြောစမ်းပါစေ၊ ကဲ ကဲ ... ဆက်ပြောပါဦး ကိုရန်နိုင်စိုးရဲ့"

"ခက်တာက သူလေးဟာ ယောကျ်ားလျာလည်း မဟုတ်ဘူးဗျ၊ ယောကျ်ားလျာတွေရဲ့ အနံ့အသက်ကို ကျွန်တော်တို့ဆရာဝန်တွေက ကောင်းကောင်းသိတယ်၊ သူ့ရဲ့ ကိုယ်သင်းရနံ့လေးက မွှေးနေတယ်၊ မိန်းကလေးရဲ့ရနံ့ဗျ"

အောင်မယ်လေး အရေးထဲ မိန်းမစပါယ်ရှယ်လစ်ဆရာဝန်နဲ့မှ လာတွေ့နေတယ်ဟု ကျွန်ုပ်ဝင်ပြောချင်နေသည်မှာ ပါးစပ်ကိုယားလျက်ရှိတော့၏။ အိုင်အိုချစ်သွေးက ဟန့်ထားသဖြင့် ငြိမ်နေရခြင်းဖြစ်သည်။

"သူ့နာမည်က မိုက်ကယ်အောင်လွင်တဲ့၊ ကော်မရှင်နာမင်းကြီး ဦးအောင်လွင်ရဲ့သားတဲ့၊ စာရင်းပေးထားတာလေ၊ လိပ်စာကလည်း အင်းလျားလမ်းကတဲ့၊ အဲဒါတွေက ဟုတ်ချင်မှ ဟုတ်မှာပါ၊ သူလေးဟာ မိန်းကလေးကနေ ယောကျ်ားလေးဟန်ဆောင်ထားမှတော့ သူ့ရဲ့နာမည်လိပ်စာဆိုတာတွေလည်း အမှန်ဟုတ်ချင်မှ ဟုတ်မှာဗျ"

ခ နစ် စဉ့် ကြယ် တာ ပေ



"ဒါနဲ့ပဲ ... သူ့ကို ခွဲစိတ်ပေးလိုက်ရောလား"

"ဟာ ... ခွဲစိတ်ပေးလိုက်ရတာပေါ့ဗျာ"

"ဒါဆို ... မောင်ရင်ရဲ့ဆေးခန်းကို သူ ထပ်လာဖို့ ရှိသေးသလား"

"ဟာ ... ရှိတာပေါ့၊ လာမယ့် ဗုဒ္ဓဟူးနေ့ကျရင် သူ့ရဲ့အနာကို ဆေးလာထည့်ရဦးမယ်လေ"

"သူ လာပါဦးတော့မလား"

"အာ ... လာမှာကျိန်းသေပါတယ် ကိုချစ်သွေးရဲ့၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်ထည့်ပေးမယ့် ဂျာမန်အရေပြားဆေးက အကောင်းစားဗျ၊ ဆေးရည်နှစ်မျိုးကို အချိုးကျရောစပ်ပြီး ထည့်ပေးရမှာ၊ ဒါမှ အနာရွတ်မထင်မှာလေ၊ သူလေးက ယောကျ်ားလေးဟန်ဆောင်ပြီးတော့သာလာတာ မျက်နှာအလှပျက်မှာတော့တယ်ကြောက်"

"အေးဗျာ ... ကျွန်တော်တော့ မောင်ရင်ပြောတဲ့ အမျိုးသမီးကို စိတ်ဝင်စားသွားပြီဗျာ၊ ဒါကြောင့် လာမယ့်ဗုဒ္ဓဟူးနေ့မှာ မောင်ရင်ရဲ့ဆေးခန်းဆီလာပြီး သူလေးရဲ့အလှကို ခံစားကြည့်မယ်ဗျာ"

ခု နစ် စဉ့် ကြယ် တာ ပေ

www.burmeseclassic.com

www.burmeseclassi.com



"လာပါဗျာ . . . လာပါ၊ ရော့ . . . ဒီမှာ ကျွန်တော့်ရဲ့ Visiting Card"

ထို့နောက်မှာမူ ကျွန်ုပ်တို့သည် ဒေါက်တာရန်နိုင်စိုးကို နှုတ်ဆက်ပြီး စထရင်းဟိုတယ်မှပြန်ခဲ့ကြပါတော့၏။

အိုင်အိုချစ်သွေးသည် သူ၏ အော်စတင်ကားနက်လေးကို မောင်းကာ စိန်ဘာဘူကြီးအား မဂိုလမ်းမှာချပေးပြီး ကျွန်ုပ်ကိုပို့ရန် ဗားဂရာဘက်သို့ ဦးတည်လာခဲ့ကြစဉ် မေးခွန်းထုတ်လေသည်။

"အာစရိ . . . ဗုဒ္ဓဟူးနေ့ကျရင် ဒေါက်တာရန်နိုင်စိုးရဲ့ ဆေးခန်းကို လာမယ့် မိုက်ကယ်အောင်လွင်အပေါ် ဘယ်လို မြင်သလဲဗျ"

"အိုင်ဆေးရာ . . . ဘယ်လိုမြင်ရမှာလဲ၊ သူလေးဟာ ခုနစ်လွှာ မျက်နှာရှင်ဖြစ်နိုင်တယ်လို့ မြင်တာပေါ့၊ အခြေအနေ အရပ်ရပ်အရ သူဖြစ်နိုင်ဖို့ များနေတယ်လေ"

"ဟုတ်တယ်ဗျ၊ သူဟာ မျက်နှာတွေ ဘယ်လိုပြောင်းပြောင်း ရုပ်ဘယ်လိုပဲ ဖျက်ဖျက်။ သူ့ရဲ့ဘယ်ဘက်ပါးရိုးအောက်က မှဲ့နီလေးကြောင့် သူ့ရဲ့ ရုပ်ပြောင်းရုပ်လွှဲလုပ်မှုဟာ ရာနှုန်း





ပြည့် မအောင်မြင်နိုင်ဘူး၊ ဒါကို သူသိပြီး သူ့ရဲ့သတင်းဆိုးတွေကို မကြားသိနိုင်သေးတဲ့ နယ်က ပြောင်းလာကာစ ဒေါက်တာရန်နိုင်စိုးဆီမှာ မှဲ့နီလေးကိုလာပြီး ခွဲစိတ်ဖယ်ရှားတာပဲ ဖြစ်ရမယ်ဗျ"

"ဒါကြောင့် သူပဲဖြစ်နိုင်ခြေများတယ်လို့ ကျုပ်ပြောတာပေါ့ အိုင်ဆေးရဲ့"

"ဟုတ်ပါပြီ၊ လာမယ့်ဗုဒ္ဓဟူးနေ့ကျရင်တော့ ကျွန်တော်တို့အလိုရှိနေတဲ့သူ ဟုတ်,မဟုတ် တိတိပပ သိရတော့မှာပေါ့ဗျာ"

ထို့နောက် အိုင်အိုချစ်သွေးက ရှေ့ဆက်လုပ်လိုသည့် အစီအစဉ်ကို ကျွန်ုပ်အား သေသေချာချာပြောပြပါလေတော့၏။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassi.com



## ကံကြမ္မာအဆုံးအဖြတ်

ကျွန်ုပ်တို့နှစ်ဦး ရင်ခုန်စိတ်စောစွာ စောင့်မျှော်ခဲ့ရသည့် ဗုဒ္ဓဟူးနေ့သို့ ရောက်ရှိလာခဲ့ပြီဖြစ်ပါ၏။

နေ့လယ်တစ်နာရီခွဲပြီးသည်နှင့် အိုင်အိုချစ်သွေးသည် သူ၏ အော်စတင်ကားနက်လေးဖြင့် ဗားကာရာသို့ ရောက်လာကာ ကျွန်ုပ်ကိုခေါ်ဆောင်ပါလေတော့သည်။ ကျွန်ုပ်တို့နှစ်ဦးမှာ တစ်ဦးနှင့်တစ်ဦး ပြင်ဆင်ဝတ်စားခြယ်သထားပုံတို့ကိုကြည့်ရင်း တခစ်ခစ် ရယ်မိကြသေး၏။

ခု နစ် စဉ် ကြယ် တာ ရေ

www.burmeseclassic.com

www.burmeseclassi.com



လမ်းတွင် အိုင်အိုချစ်သွေးသည် အော်စတင်ကားလေးကို ခပ်မှန်မှန်မောင်းနှင်ရင်း ကျွန်ုပ်ဘက်သို့ လှည့်ကြည့်ကာ ခပ်ပြုံးပြုံးအမူအရာဖြင့် တောင်းဆိုမှုတစ်ခု ပြုလာတော့၏။

"အိုင်ဆေး အာစရိရေ ... ဒီတစ်ခါတော့ ငါးရှဉ့်ဆီသုတ်သလိုဖြစ်နေတဲ့ ခုနစ်လွှာမျက်နှာရှင် မနန်းစိမ့်ကို ကျွန်တော်အမိ ဖမ်းနိုင်ပါ့မလားဗျ၊ အာစရိရဲ့ အင်္ဂဝိဇ္ဇာပညာနဲ့ ကြည့်ပေးပါဦး"

"ကောင်းပြီလေ ... ကြည့်ပေးရတာပေါ့"

ကျွန်ုပ်က ပြောပြောဆိုဆိုဖြင့် အပေါ်ဖုံးအင်္ကျီအိတ်၌ ထိုးထားသော ပတ်ကားဖောင်တိန်ကို ထုတ်လိုက်ပြီးလျှင် မော်တော်ကားဒက်ရှ်ဘုတ်ထဲမှ ကော်ပီစာအုပ်ကိုထုတ်ကာ စာရွက်လွတ်ပေါ်တွင် အခါတိုင်ကို ထူပြလိုက်ရလေ၏။

အမှန်အားဖြင့် ကျွန်ုပ်သည် အင်္ဂဝိဇ္ဇာပညာဖြင့် စိတ်တွက်တွက်ကာ အဖြေထုတ်နိုင်သော်လည်း လောကဓာတ်ကျောင်းထွက် အိုင်အိုချစ်သွေးလို ခေတ်ပညာတတ်မျိုးကို နည်းစနစ်တကျ ယုတ္တိယုတ္တာဖြင့် ပြသမှုဖြစ်မည်မို့ စာရွက်တွင် ချရေးရခြင်းဖြစ်ပါ၏။





"ဒီမှာကြည့် ကိုချစ်သွေး ... ဒီနေ့ဟာ ဗုဒ္ဓဟူးနေ့ဆိုတော့ "အုန်းသီးလှည်းကြီး တို့များစီး" လင်္ကာအရ နေ့တိုင်ကို ထူလိုက်ပြီဗျာ"

သို့ဖြင့် ကျွန်ုပ်က သူ့အား အောက်ဖော်ပြပါအတိုင်း နေ့တိုင်ထူပြလိုက်လေသည်။

၁

၅

၂ → ချစ်သွေး

၄

၀ → နန်းစိမ့်

၃

၆

ဗုဒ္ဓဟူးနေ့တိုင်



www.burmeseclassic.com

www.burmeseclassi.com



"ကဲ ... ကြည့် ကိုချစ်သွေးရေ၊ နေ့တိုင်ရဲ့ အခြေအနေ အရ မောင်ရင်ရဲ့ ချစ်သွေးဆိုတဲ့ တနင်္လာသား၊ တနင်္လာနံ့ဟာ အလယ်အခြာရဲ့အထက်တန်းပေါ်မှာရှိနေပြီး ခုနစ်လွှာမျက်နှာရှင် ရဲ့ နာမည်အရင်းဖြစ်တဲ့ နန်းစိမ့်ဆိုတဲ့ စနေနံ့နဲ့စတဲ့ အမည်ပိုင်ရှင် မနန်းစိမ့်ဟာ အလယ်အခြာရဲ့အောက်မှာ ရောက်နေတယ် မဟုတ်လားဗျ ...၊


ပြီးတော့ ... မနန်းစိမ့်ကို ဖမ်းမိပါ့မလားလို့မေးတဲ့သူ ချစ်သွေးပဲဟာလည်း တန်းပေါ်မှာပဲရှိနေတယ်လေ ...၊

တစ်ခါ အခါတိုင်ကိုထုပြမယ်၊ မောင်ရင်မေးတဲ့ အချိန် နဲ့ အမှုကိစ္စဆောင်ရွက်မယ့်အချိန်ဟာ မွန်းလွဲပိုင်းတစ်နာရီခွဲကျော် နဲ့ ၃ ... နာရီကြားကာလ တနင်္ဂနွေအချိန် ဖြစ်နေတယ်ဗျ"

ဤတွင် တနင်္ဂနွေအခါရပုံကို အောက်ဖော်ပြပါအတိုင်း "အန်းသီးလှည်းကြီး တို့များစီး" လင်္ကာကို အသုံးပြုလျက် ရေးဆွဲပြလိုက်ပြီး အခါတိုင်ကိုပါ ထုပြလိုက်လေသည်။










www.burmeseclassic.com

www.burmeseclassi.com



၅

၂ → ချစ်သွေး

၆

---

၁

---

၄

၀ → နန်းစိမ့်

၃

**တနင်္ဂနွေအခါတိုင်**

ဘုန်းကြီးလမ်း လမ်းဆုံတွင် လက်ပြပုလိပ်က ကားတန်းကို လက်ပြတားထားစဉ် ကျွန်ုပ်က တွက်ချက်ထားသည်တို့ကို အိုင်အိုချစ်သွေးအား ပြလိုက်ရလေသည်။





"ကဲ … တွေ့လား ကိုချစ်သွေး၊ တနင်္ဂနွေအခါတိုင် အရ ကြည့်ရင်လည်း မောင်ရင်ရဲ့ ချစ်သွေးဆိုတဲ့ တနင်္လာနံက တန်းပေါ်မှာရှိနေပြီး နန်းစိမ့်ဆိုတဲ့ စနေနံဟာ တန်းအောက်မှာ ရှိနေတယ်"

"အဲဒီလို ဗုဒ္ဓဟူးနေ့တိုင်နဲ့ တနင်္ဂနွေအခါတိုင်တွေအရ မောင်ရင်ဟာ အခု မွန်းလွဲတစ်နာရီခွဲနဲ့ ၃ … နာရီအတွင်းမှာ အမှုကိစ္စကို ဆောင်ရွက်ရင် လုံးဝအောင်မြင်မယ်ဗျာ"

ထိုစဉ် ကျွန်ုပ်တို့ကား၏ဘေးသို့ ထီအရောင်းကားတစ်စီး ထိုးဆိုက်လာသဖြင့် ကားပြတင်းမှနေ၍ လှည့်ကြည့်လိုက်ရာ အောင်ဘာလေထီဆိုင်မှ ကားကြီးဖြစ်ကြောင်း တွေ့ရလေတော့၏။

ဤတွင် ကျွန်ုပ်လည်း လက်ဖျစ်တီးလိုက်ပြီး …

"ဖျောက်"

"အောင်ပြီဗျာ၊ အောင်ပြီ။ အတိတ်နိမိတ်ကောင်းက လည်း အထောက်အပံ့ပြုနေပြီမို့ မောင်ရင်ရဲ့ အကြံအစည် အောင်ကိုအောင်ရမယ်ဗျာ၊ ကောသတစ်ခွန်းတည်းသောစကားကို ကျုပ်ပြောလိုက်မယ်ဗျာ၊ အောင်ကိုအောင်ရမယ်"



www.burmeseclassic.com

www.burmeseclassi.com



အိုင်အိုချစ်သွေးက ပြုံးလိုက်ပြီး ...

"ဟုတ်ပါပြီဗျာ၊ အာစရိယဟောတဲ့အတိုင်းသာ မှန်ပါစေ၊ ဒီည ဟိုက်စွမ်မှာ ညစာတစ်ဝကျွေးပါ့မယ်"

ဟု ဝမ်းသာအားတက်သံဖြင့်ပြောကာ လက်ပြပုလိပ်က လည်း သွားခွင့်ပြုပြီမို့ အော်စတင်ကားလေးကို မောင်းထွက်ခဲ့ ပါတော့၏။

❋

နေ့လယ် ၂ ... နာရီထိုးပြီး၍ ၁၅ ... မိနစ်ခန့်တွင် ခုနစ်လွှာ မျက်နှာရှင် မနန်းစိမ့်မှာ ကာဒီလက်ကားကြီးဖြင့် မဂိုလမ်းရှိ ဒေါက်တာရန်နိုင်စိုး၏ ပြည်မြန်မာဆေးခန်းရှေ့သို့ ရောက်ရှိလာ ပြီးလျှင် ...

ကားပေါ်မှ တည်ငြိမ်သောအသွင်ဖြင့် ဆင်းသက်လာပါ တော့၏။

မနန်းစိမ့်သည် ဘိုကေကို ခပ်တိုတိုညှပ်ကာ အမောက် ကို ကော်စမက်တစ်ခုဖြင့် ထောင်ထားပြီး လည်ပင်း၌ မာဖလာ ပတ်ထားလေသည်။

ခု နစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassi.com



သူမက ကုတ်အင်္ကျီရှည်အညိုရောင်ကို သက္ကလ
ဘောင်းဘီအနက်ရောင်နှင့် တွဲဖက်ဝတ်ထားပြီး အောက်ခံအင်္
မှာလည်း ကော်ဖီရောင်ရှပ်အင်္ကျီ ဖြစ်ပါ၏။

သူမက ပေတင်ရှူးကိုပါ စမတ်ကျကျ စီးထားပြီး ချယ်
သား တုတ်ကောက်ကို ဟန်ပါပါထောက်လျက် ဆေးခန်းထဲ
ဝင်ရောက်လာတော့၏။

သူမက ဆေးခန်းရှေ့မှ ခုံတန်းလျားတွင်ထိုင်နေကြသေ
သူမထက် အလျင်ရောက်နှင့်နေကြသည့် အမျိုးသမီးနှစ်ဦးက
ကြည့်ကာ နှာခေါင်းရှုံ့လိုက်လေ၏။

"ဟွန်း . . . ရုတ်တရက်ကြည့်လိုက်တော့ မိန်းမတွေလို
ထင်တာ၊ လက်စသတ်တော့ အခြောက်ကြီးနှစ်ယောက်ပါလား
ငါကလည်း ဟိုမရောက် ဒီမရောက်တွေဆို မုန်းရတဲ့ကြားထ
ဒါကြီးတွေနဲ့ လာတိုးနေတယ်"

ယောကျ်ားလေးအသွင်အပြည့် ဖမ်းထားသည့် ခုနစ်လွှာ
မျက်နှာရှင်သည် နှာခေါင်းရှုံ့ရင်း ခုံတန်းလျားအစွန်တွင် ခပ်
ဆောင့်ဆောင့် ဝင်ထိုင်လိုက်လေသည်။

ပြီးလျှင် ဂါဝန်အရှည်ကြီးဝတ်ထားသည့် ဖြူဖြူတော





တောင့် မိန်းမလျာအားလှည့်ကြည့်ကာ ခပ်မာမာလေသံဖြင့် မေး
လိုက်လေသည်။

"အထဲမှာ လူနာရှိနေသလားဗျ"

"ဟုတ်တယ်ဗျ ရှိနေတယ်၊ အဲလေ . . . ဟုတ်တယ်ရှင့်
ရှိနေတယ်၊ ဟဲ ဟဲ ဟဲ"

"ဟွန်း"

ခုနစ်လွှာမျက်နှာရှင်က နှုတ်ခမ်းကိုမဲ့လိုက်ပြီး မျက်နှာကို
တစ်ဖက်သို့ လှည့်လိုက်လေသည်။ ပြီးလျှင် သူမဘာသာ ညည်း
သလိုပြောလိုက်လေသည်။

"ဒီနေ့ ငါ့ကို ဒေါက်တာက သီးသန့်ချိန်းထားပြီး
ဘယ်လိုဟာတွေနဲ့ လာတိုးနေသလဲ မသိပါဘူး"

ဤတွင် ခုံတန်းလျား၏တစ်ဖက်စွန်း၌ ထိုင်နေသည့်
ခပ်ဝဝ အသားအမည်းမည်းနှင့် အခြောက်ကြီးက လှမ်းပြောလိုက်
လေသည်။

"မောင်လေးကို ဒေါက်တာက ချိန်းထားလို့လားဟင်၊
ဖြတ်ဖောက်ချုပ်ဖို့လားကွယ်"

"ဘာဗျ"



www.burmeseclassic.com

www.burmeseclassi.com



"အမယ် အမယ် . . . ဒေါ်သမကြီးပါနဲ့ကွယ်၊ မမတို့က ဟိုလေ ယောက်ျားဘဝနဲ့ မိန်းမ မရတော့မယ့်အတူတူ မိန်းမဘဝကို အပြီးတိုင် ကူးပြောင်းဖို့ ဒီက ဒေါက်တာရန်နိုင်စိုးဆီမှာ ဖြတ်ဖောက်ချုပ်လာလုပ်မလို့ကွဲ့၊ ဒီဒေါက်တာက အဲဒီလို ခွဲစိတ်ပြုပြင်တာမျိုးဆို သိပ်ကျွမ်းတာသိလား၊ ဟိုလေ နာမည်ကြီးမြန်မာ့လက်ဝှေ့သမားစောလွင်လို့ခေါ်တဲ့ ကက်ဆက်ကြီး လက်ဝှေ့ပွဲမှာ ဖင်အကန်ခံရပြီး အခြောက်စိတ်ပေါက်သွားတာကို ဒေါက်တာရန်နိုင်စိုးက ဖြတ်ဖောက်ချုပ်လုပ်ပေးလိုက်တာ တကယ့်ကို အပီအပြင်မိန်းမ ဖြစ်သွားပြီး သူ့သူငယ်ချင်း ကိုမျိုးမင်းထွန်းကို အတင်းလိုက်ကြိုက်နေတာ၊ ဟိုက မယူလို့ ဟိုကများ အလံစိမ်းထောင်ပြရင် သူက နောက်ကျွမ်းပစ်ပြီးကို ပြေးယူမှာ သိလား"

"တော်စမ်းပါ၊ ခင်ဗျားတို့ ဘာတွေပြောနေကြတာလဲ၊ တောက် . . . စိတ်ရှုပ်ရတဲ့ကြားထဲ ဘယ်လိုဟာတွေနဲ့ လာကြုံနေသလဲ မသိဘူး"

စိတ်ဆတ်သည့် ခုနစ်လွှာမျက်နှာရှင်က ဒေါသတကြီးဖြင့် အော်လိုက်ရင်း ထိုင်ရာမှ ဆတ်ခနဲထရပ်လိုက်စဉ် အတွင်းခန်းထဲမှ သူနာပြုဆရာမလေး ထွက်လာလေသည်။

ခု နစ် စဉ့် ကြယ် တာ ပေ



"ဩော် . . . လူနာတွေတောင်ရောက်နေပြီပဲ၊ ဒေါက်တာက ခုပဲ ဆေးကုမ္ပဏီက ဝယ်လာတဲ့ ဆေးတွေ ထုတ်ပေးနေတာ သွားယူနေလို့ စတယ်လ်လာမသိလိုက်ဘူး"

ကရင်လူမျိုး ဆရာမလေးက ချိုသာစွာပြုံးရင်း တောင်းပန်သလိုပြောလိုက်ပြီး . . .

"ဒီက မိုက်ကယ်ကိုအောင်လွင်ကို ဆရာက ချိန်းထားတယ် မဟုတ်လား၊ ဝင်သွားလေကွယ်"

ဤတွင် အခြောက်ကြီးနှစ်ယောက်က ထကာ ကန့်ကွက်ကြတော့၏။

"အို . . . ဒီလိုလုပ်လို့ ဘာရမလဲ၊ သူများတို့က အရင်ရောက်နေကြတာလေ၊ ဒီမှာ သူများတို့က ဖြတ်ဖောက်ချုပ်ချင်လှပြီ"

"ဟုတ်တယ် . . . ဟုတ်တယ်၊ ကိုယ်ချင်းမစာမလုပ်နဲ့နော်၊ ကြားမဖြတ်နဲ့၊ ဆရာမကလည်း ကောင်လေးချောချောဆိုပြီး မျက်နှာမလိုက်နဲ့ . . . ဟင်း"

ခုနစ်လွှာမျက်နှာရှင်က စိတ်ပျက်စွာ ခေါင်းယမ်းလိုက်ပြီး ခပ်ပြတ်ပြတ် ပြောလိုက်တော့သည်။

ခု နစ် စဉ့် ကြယ် တာ ပေ

www.burmeseclassic.com

www.burmeseclassi.com



"ဒီမှာ ခင်ဗျားတို့ကိစ္စက ကြာမှာ၊ ဒီမှာလည်း ခွဲစိတ်လို့ ရမှာမဟုတ်ဘူး၊ ဒီနေ့တစ်နေ့တည်းနဲ့လည်း ပြီးမှာမဟုတ်ဘူး၊ ကျုပ်ကိစ္စ အနာဆေးထည့်ယုံလေးပဲ၊ ခဏပဲကြာမှာ၊ ဒီတော့ ကျုပ်ပဲ အလျင်ဝင်မယ်"

ဤတွင် မည်းမည်းဝဝ အခြောက်ကြီးက ခုနစ်လွှာ မျက်နှာရှင်၏အနီးသို့ ချဉ်းကပ်လာပြီး ...

"ဒီကမောင်လေးပြောတာ တရားနည်းလမ်းကျပါတယ် ကွယ်၊ ကဲ ကဲ ... မောင်လေးပဲ အလျဉ်ဝင်၊ မကြာစေနဲ့နော်၊ ဒီက လူချောလေးမို့ ဦးစားပေးလိုက်တာသိလား"

ဟု ချွဲချွဲပျစ်ပျစ်ပြောရင်း ခုနစ်လွှာမျက်နှာရှင်၏ ပါးတစ်ဖက်ကို ဆွဲလိမ်လိုက်ရာ ခုနစ်လွှာမျက်နှာရှင်က ဒေါသတကြီးဖြင့် လက်ကို ပုတ်ထုတ်လိုက်တော့၏။

"သွားစမ်းပါဗျာ၊ ဟိုမရောက် သည်မရောက်နဲ့ လာလုပ် မနေစမ်းပါနဲ့"

"အိုကွယ် ... စိမ်းကားလိုက်တာ မောင်လေးကလဲ၊ ဒါပဲနော် ဖြတ်ဖောက်ချုပ်ပြီးလို့ ဟိုဘက်ရောက်သွားရင် မမ ကလျာ ဖူးစသစ် လာခဲ့မှာနော်၊ အဲဒီတော့မှ မောင်လေးက





ကြင်ကြင်နာနာ ထွေးပွေ့ဖို့ မမေ့နဲ့နော်၊ နော်လို့"

"ထွီ ... ရွံလိုက်တာဗျာ၊ ရုပ်ကြမ်းကြီးတွေနဲ့ လာနွဲ့နေတယ်"

ခုနစ်လွှာမျက်နှာရှင်က ပစ်ပစ်ခါခါ ထောပနာပြုလိုက်ပြီး ခြေဆောင့်လျက် အတွင်းခန်းထဲသို့ဝင်သွားလေလျှင် သူနာပြုဆရာမလေးမှာ ပြုံးစိစိဖြင့် ငေးကြည့်ကျန်ခဲ့တော့၏။

ခဏအကြာတွင် ဒေါက်တာရန်နိုင်စိုးသည် ခုနစ်လွှာမျက်နှာရှင်၏ ခွဲစိတ်ထားသည့်နေရာကို ဆေး သေချာစွာထည့်ပေးပြီး အပေါ်မှ ပလာစတာကပ်ပေးလိုက်လေသည်။

"နောက်နှစ်ရက်နေမှ ပလာစတာကို ခွာနော်၊ ဒီဆေးက အနာကျက်တာရော အသားနုတက်တာရော သိပ်မြန်တာ၊ ရေတော့မထိစေနဲ့ ဟုတ်လား"

"ဟုတ်ကဲ့"

"သောက်ဆေးရေးပေးလိုက်မယ်၊ အပြင်ဘက်က ဆရာမဆီမှာ ဆေးယူသွားနော်"

"ဟုတ်ကဲ့"

ယင်းသို့ဖြင့် ဒေါက်တာရန်နိုင်စိုးက စာရွက်ပိုင်းဖြူဖြူ



www.burmeseclassic.com

www.burmeseclassi.com



လေးတစ်ခုတွင် ဆေးအမည်တို့ကို ရေးပေးနေစဉ် ဆေးခန်းထဲသို့ အပြင်ဘက်မှ နှစ်ယောက်က ဂါဝန်ကြီးများ တကားကားဖြင့် ဝင်လာကြတော့၏။

"ဒီမှာ ဒီမှာ ဒေါက်တာ . . . သူများတို့က အလျင်ရောက်နှင့်ပြီး သူ့ကိုအကြာကြီးဆေးကုပေးနေတယ်၊ ချိန်းထားသူချင်းအတူတူ ဘက်လိုက်တာ မကျေနပ်ဘူးနော်"

ဒေါက်တာရန်နိုင်စိုးမှာ အခြောက်ကြီးနှစ်ယောက်ကို ကြည့်ရင်း မျက်လုံးပြူးသွားတော့၏။

"ဟာ . . . ခင်ဗျားတို့ဘယ်သူတွေလဲ၊ ခင်ဗျားတို့ကိုလည်း ကျွန်တော် မချိန်းထားပါဘူး"

"အို . . . ဘာမချိန်းရမှာလဲ၊ ဒီနေ့ ဖြတ်ဖောက်ချုပ်ပေးမယ်ဆိုပြီး ချိန်းထားပြီးတော့"

မည်းမည်းဝဝ အခြောက်ကြီးက အက်ကွဲကွဲအသံကြီးကို နှဲ့လျက်ပြောကာ ဆရာဝန်နှင့် အတင်းငြင်းခုန်နေရာ ဆရာဝန်ရှေ့မှ ကုလားထိုင်တွင်ထိုင်နေသည့် ခုနစ်လွှာမျက်နှာရှင်၏အာရုံမှာ သူတို့နှစ်ယောက်ဆီသို့ လုံးဝရောက်သွားပါတော့၏။

"အို . . . ဒေါက်တာက ခုမှ မုန်လာဥလုပ်မနေပါနဲ့"





"ဘာ မုန်လာဥမှမလုပ်ဘူး၊ ခရမ်းသီးလည်း မလုပ်ဘူး၊ ဘူးသီးလည်း မလုပ်ဘူး၊ ဘာဖြတ်ဖောက်ချုပ်မှုလည်း မလုပ်ဘူး၊ အဲဒီလို သဘာဝနဲ့ ဆန့်ကျင်တာတွေကို ရွံလွန်းလို့"

"ဟွန်း . . . သူ့ကိုကျ မရွံဘူးလားလို့"

မည်းမည်းဝဝ အခြောက်ကြီးက ခုနစ်လွှာမျက်နှာရှင်အား လက်ညှိုးထိုးပြီးပြောလိုက်ရာ ဒေါက်တာရန်နိုင်စိုးမှာ မျက်လုံးပြူးသွားတော့၏။

"အာ . . . သူ့ကို ဘာဖြစ်လို့ ရွံရမှာလဲဗျ"

"သူလည်း သဘာဝနဲ့ဆန့်ကျင်နေတာပဲလေ၊ မိန်းမကနေ ယောကျ်ားဟန်ဆောင်ထားတာ"

"ဘာဗျ"

ခုနစ်လွှာမျက်နှာရှင်က ထိတ်လန့်တကြား၊ ဒေါသကြီးစွာဖြင့် အော်ရင်း ထိုင်ရာမှ ဆတ်ခနဲ ထလိုက်စဉ်မှာပင် ချောက်ခနဲအသံနှင့်အတူ သူမ၏လက်ကောက်ဝတ်တစ်ဖက်နှင့် ကုလားထိုင် လက်ရန်းတို့ကို တွဲလျက် လက်ထိတ်ခတ်ပြီးဖြစ်သွားပါတော့၏။

"ချောက်"



www.burmeseclassic.com

www.burmeseclassi.com



"အို"

"ဟာ"

ဒေါက်တာရန်နိုင်စိုးပါ အံ့သြထိတ်လန့်သွားတော့သည်။

ထိုအခါမှ အခြောက်အသွင် ရုပ်ဖျက်ထားကြသူနှစ်ဦးက ဆံပင်အတုတို့ကို ချွတ်လိုက်ကြပြီး အနီးရှိ ဘေစင်တွင် ကပျာကသီ မျက်နှာသစ်လိုက်ကြတော့၏။

"ဟာ ... ကို ကိုချစ်သွေး"

"အို ... အိုင်အိုချစ်သွေးပါလား"

"ဟား ဟား ဟား ... ဟုတ်ပါတယ် မနန်းစိမ့်၊ ခင်ဗျားဟာ ခုနစ်လွှာမျက်နှာရှင်ပီပီ ရုပ်အမျိုးမျိုးပြောင်း၊ ရုပ်အမျိုးမျိုး ဖျက်ပြီး ကျုပ်တို့ကို ဒုက္ခပေးပေါင်းများပြီ၊ ဒီတစ်ခါတော့ မြွေပါး ပုလင်းထိပြီပေါ့ ... ဟုတ်လား၊ ဟား ဟား ဟား"

"တောက်"

"အို အို ... မရုန်းနဲ့လေ၊ ဒီသံလက်ထိတ်က သိပ်ခိုင်သလို ဒီကျွန်းထိုင်ခုံကြီးကလည်း အင်မတန်လေးတယ်ကွဲ့ ... ဟဲ ဟဲ"





"ကဲ အာစရိ ... ဟောဒီကိုရန်နိုင်စိုးရဲ့ဖုန်းနဲ့ပဲ ပန်းဘဲတန်းဌာနာကို ဖုန်းဆက်လိုက်ပေတော့ဗျာ"

အိုင်အိုချစ်သွေး၏စကားအဆုံးတွင် ခုနစ်လွှာမျက်နှာရှင် မနန်းစိမ့်မှာ ခေါင်းငိုက်စိုက်ကျသွားပါတော့၏။

"စိတ်မကောင်းပါဘူး မနန်းစိမ့်၊ မင်းလို မိန်းမချော မိန်းမလှလေးတစ်ဦးကို ခုလိုဖမ်းဆီးပြီး နရသိန်အကျဉ်းထောင်ထဲ ကိုယ်မပို့ရက်ပါဘူး၊ ဒါပေမဲ့ ... ကိုယ်ဟာ ဥပဒေရဲ့ ဘက်တော်သားမို့လို့ ဥပဒေကို အကြိမ်ကြိမ်ဖောက်ဖျက်ခဲ့တဲ့ မင်းကို အရေးမယူချင်ဘဲ ယူခဲ့ရတာပါ၊ ကိုယ့်ကိုနားလည်ပါ"

မနန်းစိမ့်သည် အတန်ကြာ ခေါင်းငုံ့နေပြီးမှ ဦးခေါင်းကို တဖြည်းဖြည်းမော့လာ၏။

အမြဲလိုလို ဖျတ်ဖျတ်လက် တောက်ပနေခဲ့သည့် သူမ၏ မျက်ဝန်းတို့တွင် မျက်ရည်ကြည်တို့ စိုစွတ်လျက်ရှိချေပြီ။

သူမက သက်ပြင်းရှိုက်လိုက်ပြီးမှ အိုင်အိုချစ်သွေး၏ မျက်နှာကို စေ့စေ့ကြည့်ကာ တည်ငြိမ်စွာ ပြောလိုက်လေသည်။

"ရပါတယ် ကိုချစ်သွေး၊ ဒုစရိုက်ဂိုဏ်းခေါင်းဆောင်ကြီး ရဲ့ ရင်သွေးဖြစ်ခဲ့ရပြီး ဒုစရိုက်လောကထဲမှာပဲ ကြီးပြင်းခဲ့ရလို့



www.burmeseclassic.com

www.burmeseclassi.com



နန်းဟာ ဒုစရိုက်မယ်ဖြစ်ခဲ့ရပါတယ် ...။

နန်း ဘယ်သူ့ကိုမှ အပြစ်မတင်ချင်သလို ဘယ်သူ့ကိုမှလည်း ယိုးမယ်မဖွဲ့လိုပါဘူး၊ ကံကြမ္မာရဲ့စီမံရာအတိုင်း ဖြစ်ရတယ်လို့ပဲ ခံယူပါတယ်ရှင် ...။

နန်းဟာ ခုနစ်လွှာမျက်နှာရှင်ဘဝနဲ့ ဥပဒေကို ဘယ်လိုပဲ လက်တစ်လုံးခြား လှည့်ဖြားရှန်းထွက်နိုင်ခဲ့ပေမယ့် ကိုချစ်သွေးလို ထက်မြက်ထူးချွန်လှတဲ့ ဥပဒေဘက်တော်သားနဲ့ တွေ့တော့ နောက်ဆုံးမှာ ဒူးထောက်အရှုံးပေးခဲ့ရတာပါပဲ ...။

ဘာပဲဖြစ်ဖြစ် ဥပဒေရဲ့စီမံရာကို နန်း ကျေကျေနပ်နပ်ကြီး ခံယူမှာပါ၊ မကျော့သွယ်အစစ် လင်သေပြီး မုဆိုးမဘဝနဲ့ ယောင်ချာချာဖြစ်နေချိန်မှာ သူ့ရပ်ရွာ ကဘားရွာဆီပြန်ဖို့ စဉ့်အိုးတန်းသဘော်ာဆိပ်ကိုအလာ နန်းရဲ့ကားနဲ့ ပွတ်တိုက်မိပြီး သူ လမ်းပေါ် လဲကျသွားခဲ့ရှာပါတယ် ...။

ဒါနဲ့ သူ့ကို အိမ်ခေါ်လာပြီး ဒဏ်ရာတွေ ကုသပေးရင်း သူပြောပြမှ သူ့ရဲ့ဘဝဇာတ်ကြောင်းကို သိခဲ့ရပါတယ်၊ အဲဒီတင် နန်းဟာ သူ့ရဲ့ကိုယ်စား အစားဝင်ပြီး သူရမယ့်အမွေတွေကို အပိုင်စီးနိုင်မယ့်ခွင်ကို တွေ့သွားခဲ့တယ် ...။





အဲဒီအချိန်မှာ ဖေဖေကလည်း တစ်ကျွန်းမှာ တောတွင်းအဖျားကြောင့် ကွယ်လွန်ခဲ့ရသလို နန်းရဲ့အနားမှာရှိတဲ့ ဖေဖေရဲ့တပည့်ဟောင်းတွေဟာ သေသူသေ၊ အဖမ်းခံရသူခံရနဲ့ အုပ်စုတွေကွဲပြီး ဖရိုဖရဲဖြစ်နေခဲ့ရတယ် ...။

အဲဒီလိုအချိန်မှာမှ ခွင်ကောင်းတွေ့ခဲ့ရတာဆိုတော့ အဲဒီအခွင့်အရေးကို လက်လွှတ်မခံနိုင်ဘဲ အရအမိဆုပ်ကိုင်ဖို့ ဆုံးဖြတ်ခဲ့တယ် ...။

အဲဒီမှာတင် မကျော့သွယ်ဆီက သိလိုရာတွေ အသေးစိတ်မေးပြီး သူ့ကို အစာထဲ အဆိပ်ကျွေးသတ်လိုက်ပါတယ်၊

သူ့ရဲ့အလောင်းကိုတော့ နန်းငှားနေတဲ့ ဘောက်ထော်က ခြံနောက်ပိုင်းမှာ မြေမြှုပ်ဖျောက်ဖျက်ခဲ့ပါတယ် ...။

ပြီးတော့ မကျော့သွယ်ရဲ့အသွင်ယူပြီး ကဘားရွာဆီသွားခဲ့တယ်၊ ပထမကတော့ ကဘားရွာကလူတွေက နန်းကို မကျော့သွယ်မှ ဟုတ်ရဲ့လားလို့ သံသယဝင်ကြသေးတယ် ...။

နန်းက မကျော့သွယ်ငယ်ငယ်တုန်းက ကဘားရွာမှာ ကြုံခဲ့ရတာတွေ၊ ကြုံခဲ့ရတဲ့လူတွေအကြောင်းပြောပြနိုင်ခဲ့တော့ ရွာသူရွာသားတွေဟာ နန်းကို မကျော့သွယ်အစစ်လို့ ယုံကြည်



www.burmeseclassic.com

www.burmeseclassi.com



သွားကြတယ် ...။

ဒီလိုနဲ့ နန်းဟာ မကျော့သွယ်ရဲ့အမွေတွေကို လက်ခံရယူနိုင်ခဲ့ပေမယ့် လက်ခံရရှိလိုက်တဲ့ အမွေအနှစ်က ငွေသားနည်းနည်းနဲ့ မိသားစုမျိုးရိုးစဉ်ဆက်ပိုင် ရတနာထည်အချို့လောက်ပဲဖြစ်ပြီး တကယ်တန်ဖိုးရှိတဲ့ အမွေအနှစ်တွေကတော့ မရွှေ့ပြောင်းနိုင်တဲ့ လယ်ကေ ခုနစ်ဆယ်ကျော်နဲ့ စက်လှေလေးစင်းပါပဲ ...။

ခက်တာက အမွေတွေ လက်ခံရယူပြီးတာနဲ့ အဲဒီ စက်လှေတွေနဲ့ လယ်တွေကို အောက်ဈေးနဲ့အတင်းတွန်းထိုးရောင်းပြန်ရင်လည်း ရွာကလူတွေ မသက်ာဖြစ်မှာ ပူရသေးတယ်လေ ...။

ဒါကြောင့် စက်လှေတစ်စင်းပြီးမှ တစ်စင်း ဖြည်းဖြည်းချင်း ရောင်းရပြီး လယ်ကိုလည်း တစ်ကွက်ချင်း ဖွဲ့ရောင်းနေရတယ် ...။

အဲဒီလိုနဲ့ ကဘားရွာမှာ မကျော့သွယ်ရဲ့နေရာဝင်ယူပြီး မင်သေသေနဲ့ နေနေတုန်း ရန်ကုန်မှာတုန်းက မကျော့သွယ်တို့လင်မယား အိမ်ငှားနေတဲ့ အိမ်ရှင်ဦးမြသိန်းဆိုတဲ့လူဟာ





ကဘားရွာဆီ ခရီးကြုံလို့ဆိုပြီး မမျှော်လင့်ဘဲ ရောက်လာတယ်၊

တော်သေးတယ်၊ အဲဒီတုန်းက အိမ်မှာ အိမ်အဖော် အိမ်အကူအဖြစ်ခေါ်ထားတဲ့ မဖော့ကို ရွာထဲဈေးသွားဝယ်ခိုင်းထားတုန်းမို့ပေါ့ ...။

ဦးမြသိန်းက အိမ်ပေါ်ရောက်ရောက်ချင်း မကျော့သွယ်ဘယ်မှာလဲလို့ အတင်းမေးတော့တာပဲ၊ အဲဒီမှာ နန်းက မကျော့သွယ်ရဲ့သူငယ်ချင်းပါ၊ မကျော့သွယ် အိမ်နောက်ဖေးအခန်းမှာ ရေကျောက်ပေါက်လို့ အခန်းအောင်းနေရရှာတယ်လို့ ပြောပြီး အဲဒီ ဦးမြသိန်းကို အိမ်အောက်ထပ်နောက်ပိုင်းက စတိုခန်းထဲခေါ်သွားလိုက်တယ် ...။

သူ့ကို မည်းမှောင်နေတဲ့ စတိုခန်းထဲ ရှေ့က ဝင်စေပြီး သူ့ရဲ့နောက်စေ့ကို ရဲတင်းနဲ့တစ်ချက်တည်း ခုတ်ချလိုက်တယ် ...။

ပြီးတော့မှ သူ့ရဲ့အလောင်းကို စတိုခန်းအောက်မှာ ဖောက်ထားတဲ့ မြေအောက်ခန်းထဲ ပစ်ချပြီး ဖျောက်ဖျက်လိုက်ရတယ်၊ အဲဒီနောက် စတိုခန်းကိုသော့ခတ်ပြီး အပြီးအပိုင်ပိတ်လိုက်တာပါပဲ ...။



www.burmeseclassic.com

www.burmeseclassi.com



အဲဒီနောက် ကိုချစ်သွေးဟာ နန်းရဲ့နောက်ကို ခြေရာခံပြီး လိုက်လာပြီဖြစ်ကြောင်း သိလိုက်တာနဲ့ ရသမျှ ရတနာထည်တွေနဲ့ ငွေစက္ကူတွေရယူပြီး ကဘားရွာကနေ ထွက်ပြေးခဲ့ရတာပါပဲ ...၊

ငွေစက္ကူတွေကတော့ ရေစိုလွင့်ပျောက်ကုန်တယ်၊ အဲဒီနောက် လက်ထဲမှာ ကျန်တဲ့ရတနာထည်တွေနဲ့ သဘော်ပေါ်က ကုလားဘာဘူကြီး (ကျော်ကျော်) ဆီက လုယက်ရလာတဲ့ ရတနာထည်တွေကို ပေါင်းပြီး မြေမြှုပ်ဝှက်ထားကာမှ ကိုချစ်သွေးက တူးဖော်ယူသွားခဲ့တယ်လေ ...၊

တကယ်တမ်း ဘယ်လိုပဲ ရုပ်ပြောင်းရုပ်လွှဲလုပ်လုပ် ရုပ်ဖျက်ဖျက် ဟောဒီ ဘယ်ဘက်ပါးရိုးအောက်က မှဲ့နီလေးကြောင့် ကိုချစ်သွေးလို ပါးနပ်သူတွေဟာ ရုပ်မိနိုင်မှန်းသိပြီး ဒီရန်ကုန်ရောက်တာနဲ့ နန်းကို သိပ်မသိနိုင်သေးတဲ့ ခွဲစိတ်ကုဆရာဝန်တစ်ဦးဆီမှာ မှဲ့နီလေးကို ခွဲစိတ်ဖယ်ထုတ်ဖို့ ကြိုးစားခဲ့ရတာပါပဲ ...၊

အဲဒီလိုနဲ့ ဒီက ဒေါက်တာရန်နိုင်စိုးကို ရွေးချယ်ပြီး ခုလို လာခွဲစိတ်ကာမှ ဖမ်းဆီးခံရတာပါပဲရှင်''

ခု နစ် စဉ် ကြယ် စာ ပေ



ဤတွင် တစ်ချိန်လုံး ငြိမ်သက်စွာနားထောင်နေသည့် ကျွန်ုပ်က မှတ်ချက်စကား ဝင်ရောက်ပြောလိုက်မိတော့၏။

''ကံကြမ္မာစေစားတဲ့အတိုင်းလို့ မနန်းပြောခဲ့သလိုပါပဲ၊ မနန်းက အိုင်အိုချစ်သွေးရဲ့သူငယ်ချင်း ဒေါက်တာရန်နိုင်စိုးကိုမှ ရွေးချယ်ခဲ့မိတာကိုး''

''ဟုတ် ... ဟုတ်ပါတယ်ရှင်၊ ဖြစ်ချိန်တန်ရင် ဖြစ်ပြီး ပျက်ချိန်တန်ရင် ပျက်တတ်တဲ့ လောကကြမ္မာရဲ့ သဘောအတိုင်းပါပဲလေ''

ထိုစဉ် ပန်းဘဲတန်းဌာနာအုပ်ဦးတင့်ဆွေနှင့် ဆားပုလင်းများ ရောက်ရှိလာကြပါတော့၏။

အိုင်အိုချစ်သွေးက တရားခံဖြစ်သော ခုနစ်လွှာမျက်နှာရှင် မနန်းစိမ့်ကို ပန်းဘဲတန်းဌာနာအုပ်၏လက်ထဲသို့ လွှဲပြောင်းပေးလိုက်ပါတော့၏။

ဌာနာအုပ်ဦးတင့်ဆွေတို့အဖွဲ့က မနန်းစိမ့်အား ဂျစ်ကားပေါ်တက်စေပြီး ကားထွက်ခါနီးတွင် အိုင်အိုချစ်သွေးသည် ကားနားသို့ ချဉ်းကပ်သွားကာ မနန်းစိမ့်၏မျက်နှာချောချောလေးကို နှမြောတသစွာ ငေးကြည့်ရင်း ကရုဏာစကားဆိုလိုက်ပါ၏။

ခု နစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassi.com



"နန်း . . . နန်းအမှုကနေ သက်သာစေဖို့ ကိုယ်အတတ်နိုင်ဆုံး ကူညီပါ့မယ်နော်"

ဤတွင် မနန်းစိမ့်က အိုင်အိုချစ်သွေးကို ပြုံးကြည့်ကာခေါင်းညိတ်လိုက်ပြီး ထူးခြားသောမေးခွန်းကို မေးလိုက်ပါတော့၏။

"နန်းကို တကယ်ကူညီချင်သလား ကိုချစ်သွေး"

"ဟာ . . . တကယ်ကူညီချင်ပါတယ် နန်းရယ်၊ တကယ်ပါ"

"ဟုတ်ပြီ . . . ကိုချစ်သွေး တကယ်ပဲ နန်းကိုကူညီချင်တယ်ဆိုရင် နောက်တစ်ခါ နန်းလှုပ်ရှားတဲ့အခါ လက်ရှောင်နေလိုက်လေ"

မနန်းစိမ့် (ခေါ်) ခုနစ်လွှာမျက်နှာရှင်၏ ထူးခြားလှသောစကားကြောင့် အိုင်အိုချစ်သွေးမှာ အံ့အားတသင့်ဖြစ်သွားရတော့၏။

"ဘာ . . . နန်း ဘာပြောလိုက်တယ်၊ နန်း ထပ်လှုပ်ရှားတဲ့အခါ ဟုတ်လား။ နန်းက အခု အဖမ်းခံသွားရပြီလေ၊ ဘယ်လိုလှုပ်ရှားမှာလဲ"





"ဟဲဟဲ . . . ဒါက နန်းရဲ့အပိုင်းပါ၊ နန်းရဲ့နာမည်ကိုသိတယ်မဟုတ်လား။ ခုနစ်လွှာမျက်နှာရှင်ဆိုတာကိုလေ၊ ဟဲဟဲ ဟဲ"

မနန်းစိမ့် တဟဲဟဲရယ်သွမ်းသွေးနေစဉ်မှာပင် ဂျစ်ကားလေးက မောင်းထွက်သွားပါတော့၏။

ဇဝေဇဝါဖြစ်ကျန်ရစ်ခဲ့သည့် အိုင်အိုချစ်သွေးက ကျွန်ုပ်ဘက်သို့ လှည့်ကြည့်ကာ . . .

"အာ . . . အာစရိ . . . အဲ . . . အဲဒါ . . . ဘာသဘောလဲဗျ၊ လွန်ခဲ့တဲ့ တစ်နှစ်လောက်က မှန်ကြောင်ချစ်ညွန့်ကို သတ်ခဲ့တဲ့အမှုရော၊ ဦးမြသိန်းကို သတ်မှုနဲ့ပါ စက်တိုင်တက်ရမယ့်သူက နောက်ထပ် လှုပ်ရှားဦးမယ်တဲ့၊ ဘာသဘောလဲ အာစရိရဲ့"

ဟု မေးလိုက်ရာ ကျွန်ုပ်လည်း ပြုံးလျက် ပခုံးနှစ်ဖက်ကိုသာ တွန့်ပြလိုက်ရပါတော့သတည်း။



www.burmeseclassic.com

www.burmeseclassi.com

# စိတြအဂ္ဂ

## ၏ ရေးသားထုတ်ဝေပြီးသောလုံးချင်းဝတ္ထုများ


၁။ ဂငယ်သုံးလုံးမောင်သံပုံး
၂။ မိကျောင်းစေတမန်
၃။ ခုဒ္ဒနဒီကျိန်စာ
၄။ စွယ်နက်ရှင်
၅။ ဗီးနပ်(စ်)ပုလဲ
၆။ ပင်လယ်မြွေဟောက်
၇။ အင်ဘီလူး
၈။ သဝင်မြှင်မောင်နမ
၉။ အရိုင်းမေတ္တာ
၁၀။ နံ့သာအိမ်ကြီး ရှေ့ကဆီး
၁၁။ ငှက်ကဠုန်မြွေနဂါး
၁၂။ သမုဒယကောရီ
၁၃။ ကျောက်စိမ်းယက္ခ
၁၄။ လေးပွင့်သစ္စာ
၁၅။ ကိုးမြို့ ကိုးတံခါး ကိုးဖလား
၁၆။ ဘီလူးတောင်ကျိန်စာ
၁၇။ သွေးနှင်းဆီ
၁၈။ ရေသူမလေး မဠုရီ


## မှတ်ချက်

ချစ်ပရိသတ်ကြီးခင်ဗျား "ခုနစ်လွှာမျက်နှာရှင်" ၏ စွမ်းရည်ထက်မြက်လှသော သည်းထိတ်ရင်ဖို လှုပ်ရှားမှုများကို ဆက်လက်တင်ဆက်မည့် "မြေတွင်လျှိုး၍ မိုးပျံ" လုံးချင်းဝတ္ထုကြီးတွင် ဆက်လက်ဖတ်ရှုနိုင်ပါသည်။

ဆက်လက်ကြိုးစားပါဦးမည်။

စိတြအဂ္ဂ

ခု နစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassi.com


၁၉။ မဟာရွှေတံခါး ရှမ်ဘဲလား

၂၀။ မဟာမြိုင်ဂူမှတ်တမ်း

၂၁။ ဂန္ထီရကျောင်းနက်ကြီး

၂၂။ ဘာမထီသစ္စာ

၂၃။ ပဝါနီနီ

၂၄။ ဝက်ဆွံနလုံးသား

၂၅။ ခုနစ်စဉ်ကြယ်ပြောင်းအမြီးတောင်

၂၆။ မောဟာဒေဝီ

၂၇။ ဒေါင်းဘာယက်ခွက်နှင့်သွေးကျိန်စာ

၂၈။ အနတ္တအကျဉ်းသား

၂၉။ မရဏတြိဂူ

၃၀။ တောင်သုံးလုံးရာဇာ

၃၁။ ကြောင်တစ်ရာမိုးမှောင်

၃၂။ မရဏလက်

၃၃။ ကညင်သုံးပေါက် ဖိုခုံလောက်

၃၄။ မောင်းမမိသံဓာ်ကျိန်စာ

၃၅။ ဟဲဘုံးဝံပုလွေတစ္ဆေ

၃၆။ ဘသုံးလုံး

၃၇။ ရူပသေန

၃၈။ မာယာအသချေ့

၃၉။ ဂငယ်သုံးလုံးမောင်သံပုံး(နု-ကြိမ်)

၄၀။ အနှိုင်းမဲ့ဝက်ပါ

၄၁။ မရဏစံအိမ်

၄၂။ မရဏစကြာနီ

၄၃။ သိဂီရဒေဝီ

၄၄။ ပန်းမြတ်ကာဝေ

၄၅။ လှူရိုးစဉ်တောင်တန်းမှရက္ခဒေဝီ

၄၆။ ဗိညာဉ်မဲ့စံအိမ်ရှင်

၄၇။ အနန်းသီးလှည်းကြီး တို့များစီး

၄၈။ အောင်ဆုလည်ပွားဂြိုဟ်ယောက်ျား

၄၉။ ကျိုးမည်းကျိုးဖြူတစ်ကောင်ယူ

၅၀။ သစ်ဘီလူး

၅၁။ ကြယ်နက်သမီးတော်

၅၂။ သွေးစားကောရီ

၅၃။ ပျောက်စေဆရာကိုဘာသာ

၅၄။ အိုင်အိုချစ်သွေးနှင့်အဝတီမောဟာရာဇာ

၅၅။ နတ်မိကျောင်းသိုက်

၅၆။ ဒေါက်တာရန်နိုင်စိုးနှင့်ကြယ်နီသခင်မ

၅၇။ ချိုသွားထိန်းရ ဂြိုဟ်မိန်းမ

၅၈။ ဂမုန်းဘီလူး


www.burmeseclassic.com

www.burmeseclassi.com

၅၉။ လှုဝင်စားသူရဲကောင်း
၆၀။ မရဏစားနက်
၆၁။ နဂါးမျက်စောင်း
၆၂။ လောကဝန်ထမ်းမောင်လခြမ်း
၆၃။ သွေးနီတောင်သစ္စာ
၆၄။ အာဋ္ဌာဝကမော်နှင့်တစ္ဆေဦးထုပ်သျှင်
၆၅။ မရဏအကျဉ်းစံ
၆၆။ ပဥ္စလက်ဒေဝီ
၆၇။ သိုက်နန်းရှင်မြကေသီ
၆၈။ သမုဒယစံအိမ်
၆၉။ ဖုတ်သိုက်
၇၀။ မောဟလွှင်ပြင်
၇၁။ လေးပွင့်ဖူးစာ

---

ယခုလ - ခုနစ်လွှာမျက်နှာရှင်

---

BURMESE CLASSIC .com

## ဤစာအုပ်တွင်ပါဝင်သော
## သူရ(၁၂)ဖောင်ကြီးကျောင်းဆင်း သူငယ်ချင်းများ

၁။ ရဲမှူးကြီး အုန်းခိုင်
၂။ ဒုရဲမှူးကြီး ဖေအောင် (ငြိမ်း)
၃။ ဒုရဲမှူးကြီး အောင်သန်းဦး (ငြိမ်း)
၄။ ဒုရဲမှူးကြီး ဝင်းသန်း (ငြိမ်း)
၅။ စစစ ဒုညွှန်မှူး သိန်းဟန် (ငြိမ်း)
၆။ ကက်ဆက်ကြီး(ခ)စောလွှင် ကသ ၂၄
၇။ ဒုတ်(ခ)သောင်းမြင့် ကသ ၂၈
၈။ ဟန်တိုး ကသ ၃၁
၉။ ပုပ္ပါး(ခ)တင်ဦး ကသ ၅၅
၁၀။ ရေဆင်(ခ)မြဝင်း ကသ ၅၉
၁၁။ တာတီး(ခ)စိုးဝင်း ကသ ၇၇
၁၂။ ညွန့်ဆွေ ကသ ၈၉
၁၃။ တောကျီးကန်း(ခ)လှမျိုးမြင့် ကသ ၉၁
၁၄။ ခြေမကြီး(ခ)မျိုးတင့် ကသ ၁၀၂
၁၅။ ကုလား(ခ)ကျော်ကျော် ကသ ၁၀၃
၁၆။ ကမန်းကတန်း(ခ)ကြင်စိန် ကသ ၁၀၅
၁၇။ ကိဝိ(ခ)ဇော်ဝင်းထင် ကသ ၁၂၀
၁၈။ သူကြီး(ခ)အောင်သိန်း ကသ ၁၃၃
၁၉။ ဖင်မဲ(ခ)ထွန်းသိန်း ကသ ၁၄[illegible]
၂၀။ ကံဦး ကသ ၁၅၀

www.burmeseclassic.com

www.burmeseclassi.com




# ဝိတြဒဂ္ဂ

ခုနစ်လွှာမျက်နှာရှင်

www.burmeseclassic.com